# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နယုန်လဆန်း (၁၁)ရက် ၊ သောကြာနေ့ ၊ (6-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၃၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၅**

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းသစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆုရရှိကြသူများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး၏ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်လာကြစေရန်အတွက် ၁၉၇၂ ခုနှစ်တွင် ကျင်းပခဲ့သည့်

**စာမျက်နှာ ၁၆ ကော်လံ ၁**


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့ငကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော
ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀




စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ
စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၆ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ကာကွယ်ရေး နိုင်ငံသားတိုင်းပါဝင်ပေး

နိုင်ငံသားတိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ရှိပါသည်။ လက်ရှိတွင်ဖြစ်ပေါ်နေသော မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ ပြောင်းလဲလာသော ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများ၊ နိုင်ငံတွင်း အကြမ်းဖက်မှုများ၏ လှုပ်ရှားမှုများနှင့်လုံခြုံရေးဆိုင်ရာ အခြေအနေများကြောင့် နိုင်ငံတော်ကြီး ပြိုကွဲထိခိုက်မသွားစေရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ မနှောင့်နှေးစေရေး၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားများ ထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် ကာကွယ်ရေးအင်အား ခိုင်မာတောင့်တင်းနေရန်မှာ ပဓာနကျလာသည်။ ထို့ကြောင့် ကာကွယ်ရေးအင်အား ခိုင်မာတောင့်တင်းရေးအတွက် အရွယ်ရောက်သူ နိုင်ငံသားတိုင်းက နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် တက်ကြွစွာ ထမ်းဆောင်ကြရမည်ဖြစ်ပေသည်။

အဆိုပါ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို နိုင်ငံသားတိုင်းကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ် (၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ယင်းဥပဒေကို အသက်ဝင်စေခဲ့သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်လာခဲ့ခြင်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေရှည်တစိုက်မတ်မတ် လုပ်ရမည့် အထူးကောင်းမွန်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်လာခြင်းကြောင့် အရွယ်ရောက်သူ နိုင်ငံသားတိုင်းကလည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် တက်ကြွစွာပါဝင်ထမ်းဆောင်ကြရမည်ဖြစ်ပေသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ၏ နိဒါန်းပိုင်းတွင် "နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေး အတွက် စစ်မှုထမ်းဆောင်နိုင်ရန် ဥပဒေ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း" ဖော်ပြပါရှိသည်။

ယခုအခါ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် သင်တန်းတက်ရောက်ရန် အရည်အချင်းကိုက်ညီကြသူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၂) ထိ တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ သင်တန်းဖွင့်လှစ်လျက် စစ်ပညာများ ကို စိတ်အားထက်သန်စွာဖြင့် သင်ယူလျက်ရှိသည်မှာ ဂုဏ်ယူအားတက်ဖွယ်ရာဖြစ်သကဲ့သို့ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအနေဖြင့်လည်း တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသို့သွားရောက်ကာ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်ပေသည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဖြစ်ရာ မိမိနိုင်ငံ၏ကာကွယ်ရေးအင်အားနှင့် လုံခြုံရေးဆိုင်ရာအသိ စွမ်းရည်များကို ပြသနိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းခြင်းကို ဂုဏ်ယူဝမ်းမြောက်စွာ ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းသည် နိုင်ငံတော်လုံခြုံရေးနှင့်နိုင်ငံသားအားလုံးအတွက်ပင်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် စစ်ပညာရပ်များ၊ ကာကွယ်ရေးပညာရပ်များ သင်ကြားခြင်းဖြင့် လူငယ်များသည် မိမိကိုယ်ကိုယုံကြည်မှု၊ မိမိအဖွဲ့အစည်းအပေါ် ယုံကြည်မှု၊ မိမိနိုင်ငံအပေါ် ယုံကြည်မှုများ တိုးမြင့်လာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းအား တောင့်တင်းစေရန်အတွက် နိုင်ငံသားတိုင်း ပြည်သူ့စစ်မှုထမ်းခြင်းကို တက်ကြွစွာ ပါဝင်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရားကြီးနှင့် ဝင်းအတွင်းရှိ သာသနိကအဆောက်အအုံများကို ရှေးမူမပျက်ပြန်လည်ပြုပြင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး ဇွန် ၅**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးနှင့် ဘုရားကြီးဝင်းအတွင်းရှိ သာသနိက အဆောက်အအုံများကို ရှေးမူမပျက် ပိုမိုခိုင်ခံ့အောင် ပြန်လည်ပြုပြင်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၄ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌနှင့် အင်ဂျင်နီယာပညာရှင်များ၊ ဘူမိဗေဒပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးငလျင်ကြီးကြောင့် မဟာမုနိဘုရားကြီးနှင့် ဘုရားကြီးဝင်းအတွင်းရှိ သာသနိက အဆောက်အအုံများကို ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေးမူမပျက် ပိုမိုခိုင်ခံ့အောင် သက်ဆိုင်ရာပညာရှင်များအချင်းချင်း ပေါင်းစပ်ညှိနှိုင်း၍ SOP အတိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သာသနိကအဆောက်အအုံများ၏ အပျက်အစီးများကို စနစ်တကျ ဖယ်ရှားရှင်းလင်းပြီး မပြိုပျက်ဘဲ ကျန်ရှိနေသည့် သာသနိက အဆောက်အအုံများ မိုးရေကြောင့် ထပ်မံမပျက်စီးရေး စနစ်တကျ စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဘုရားဖူးပြည်သူများ စိတ်ကြည်လင်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေး ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများကို ကာလတို၊ ကာလရှည်၊ ဦးစားပေး အဆင့်လိုက်အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီး ဦးကျော်ဆန်းနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မြတ်တို့က မဟာမုနိဘုရားကြီးနှင့် ဘုရားကြီးဝင်းအတွင်းရှိ သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ကဏ္ဍများအလိုက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီးနောက် တက်ရောက်လာကြသည့် ပညာရှင်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၉၆၈ ဧက စိုက်ပျိုးမည်

**ရွှေဘို ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၉၆၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၉၆၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ပဲစင်းငုံ ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီလထဲမှာ စတင်စိုက်ပျိုးဖို့အတွက် ဆောင်ရွက်နေပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက် ပေးသွားပါမယ်။ ရွှေဘိုမြို့နယ်မှာ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေး အတွက် ကွင်းဆင်းအသိပညာပေး သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သီးထပ်ရင်စပါး တင်းရေ ၆၉၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း သီးထပ်ရင်စပါးတင်းရေ ၆၉၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဧပြီလအတွင်းက သီးထပ်ရင်စပါး တင်းရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် မေလအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးထံမှ သိရသည်။

"ရန်ကုန် ဈေးကွက်ထဲကို ပြီးခဲ့တဲ့ မေလအတွင်းက သီးထပ်ရင် စပါးတင်းရေ ၆၉၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ရေကြည်မြို့နယ်ကနေ စပါးအပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ ရောင်းချနေပါတယ်။ သီးထပ်ရင်လို့ခေါ်တဲ့ အမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့စပါးအမျိုးအစားဖြစ်ပါတယ်။ အဲ့ဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့အားတက်လာတာ ဖြစ်ပါတယ်"ဟု ရေကြည်မြို့နယ်မှဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက တင်ပို့ရောင်းချခဲ့သည့် အဆိုပါသီးထပ်ရင်စပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ရေပြင်အသက်ကယ်စုဖွဲ့လေ့ကျင့်နေမှု၊ ကမ်းနားလမ်းတစ်လျှောက်ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု၊ ရေကြီးရေလျှံမှု ကာကွယ်လျှော့ချရန် အရေးပေါ်မိုးရေစွန့်ထုတ်စက်ရုံဆောင်ရွက်နေမှုတို့ကို စစ်ဆေး




**မန္တလေး ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဇွန် ၄ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် ကမ်းနားလမ်း၊ ၂၂လမ်းနှင့် ၂၆လမ်းကြားရှိ ဧရာဝတီရှုခင်းသာတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တိုင်းဒေသကြီးအဆင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၁၆ ဦးဖြင့် ရေပြင်အသက်ကယ် စုဖွဲ့လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမ်းနားလမ်းကြံ့ခိုင်မှု၊ ရေကင်းများကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်လာပါက အသုံးပြုနိုင်ရန် သဲအိတ်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီးနောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေဆိုးစုပ်ထုတ်စက်ရုံ အမှတ် (၂)(ရွှေဂဲ)သို့ သွားရောက်ပြီး ရေကြီးရေလျှံမှု ကာကွယ်လျှော့ချရန် အရေးပေါ် မိုးရေစွန့်ထုတ်စက်ရုံဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက မိုးတွင်းကာလတွင် ရပ်ကွက်များအတွင်းရေဝပ်ရေလျှံဖြစ်ပေါ်မှုများ လျော့နည်းရေးအတွက် ရေဆိုးစုပ်ထုတ်စက်ရုံ ကိုးခု မှ စုပ်ထုတ်ပေးမှုနှင့် စက်များကြံ့ခိုင်မှုရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မန္တလေးလျှောင်ကြီးကြောင့် အမရပူရမြို့နယ်ရှိ ရှမ်းလေးကျွန်းရွာနှင့် ရွှေဂဲရပ်ကွက်ကြား၌ ကမ်းနားလမ်းတစ်လျှောက် လမ်းနိမ့်ကျမှုများ၊ အက်ကွဲကြောင်းကြီးများ ဖြစ်ပေါ်ခဲ့သည့်အတွက် မြေအောက်လွှာပြောင်းလဲမှုအနေအထားကို သိရှိနိုင်ရန် မြေအနက် မီတာ ၃၀ ထိ မြေဆီလွှာ စမ်းသပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့သည်။

ဧရာဝတီမြစ် ရေသည် ၂၀၂၅ ခုနှစ် ဇွန် ၄ ရက် နေ့လယ် ၁၂ နာရီခွဲအချိန်တွင် မန္တလေးမြို့၌ ၈၁၆ စင်တီမီတာသို့ ရောက်ရှိနေပြီး မန္တလေးမြို့၏ စိုးရိမ်ရေအမှတ် ၁၂၆၀ စင်တီမီတာအောက် ၄၄၄ စင်တီမီတာ (၁၄ ဒသမ ၆ ပေ)ခန့်တွင် တည်ရှိနေကြောင်း၊ ၂၀၂၄ ခုနှစ် ဇွန် ၄ ရက် နေ့လယ် ၁၂ နာရီခွဲတွင် ၈၁၄ စင်တီမီတာရှိခဲ့သဖြင့် ယခုနှစ်မြစ်ရေမှာ ယခင်နှစ်ထက် နှစ်စင်တီမီတာခန့် ပိုများနေကြောင်း၊ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ၁၃၁၀ စင်တီမီတာရောက်ရှိခဲ့ခြင်း အပါအဝင် ၁၉၆၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ ၅၇ ခုနှစ်အတွင်း မန္တလေးမြို့တွင် စိုးရိမ်ရေမှတ်ထက်ကျော်လွန်သည့် နှစ်ပေါင်း ၁၇ နှစ်ရှိခဲ့ပြီး ဇူလိုင်လတွင် လေးကြိမ်၊ ဩဂုတ်လတွင် ခုနစ်ကြိမ်၊ စက်တင်ဘာလတွင် သုံးကြိမ်နှင့် အောက်တိုဘာလတွင် သုံးကြိမ် ဖြစ်ပေါ်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၈၄၃ ဧက စိုက်ပျိုးပြီးစီး

**ခင်ဦး ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၈၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၄၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၈၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ခရမ်းချဉ်သီးစိုက်ခင်းကို တွေ့ရစဉ်။

"မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်သီး၊ မုန်လာထုပ်သီးနှံတွေ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ တောင်သူတွေကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးပါတယ်"ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ဟင်းသီးဟင်းရွက်များကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်များကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပုဗ္ဗသီရိမြို့နယ် သာယာဝှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇွန် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျည်တောင်ကန်ကျေးရွာအုပ်စု သာယာဝှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၄ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက သာယာဝှမ်းကျေးရွာရှိ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး၊ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်ဇာနည်ဝင့်က စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သာယာဝှမ်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၄၆ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နေဘိုလူး**

# ကျောင်းကုန်းမြို့နယ်တွင် ပီလောပီနံ့ဥများ အရောင်းအဝယ် ကောင်းမွန်နေ

**ကျောင်းကုန်း ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ပီလောပီနံ့ဥများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် မေလတတိယပတ်မှ စတင်ပြီး ယနေ့ထိ ပီလောပီနံ့ဥများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသတွင် ပီလောပီနံ့ဥများ ပေါ်နေချိန်ဖြစ်ပြီး ပီလောပီနံ့ဥ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

''ပီလောပီနံ့ဥတွေ အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ လက်ရှိ တောင်သူတွေစိုက်ထားတဲ့ ပီလောပီနံ့ဥတွေ စတင်ပေါ်နေတဲ့အချိန်ဖြစ်ပါတယ်။ အခုလို ပီလောပီနံ့ဥတွေ ပေါ်နေတဲ့အချိန် အရောင်းအဝယ် ကောင်းမွန်နေတော့ စိုက်တဲ့ တောင်သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်။ ဒီနှစ် ပီလောပီနံ့ဥတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ မနှစ်ကထက် ပီလောပီနံ့ဥစိုက်သူတွေ နည်းသွားတာကြောင့်ပီလောပီနံ့ဥတွေအရောင်းသွက်ကာ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အခုလို အရောင်းအဝယ် ကောင်းလာတာပါ''ဟု ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ယှဉ်တွဲပြီး ပီလောပီနံ့ဥအပါအဝင် အခြားရာသီပေါ်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါပီလောပီနံ့ဥကို တောင်သူတစ်ဦးလျှင် တစ်ဧကမှငါးဧက စသဖြင့် စိုက်ပျိုးကြပြီး ပီလောပီနံ့ဥ တစ်ဧကလျှင် လက်ရှိကာလ အထွေထွေစိုက်ပျိုးစရိတ်ကုန်ကျငွေမှာ ၃၇၀၀၀၀ ထိဖြစ်ပြီး အကျိုးအမြတ်အနေဖြင့် အပျက်အစီးအလေအလွင့်မရှိပါက ငွေကျပ် ၉၀၀၀၀၀ ကျော်ထိရရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# လောကုတ် လောကီ စာပန်းချီခြယ်သလို့မကုန်တဲ့ လမြတ်နယုန်

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

**"လ-နယုန်မေထုန်မှာ၊ ကြယ်ဇေဋ္ဌယှဉ်လာ. . .**
**မြတ်လေးပွင့်၊ ငွေစံပယ်ငယ်၊ ရပ်ရှစ်နယ်ပျံ့သင်း၊**
**မြည္ဘာငယ်-ရွှေဖူးစာခိုင်ခိုင်မြဲရအောင်**
**စာပွဲတော်သည်သဘင်၊**
**ဦးရှိပန်ဆင်၊**
**နတ်မာဃသေနင်ငယ်၊ပြင်ဆင်တော်မူမြဲထင့်လေး။ ။"**
**(ဦးပုညဖွဲ့-တေးထပ်)**

မြန်မာဆယ့်နှစ်လရာသီသည် မြန်မာ့ရိုးရာယဉ်ကျေးမှုထုံးဓလေ့များအရ သဘာဝအလှများနှင့်အတူ၊ ဘာသာ၊ သာသနာ အစဉ်အလာကောင်းများနှင့် ပြည့်စုံနေကြသည်။

နယုန်လသည် နွေအကုန် မိုးအကူး မိုးဦးရာသီအစ အခါသမယဖြစ်သည်။

တောင်သူလယ်သမားဦးကြီးများ၊ ထွန်ရေးပြင်၊ ထွန်ရေးငင်စအချိန်လည်းဖြစ်သည်။ မြတ်ဗုဒ္ဓ ဖွားမြင်ပြီးခါစ လယ်ထွန်မင်္ဂလာကျင်းပချိန်လည်းဖြစ်ခဲ့သည်။

ဗုဒ္ဓဂုဏ်ရည်၊ ဓမ္မဂုဏ်ရည်၊ သံဃာ့ဂုဏ်ရည်၊ ရတနာသုံးပါးဂုဏ်ရည်အရ **"မဟာသမယအခါတော်နေ့"** နှင့် **"စာပြန်တော်ပွဲများ"**ကျင်းပလေ့ရှိသည့် လထူးလမြတ်ဖြစ်သည်။

**မဟာသမယအခါတော်နေ့**

**"ဗုဒ္ဓဝါဒ မဟာသမယ၊ ကျင့်ကြံနွဲ့မြိုင်မြိုင်၊**
**သာယာငြိမ်းတေး၊ ရန်တေးမဆိုင်**
**ချမ်းသာဂုဏ်ပြိုင်၊ တန်ခိုးလိုင်ကျုံ**
**ပြည်မြန်ချမ်း၊ ဘုံနန်းရောက်စေနိုင်"**
**(သာသနာ့ရောင်ခြည်- ၁၀. ၈. ၅၇)**

**မဟာသမယအခါတော်နေ့**ကလည်း လနယုန်၏ ဗုဒ္ဓဂုဏ်တော်နေ့ဖြစ်သည်။

မဟာသက္ကရာဇ် ၁၀၇ နှစ်တွင် မြတ်စွာဘုရားရှင် ငါးဝါမြောက် နယုန်လပြည့်နေ့တွင် သက္ကတိုင်း၊ ကပိလဝတ်ပြည်၏ မဟာဝုန်တောကြီး၌ **"မဟာသမယသုတ်"**ဒေသနာတော်ကို ဟောကြားတော်မူခဲ့သည်။

ဟောကြားတော်မူရခြင်း၏အကြောင်းရင်းမှာ ဗုဒ္ဓမြတ်စွာ၏ဆွေတော်မျိုးတော်များနေထိုင်ကြရာ၊ ကပိလဝတ်ပြည်နှင့် ကောလိယပြည်တို့သည် ယနေ့အိန္ဒိယနိုင်ငံမြောက်ပိုင်း ဂင်္ဂါမြစ်နှင့်ရောဟဏီမြစ်နှစ်သွယ်တို့ဆုံရာ ကမ်းတစ်ဖက်စီ မျက်စောင်းထိုး၌ တည်ရှိခဲ့ကြသည်။ အိမ်နီးချင်းနှစ်ပြည်ထောင်စလုံးတွင် မြတ်ဗုဒ္ဓ၏ဆွေတော်မျိုးဆက် ဗုဒ္ဓနွယ်ဝင်သာကီဝင်မင်းမျိုးတို့ ချည်းသာလျှင်ဖြစ်ကြသည်။ နှစ်နိုင်ငံကြားရှိ ရောဟဏီမြစ်ရေကိုအမှီပြုလျက် ရေလွှဲဆည်ဖြင့်ရေသွယ်ယူကြကာ စိုက်ပျိုးလုပ်ကိုင်စားသောက်နေထိုင်ခဲ့ကြသည်။

မဟာသက္ကရာဇ် (၁၀၇)ခုနှစ် နယုန်လတွင် မိုးရွာသွန်းမှုနည်းလွန်းသောကြောင့် ရောဟဏီမြစ်ရေလျော့နည်းလာခဲ့ရာ နှစ်ပြည်ထောင် ရေဝေခြမ်းခွဲယူမှု အဆင်မပြေဖြစ်ခဲ့ကြရာက ရန်မီးပွားပြီး စစ်ကြီးဖြစ်ပေါ်လာမည့်ကိန်းသို့ ဆိုက်ရောက်လာခဲ့ကြသည်။ နှစ်ပြည်ထောင်စစ်တပ်ကြီးများက ရောဟဏီမြစ်ကမ်းနှစ်ဖက်သို့ တစ်ဖက်တစ်ချက် ရေသိမ်းတိုက်ပွဲဆင်နွှဲကြရန် နယုန်လပြည့်နေ့ အရုဏ်မတက်မီ စုဝေးရောက်ရှိလာခဲ့ကြသည်။

ထိုရန်မီးပွားကိုသိတော်မူသော မြတ်စွာဘုရားသည် အချိန်မီတားဆီးနိုင်ရေးအတွက် အရုဏ်တက်တွင် ဈာန်သမာပတ်ဖြင့် အချင်းဖြစ်ပွားရာသို့ ကြွချီတော်မူခဲ့သည်။ နှစ်ဖက်စလုံး၏ ရန်ငြိုးအစွပ်အစွဲမှ ကင်းလွတ်စေရေးအတွက် နှစ်ပြည်ထောင်နယ်မြေဒေသဖြစ်သော ရောဟဏီမြစ်၏အလယ်ဗဟိုတည့်တည့် ကောင်းကင်ယံထက်ဝယ် ဖွဲ့ခွေနေတော်မူ၍ ရောင်ခြည်ခြောက်သွယ်ကို အံ့ဖွယ်အသွယ်သွယ်ဖြင့် ဖြန့်ကြက်စံတော်မူပြီး နှစ်ပြည်တောင်ငြိမ်းချမ်းရေးတရားကို ဟောကြားတော်မူခဲ့လေသည်။

အဖိုးမတန်သောရေကို အကြောင်းပြု၍ အဖိုးမဖြတ်နိုင်မင်းမြတ်တို့ အဘယ်ကြောင့် အပျက်စီးခံကြမည်နည်းဟူသော ငြိမ်းချမ်းရေးတရားသဘောမူခြောက်ချက်ကို ဟောကြားတော်မူခဲ့သည်။

၁။ ဝက်ဝံနှင့် ကြို့ပင်စောင့်နတ်(ရုက္ခစိုး)တို့ အသေးအဖွဲ ရန်စကို ရန်ငြိုးဖွဲ့မှားခဲ့ကြရာမှ နှစ်ဦး နှစ်ဖက်ပျက်စီးကြပုံ **(ဖန္ဒနဇာတ်)**

၂။ မြေပြိုပါပြီဟုထင်ကြေးဖြင့် အော်ဟစ်ထွက်ပြေးသောယုန်တစ်ကောင်၏စကားကိုယုံမှား၍ ဒုက္ခများကြသောသတ္တဝါများကို စူးစမ်းဆင်ခြင်မှုရှိသော ခြင်္သေ့မင်းက ကယ်တင်လိုက်ပုံ **(ပထဝီဥန္ဒြီယဇာတ်) (ဒုဒ္ဒုဘဇာတ်)**

၃။ အားသေးသော နှံစုတ်ငှက် (ဘီလုံးငှက်ငယ်မ)က အားကြီးအနိုင်ကျင့်သောဆင်ပြောင်ကြီးကိုအနိုင်ယူ၍ ရန်သူကိုအထင်မသေးသင့်ပုံ **(လဋ္ဋုကိကဇာတ်)**

၄။ လွင်တီးခေါင်ရှိ သစ်ပင်ထီးတည်းကြီးသည် လေမုန်တိုင်းဒဏ်ကိုမခံနိုင်သော်လည်း သစ်ပင်များတစ်စုတစ်ဝေးတည်းတည်ရှိပါက လေမုန်တိုင်းဒဏ်ကို ခံနိုင်ကြပုံ **(ရုက္ခဓမ္မဇာတ်)**

**❖ ဗုဒ္ဓမြတ်စွာ၏ ရန်ပြေမာန်ပြေ ငြိမ်းချမ်းရေးတရားဒေသနာတော် ခြောက်ရပ်ကိုနာခံကြရသော အိမ်နီးချင်း နှစ်ပြည်ထောင်သားများအားလုံး ရန်ပြေငြိမ်းသွားကြကာ အချင်းချင်းစည်းလုံးညီညွတ်သွားခဲ့ကြသည်။ ထိုမျှသာမက နှစ်ပြည်ထောင်မှ ၂၅၀ စီမျှသော စစ်သည်တော်ဦးရေ ၅၀၀တို့သည် ရဟန်းဘောင်သို့ဝင်သွားခဲ့ကြရာ သောကကင်းဝေး စိတ်အေးချမ်းမြေ့ကုန်ကြကာ ရဟန္တာများဖြစ်သွားကြသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များအတွက် ငြိမ်းချမ်းရေးမှတ်တိုင်စိုက်ထူခဲ့သည့်နေ့ "ငြိမ်းချမ်းရေးအခါတော်နေ့"ဟုလည်း တင်စားညွှန်းဆိုခဲ့ကြသည်။ ❖**

၅။ မစည်းလုံးမညီညွတ်က ပျက်စီးတတ်ကြောင်း၊ စည်းလုံးခြင်းသည် ခွန်အားဖြစ်ကြောင်း (ဥပမာ) ငုံးငှက်ငယ်တစ်စုသည် ပိုက်ကွန်၌မိနေကြလေရာ စည်းလုံးညီညွတ်စွာဖြင့် ပိုက်ကွန်ကြီးကို စုပေါင်းသယ်ဆောင်ပျံသန်းခဲ့ကြသဖြင့် လွတ်မြောက်ကြပြီး ဘေးကင်းကြပုံ **(ဝဋ္ဋက-သမ္မောဒမာနဇာတ်)**

၆။ မိမိကိုယ်ကိုမိမိကသာလျှင် သောကကင်းဝေးစေ၍ သုခကိုရစေနိုင်ကြောင်း ကံသုံးပါးကောင်းမှ သုခကိုရနိုင်ကြပုံ **(အတ္တဒဏ္ဍဇာတ်)**

ဗုဒ္ဓမြတ်စွာ၏ ရန်ပြေမာန်ပြေ ငြိမ်းချမ်းရေးတရားဒေသနာတော် ခြောက်ရပ်ကို နာခံကြရသော အိမ်နီးချင်း နှစ်ပြည်ထောင်သားများအားလုံး ရန်ပြေငြိမ်းသွားကြကာ အချင်းချင်းစည်းလုံးညီညွတ်သွားခဲ့ကြသည်။ ထိုမျှသာမက နှစ်ပြည်ထောင်မှ ၂၅၀ စီမျှသောစစ်သည်တော်ဦးရေ ၅၀၀တို့သည် ရဟန်းဘောင်သို့ဝင်သွားခဲ့ကြရာ သောကကင်းဝေးစိတ်အေးချမ်းမြေ့ကုန်ကြကာ ရဟန္တာများဖြစ်သွားကြသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များအတွက် ငြိမ်းချမ်းရေးမှတ်တိုင်စိုက်ထူခဲ့သည့်နေ့ **"ငြိမ်းချမ်းရေးအခါတော်နေ့"**ဟုလည်း တင်စားညွှန်းဆိုခဲ့ကြသည်။

ထိုနယုန်လပြည့်နေ့ညတွင် ကပိလဝတ်ပြည်အနီး၊ ဟိမဝန္တာတစ်နေရာ၊ မဟာဝုန်တော၌ မြတ်စွာဘုရားရှင်သည် ရဟန္တာငါးရာနှင့်အတူစံတော်မူနေစဉ် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့က မြတ်စွာဘုရားရှင်နှင့်ရဟန္တာများကိုဖူးမြော်ရန် စုဝေးရောက်ရှိလာခဲ့ကြသည်။ ထိုသို့အတိုင်းမသိ များပြားလှသော နတ်ဗြဟ္မာအပေါင်းတို့ စုံလင်စုဝေးလာကြသော အခါကို **"မဟာသမယ"**ဟုဆိုကြသည်။ **"မဟာ"** ကြီးကျယ်သော၊ မြင့်မြတ်သော၊ **"သမယ"** အချိန်အခါ။ "ကြီးကျယ်မြင့်မြတ်သော အချိန်အခါသမယ" ဟု အဓိပ္ပာယ်ရသည်။

နတ်ဗြဟ္မာအပေါင်းနှင့် ရဟန္တာငါးရာတို့ကို မြတ်စွာဘုရားက ငြိမ်းချမ်းကြည်ဖြူ အတူယှဉ်တွဲအခွန့်ရှည်ကြာစွာနေထိုင်ရေးကို ညွှန်ပြဆုံးမသည့် **"မဟာသမယသုတ်တော်"**ကို ဟောကြားတော်မူခဲ့သည်။ မူလမဟာသမယသုတ်တော်မှာ နတ်ဗြဟ္မာအပေါင်းကို မည်သည့်အရပ်မှ မည်မျှသောနတ်တို့လာရောက်ကြသည်ကို ကြေညာတော်မူသည့်စကားတော်ကိုခေါ်ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် နယုန်လပြည့်နေ့ကို **"မဟာသမယအခါတော်နေ့"** ပုဏ္ဏမီရက်မြတ်အဖြစ် ဗုဒ္ဓစာပေမှတ်တမ်းပြု၍ ဂုဏ်ရည်မပျက် အစဉ်အဆက်သတ်မှတ်ကျင်းပခဲ့ကြသည်။

မြတ်စွာဘုရားရှင်သည် မူလမဟာသမယသုတ်သာမက ဆက်လက်၍ **"မဟာသမယသုတ် ခြောက်သုတ်"**ကို ဟောကြားတော်မူခဲ့ရာ

၁။ ရာဂ၊ လောဘများကင်းစေရေး **(သမ္မာပရိဗ္ဗာဇနိယသုတ်)**

၂။ ဒေါသမထားကြဘဲ မေတ္တာပွားစေရေး **(ကလဟဝိဝါဒသုတ်)**

၃ ။ မောဟစရိုက်ကဲသူများအား အမောဟပညာပွား၍ အသိဉာဏ်များပွားစေရေး **(မဟာဗျူဟသုတ်)**

၄။ တစ်ယူသန်ဝိတက်စရိုက်ပိုသူတို့အား တစ်ဦးနှင့်တစ်ဦး ပျော့ပျောင်းညင်သာစေရေး **(စူဠဗျူဟသုတ်)**

၅။ သဒ္ဓါစရိုက်ရှိသူများအား ကြောင်းကျိုးမှန်တရားတို့၌ သက်ဝင်ယုံကြည်ရေး **(တုဝဋ္ဋကသုတ်)**

၆။ ပညာ(ဗုဒ္ဓိ) စရိုက်ရှိသူများအား အမှားအမှန်ဆင်ခြင်ပိုင်းခြားစေနိုင်ရေး **(ပုရာဘေဒသုတ်)** ဟူ၍ဖြစ်သည်။

ထိုသုတ်တော်များ ဟောကြားအပြီးတွင် ရဟန္တာဖြစ်ကြသော နတ်ဗြဟ္မာအပေါင်းတစ်ကုဋေစီရှိကြကြောင်း၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ကြသောနတ်ဗြဟ္မာတို့မှာ မရေမတွက်နိုင်အောင်များပြားလှကြောင်း ကျမ်းဂန်များတွင်ဖော်ပြထားသည်။

နတ်ဗြဟ္မာတို့၏ အမည်များသာပါသော မူလအစ (ပထမ) မဟာသမယသုတ်တော်ကို ရွတ်ဖတ်ပူဇော်ကြရုံမျှဖြင့် နတ်ဗြဟ္မာတို့၏ ချစ်ခင်စောင့်ရှောက်မှုကို ခံယူရရှိကြသည်ဖြစ်ရာ နိဗ္ဗာန်ရောက်ကြောင်း မဟာသမယသုတ်ခြောက်သုတ်ကိုသာ အမြဲမပြတ်ရွတ်ဖတ်ပူဇော်နေကြပါက ကပ်သုံးပါးဘေးမှကင်းဝေးကြကာ ထူးမြတ်သောအကျိုးကို ခံစားကြရမည်မှာသေချာလှသည်။ ထို့ကြောင့်လည်း နယုန်လပြည့်နေ့ကို **"မဟာသမယသုတ်အခါတော်နေ့"** အဖြစ် သတ်မှတ်ကာ နှစ်စဉ်ရွတ်ဆိုပူဇော်နေကြခြင်းဖြစ်သည်။

**စာပြန်ပွဲ**

**"ရာသီမေထုန်၊ လနယုန်၊ နမျုန်ခေါ် တစ်ပါး၊**
**ရွှေစာတော်ပြန်၊ ပွဲတော်ဖန်၊ဘုန်းသန်မင်းမြတ်များ"**
(စာဆိုတစ်ဦး၏သံပေါက်)

**"နယုန်မာသ၊ မေထုန်ကျ၊ ဇေဋ္ဌရောင်စုံကျင်း၊**
**စံပယ်မြတ်လေး၊ ရနံ့မွှေး၊ စာမေးသဘင်ခင်း"**
(ကင်းဝန်မင်းကြီးဖွဲ့ သံပေါက်)

နယုန်လ၏ထူးမြတ်လှသော သင်္ကေတတစ်ရပ်မှာ ရှင်သာမဏေများနှင့် ရဟန်းပျိုများ စာဝါလိုက်ကြသည့်စာအံသံများ၊ စာပြန်ပွဲများနှင့် ကြည်နူးဖွယ်ကောင်းမွန်လှသည်။ ရှင်သာမဏေများနှင့် ရဟန်းသံဃာများ၏စာသင်နှစ်မှာ နှစ်စဉ်ဝါဆိုလမှ နယုန်လထိဖြစ်သည်။ စာသင်နှစ်၏နောက်ဆုံးလဖြစ်သော နယုန်လတွင်သင်ကြားခဲ့ကြသော ဗုဒ္ဓစာပေကျမ်းဂန်များကို အာဂုံပြန်နှင့် နှုတ်မေး၊ နှုတ်ဖြေနှစ်မျိုးကို **"စာပြန်ပွဲ"**ဟု သတ်မှတ်ထားခြင်းဖြစ်သည်။

ရှေးဘုရင်များက **"သာသနာ့အာဇာနည်များ ပေါ်ထွန်းပွားများရေးရည်မှန်းချက်"**ဖြင့်စာပြန်ပွဲများကိုကျင်းပခဲ့ကြရာ ဒုတိယအင်းဝခေတ် သာလွန်မင်းတရားလက်ထက် သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်မှ သီပေါမင်းလက်ထက်ထိ ကျင်းပခဲ့ကြကြောင်း၊ သီပေါမင်းပါတော်မူပြီးနောက် ၁၂၄၈ ခုနှစ်မှ ၁၂၅၆ ခုနှစ်ထိ ကိုးနှစ်လုံးဝကျင်းပနိုင်ခြင်းမရှိဘဲ ရပ်နားခဲ့ရကြောင်း၊ ၁၂၅၇ ခုနှစ်ရောက်မှသာ မူလအတိုင်းကျင်းပနိုင်ခဲ့သည်။ ၁၉၀၁ ခုနှစ်တွင် ရဟန်းသံဃာများသာမက လူဝတ်ကြောင်များနှင့် သီလရှင်များကိုလည်း စာမေးပွဲဖြေဆိုခွင့်ပြုခဲ့ကြကြောင်း သမိုင်းမှတ်တမ်းတင်ထားခဲ့ကြသည်။

ယခုအခါတွင် စာတော်ပြန်ပွဲများအစား ပိဋကတ်တော် တရားဓမ္မများကို ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများ ကျင်းပပြီး ဘွဲ့ထူးဂုဏ်ထူးများ ဆက်ကပ်ပူဇော်ကြသည်။ ထို့ပြင် **"စာပုလွေခင်း၊ ပဋ္ဌင်းတော်မူ"**ဟူသည့် စာဆိုနှင့်အညီ ဝါဆိုကြမည့်ကိုရင်များနှင့် ရဟန်းသံဃာတော်များအတွက် ရှင်ပြုမင်္ဂလာနှင့် ရဟန်းခံမင်္ဂလာပွဲများကို ကျင်းပကြသည်။

**လနယုန် ခေါ်ဆိုကြပုံ**

နယုန်လကို ခေါ်ဆိုဖွင့်ဆိုကြရာတွင် **"နံ၊ န"**= အချိန်အခါ၊ **"ယုန်၊ မျုန်"**= မိုးရွာခြင်း၊ မိုးရွာစ အချိန်အခါလသမယဟူ၏။ **"အာဒိမာသ" "အာဒိ"**= အစအဦး။ **"မာသ"**အချိန်အခါ။ တောင်သူများ၊ ပျိုးကြဲ၊ စိုက်ပျိုးချိန်၊ လယ်တောတစ်ခွင်၊ ထွန်ရေး၊ ထယ်ရေးပြင်ဆင်ချိန်ဟုလည်း ဆိုမှတ်ခဲ့ကြသည်။

လနယုန်တွင် တောတောင်ရဂုံနှင့် သေလာတို့သည် စိမ်းလန်းစိုပြည်စပြုလေရာ ရှုမကုန်၊ ကြည့်မဝအောင် ကြည်နူးဖွယ်ကောင်းလေကြောင်း၊ မြူခိုးတို့ယှက်လိမ်၍ တိမ်သလ္လာတို့ အုံ့ဆိုင်းကာ မိုးလည်းရွာသွန်းစပြု၍ ရေထုတောင်လိုပုံတော့မယောင် ခံစားကြရကြောင်း၊ ရွှံ့နွံ့စေးပြင်ကျယ်ကြီးဖြစ်သော လယ်တောတစ်ခွင်တွင် ထွန်ရေးများ စတင်ဆင်ယင်ကြရန် ပြင်ဆင်နေကြကြောင်းကို "ရတနာပုံခေတ် (ကောဇာနှစ် ၁၂၄၅) ခန့်တွင် **နန်းတွင်းစာရေးတော်ကြီး ဦးမောင်မောင်လေး**"က-

**"မြူခိုးယှက်လိပ်၊ တိမ်တစ်မြုံ့နှင့်၊ ထိန်မောင်းရဂုံ၊**
**ရှုမကုန် ။**
**ဂိမ်နှောင်းနယုန်၊ ခုအကြုံဝယ်၊ ရတုတစ်ပုံ၊သာစမြဲ။**
**အောင်သံကြွေးရင့်၊ နွံ့စေးပြင်ဝယ်၊ ထွန်ရေးတော်ဝင်၊ ယင်မည်ဆဲမှာ၊ ပုလဲငွေစုံ၊ ရေထုတောင်လိုလို၊ စွေသွန်းမယ့်ထင်ကို"** ဟု ရေးဖွဲ့ညွှန်းဆိုခဲ့သည်။

နယုန်လသည် မြတ်ဗုဒ္ဓလက်ထက်ကပင် **"လယ်ထွန်မင်္ဂလာ"**ကျင်းပခဲ့ကြောင်း၊ သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ပြီး တစ်လမြောက်သောအခါ ခမည်းတော်က လယ်ထွန်မင်္ဂလာကျင်းပခဲ့ကြောင်း၊ မင်းတုန်းမင်းကြီးလည်း လယ်ထွန်မင်္ဂလာကျင်းပခဲ့ကြောင်း မှတ်တမ်းပြုစုထားခဲ့ကြသည်။

**စာမျက်နှာ ၅ သို့ ➤**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၉၉၈၅၀ စိုက်ပျိုးမည်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၉၉၈၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၉၉၆၃၇ ဧက၊ ဝန်းသိုမြို့နယ်တွင် ၃၈၉၈၉ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၆၁၂၄ ဧက စုစုပေါင်းဧက ၁၉၉၈၅၀ ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမှုကို ဇူလိုင်လမှ စတင်၍ စက်တင်ဘာလထိ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ စပါးဧက ၁၉၉၈၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးပါမယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

➢ စာမျက်နှာ ၄ မှအဆက်

**နယုန်လ၏ လ၏ရာသီပန်း**

**"နယုန်တွင်မူ၊ ခုံမင်ထပ်ရစ်၊ ပြက်လျှပ်စစ်နှင့်၊ နတ်ပဇ္ဇုန္န၊**
**အမ္ဗုန္ဒတို့၊ ခုန်ကရေပန်း၊ ကြဲလေဖျန်း၏။ ပန်းယုထိကာ၊**
**သုမနာလည်း၊ သင်းစွာလှိုင်စေ၊ ကြိုင်လွင့်ကြွေလျက်၊ မြိုင်ခြေပျို့ပျို့၊**
**ညို့ရှိုရှို့တည့်"**

(မင်းလှရာဇကျော်ထင်၏ အဘိရုကပျို့)

နယုန်လ၏ရာသီပန်းကို ပါဠိစကားလုံးများဖြင့် ခြယ်မှုန်ထားရာ **"ယုတ်ကာ=ဇွန်ပန်း။ သုမနာ=မြတ်လေးပန်း**ဟူသော စံပယ်ပန်းနွယ်ဝင်များဖြစ်ကြသည်။ ပို၍သေချာစေသည်မှာ **"မြတ်လေးပျံ့သေးသွယ်သွယ်၊ ရွှေစံပယ်သင်းတဲ့မာသ"**ဟုလည်းကောင်း၊ **"ကမ္ဘာ့ကျက်သရေ၊ ရဂုံနက်ကျယ်၊ မတာမြိုင်လယ်မှာ၊ စံပယ်မြတ်လေး၊ ပျံ့မွှေးမွှေးနှင့်"**ဟုလည်းကောင်း၊ **"ဗိုလ်မြို့တဲ့ ရွှေလယ်မှာ၊ ငွေစံပယ်ဖြူမုလေးက၊ မွှေးလှတယ်လေး"** ဟုလည်းကောင်း စသည့်ဖွဲ့ဆိုချက်များကြောင့်ဖြစ်သည်။

ထိုမြတ်လေး ခေါ် မုလေးပန်းကို ရှေးအခါက ပန်းတကာတို့၏ဘုရင်၊ တော်ဝင်ပန်း၊ အမြတ်ဆုံးပန်းဟုဂုဏ်ပြုတင်စားခဲ့ကြသည်။ ဆေးဖက်လည်းဝင်သောကြောင့် ပို၍တန်ဖိုးထားခဲ့ကြသည်။

**နယုန်လ၏ ဝိသေသ**

နယုန်လသည် မြန်မာ့ဆယ်နှစ်လတွင် တတိယမြောက်လဖြစ်ပြီး နွေရာသီ၏ **"နွေနှောင်းလ" "နွေစွန်လ"** ဖြစ်သည်။ နွေနှောင်းလဆိုသည့် စကားနှင့်အညီ နွေရာသီကုန်ဆုံးခါနီး မိုးဦးလေဦးကျစအခါသမယဖြစ်သည်။ ပူပြင်းနေသော နေပူရှိန်ကြားမှ မိုးသေး၊ မိုးမွှား၊ မိုးဖွဲကလေးများ ရွာသွန်းကြဲဖျန်းပေးလေ့ရှိသည်။ ထို့ကြောင့် မြေပြင်ရှိ ချုံနွယ်များနှင့် မြက်ပင်ကလေးများ လန်းဆန်းနိုးကြွရှင်သန်လာကြပြီး အညွန့်အတက်အခက်အလက်များ ဝေဆာလာကြသည်။ ဤသည်ကို ရှေးတောင်သူတို့က **"နယုန်မိုးသေး မြက်သားမွေး"**ဟု ဆိုရိုးစကားထားခဲ့ကြသည်။

**"နယုန်မိုးသေး"**ဟု ဆိုရေးရှိသော်လည်း နယုန်လမိုးက အစိုးမရ။ တစ်ခါတစ်ရံတွင် ဖောက်ပြန်လေ့ရှိသည်။ မြစ်ရေတိုး၊ ကွင်းရေလျှံသည်ထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေကျလည်း မြန်ဆန်ပြင်းထန်လေ့ရှိသည်။ နယုန်လ၏ မိုးဦးမိုးရှူးကို မြစ်နားချောင်းနားနေကြသူများ အလွန်ကြောက်လန့်ကြသည်။

ဗုဒ္ဓသာသနာအတွက် တန်ဖိုးမဖြတ်နိုင်သော နယုန်လမြတ်၏ ရာသီအမည်က **"မေထုန်"**၊ စန်းပြည့်နက္ခတ် **"ဇေဋ္ဌ"**၊ ယှဉ်တာရာက **"မြင်းတာရာ"**၊ ရာသီရုပ်က **"မိန်းမ-ယောကျ်ား"**၊ ရာသီပန်းက **စံပယ်ပန်း"**၊ ရာသီပွဲက **"စာပြန်ပွဲ"**၊ လပြည့်သန်းခေါင်နတ်ပေါင်းခပင်က **"သမန်းကျားပင်၊ ဆေးကျားပင်၊ ရွှေကြာပင်"**၊ ရက်ရာဇာက **"အင်္ဂါ၊ ကြာသပတေး"**၊ ပြဿဒါးက **"တနင်္ဂနွေ၊ တနင်္လာ"** စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

ရှေးပညာရှိကဝိအဆူဆူ၊ စာပေဝိဒူအဆက်ဆက်တို့သည် လမြတ်နယုန်နှင့်စပ်လျဉ်း၍ ညွှန်းဆိုဂုဏ်ပြုရေးသားခဲ့ကြရာ ဖော်ပြ၍ပင်မကုန်နိုင်တောင် စုံလင်များပြားလှသည်။ ထိုအစဉ်အလာကောင်းများကို ဗုဒ္ဓဘာသာဝင်တိုင်း ဆက်လက်ထိန်းကျောင်းမြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- ရာသီသဘင်
- ဆရာလှသမိန်၏"ရှေးစာဆိုတော်များ၏ ဆယ့်နှစ်ရာသီပွဲပေါင်းချုပ်"
- ဝိသဇ္ဇက (ပဲခူး) ၏ မြန်မာ့ဆယ့်နှစ်လရာသီဖွဲ့
- ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်စပ်လျဉ်း၍

## လောင်းရိပ်

- အစွမ်းသတ္တိ ပျောက်ပြယ်
နောက်ကွယ်က အရိပ်မိုး၊
သူ့ပင်ကိုယ် အရည်ချင်းတို့
ကျဆင်းလို့ညှိုး။

- ကိုယ့်အားကိုယ် ကိုးပါမှ
တိုးတက်လို့ လူရာဝင်
သိရှိစေချင်၊
မျှော်လင့်ချက် ထားဖို့ပင်
အရာရာတွင် ချင့်ချိန်တွေး၊
ကိုယ်ပိုင်ဉာဏ် အစွမ်းစတို့
ချပြလို့ပေး။

- ဘဝတွင် အောင်မြင်ရေး
ဉာဏ်ရည်သွေး အားထုတ်ပါ၊
ကိုယ့်ကိုယ်ပိုင် ခံယူချက်ဖြင့်
ရှေ့ဆက်ကြရာ၊
ဆုံးဖြတ်ချက် ခိုင်မာ
အောင်မြင်မှာ ဧကန်မလွဲ၊
ပန်းတိုင်သည် ဘယ်မရွှေ့
ကြုံတွေ့မည်ပဲ။ ။

ခင်နွဲ့မူ(ပုလဲ)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

**ပြုံယမ်း ဇွန် ၅**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂေးရှိုဂူးတို့သည် ဇွန် ၄ ရက်တွင် ပြုံယမ်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယူကရိန်းပြဿနာ၊ အခြားနိုင်ငံတကာပြဿနာများနှင့်ပတ်သက်၍ ရုရှား၏ရပ်တည်ချက်ကို ခြွင်းချက်မရှိ ထောက်ခံမည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က ကတိပြုခဲ့သည်။

ယင်းအပြင် မြောက်ကိုရီးယားအနေဖြင့် ရုရှားနှင့်ရယူထားသည့် ဘက်စုံမဟာဗျူဟာမိတ်ဖက်စာချုပ်ပါ ပြဋ္ဌာန်းချက်များကိုလည်း စောင့်ထိန်းသွားမည်ဖြစ်ကြောင်း ရုရှားအမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးနှင့်တွေ့ဆုံစဉ်ကင်ဂျုံအန်ကပြောကြားခဲ့သည်။

ကေစီအင်န်အေ သတင်းဌာန၏ သတင်းထုတ်ပြန်ချက်အရ ကင်ဂျုံအန်နှင့်ဆာဂေးရှိုဂူးတို့သည် အဆိုပါ မဟာဗျူဟာမိတ်ဖက်စာချုပ် ပိုမိုခိုင်မာလာရေးအတွက်လည်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါမဟာဗျူဟာမိတ်ဖက်စာချုပ်ကို ရုရှားသမ္မတပူတင်နှင့် မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်တို့က ပြီးခဲ့သည့်နှစ်အတွင်း လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

ယင်းစာချုပ်ကို မြောက်ကိုရီးယားနှင့် ရုရှားလွှတ်တော်တို့က အတည်ပြုပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



# ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရန့်တို့ ဖုန်းခေါ်ဆိုဆွေးနွေး





**မော်စကို ဇွန် ၅**

ရုရှားလေတပ် မဟာဗျူဟာဗုံးကြဲလေယာဉ်များအား မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် ယူကရိန်းနိုင်ငံကို ပြန်လည်တုံ့ပြန်မည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ဇွန် ၄ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဇွန် ၄ ရက်က ဖုန်းခေါ်ဆိုဆွေးနွေးစဉ် ရုရှားသမ္မတပူတင်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ယူကရိန်း ခေါင်းဆောင်များအနေဖြင့် ငြိမ်းချမ်းရေးကိုလိုလားသည်ဟုမိမိမထင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးစဉ် ရုရှားသမ္မတပူတင်က ပြောကြားခဲ့သည်။

ဇွန် ၄ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ရုရှားစစ်လေယာဉ်များအား ယူကရိန်းက တိုက်ခိုက်ခဲ့မှုနှင့် အီရန်နျူကလီးယားပြဿနာများကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က အတည်ပြုထားသည်။

ယူကရိန်းနိုင်ငံသည် ဇွန် ၁ ရက်က မောင်းသူမဲ့လေယာဉ်များသုံး၍ ရုရှားနိုင်ငံတွင်းရှိ လေတပ်စခန်းများကို တိုက်ခိုက်ခဲ့ရာ ဗုံးကြဲလေယာဉ်များပျက်စီးခဲ့ရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ရုရှားသမ္မတ ပူတင်တို့၏ ဇွန် ၄ ရက်ဖုန်းခေါ်ဆိုဆွေးနွေးပွဲမှာ တစ်နာရီနှင့် ၁၅မိနစ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ရိုင်ယန်အဲလေကြောင်းလိုင်းခရီးသည်တင်လေယာဉ် အရေးပေါ်ဆင်းသက် ခရီးသည်ကိုးဦးဒဏ်ရာရရှိ

**ဘာလင် ဇွန် ၅**

အိုင်ယာလန်နိုင်ငံအခြေစိုက် ရိုင်ယန်အဲလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် အီတလီနိုင်ငံ မီလန်မြို့သို့ ဇွန် ၄ ရက်ကပျံသန်းနေစဉ် လေစီးကြောင်းအတက်အကျ ကြမ်းမှုကြောင့် ဂျာမနီနိုင်ငံတောင်ပိုင်း၌ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

အဆိုပါခရီးသည်တင်လေယာဉ်သည် မြူးနစ်မြို့ အနောက်မိုင် ၇၀ ခန့်အကွာ မင်မင်ဂျန်လေဆိပ်၌ ဘေးကင်းလုံခြုံစွာဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် လေစီးကြောင်း အတက်အကျကြမ်းမှုနှင့်ရင်ဆိုင်ခဲ့ရစဉ် ခရီးသည်ကိုးဦးဒဏ်ရာများရရှိခဲ့ကြောင်း ရိုင်ယန်အဲလေကြောင်းလိုင်းက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါခရီးသည်တင်လေယာဉ်သည် ဂျာမနီနိုင်ငံ ဘာလင်မြို့မှ အီတလီနိုင်ငံ မီလန်မြို့သို့ပျံသန်းနေစဉ် ရာသီဥတုဆိုးရွားမှုကြောင့် အရေးပေါ် ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

လေစီးကြောင်းအတက်အကျကြမ်းမှုနှင့်ရင်ဆိုင်ရစဉ် ဒဏ်ရာရရှိခဲ့သည့် ခရီးသည်ကိုးဦးအနက် သုံးဦးကို ဆေးရုံသို့ပို့ဆောင်ပေးထားရသည်။

လေယာဉ်စီးခရီးသည်များထိခိုက်ဒဏ်ရာရရှိခဲ့မှုအတွက် ရိုင်ယန်အဲလေကြောင်းလိုင်းက ကြေညာချက်ထုတ်၍ တောင်းပန်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အိန္ဒိယနိုင်ငံနှင့်ဆွေးနွေးရန် အသင့်ရှိကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

**အစ္စလာမ္မာဘတ် ဇွန် ၅**

ပါကစ္စတန်နိုင်ငံ အနေဖြင့် ပြိုင်ဘက်အိန္ဒိယနိုင်ငံနှင့် တွေ့ဆုံဆွေးနွေးရန် အသင့်ရှိသော်လည်း ရေးကြီးသုတ်ပျာ ဆွေးနွေးလိမ့်မည်မဟုတ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးအစ်ရှ်ဟက်ဒါးက ယနေ့တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လအတွင်း လေးရက်ကြာစစ်ရေးပဋိပက္ခများ ဖြစ်ပွားခဲ့ပြီးနောက် အိန္ဒိယနှင့်ပါကစ္စတန်တို့ကြားဆက်ဆံရေးမှာ တင်းမာလျက်ရှိသည်။

အိန္ဒိယနိုင်ငံနှင့် ဆွေးနွေးရေးအတွက် တောင်းဆိုမှုများရှိလာခဲ့ပါက မိမိတို့အနေဖြင့် ဆွေးနွေးရန် အသင့်ရှိကြောင်း၊ သို့ရာတွင် ထိုဆွေးနွေးပွဲများကို မိမိတို့အနေဖြင့် အရေးတကြီးပြုလုပ်လိမ့်မည်မဟုတ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့သည် အိန္ဒိယနိုင်ငံက ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသ၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ကို အကြောင်းပြု၍ မေ ၇ ရက်မှစ၍ လေးရက်ကြာ စစ်ရေးပဋိပက္ခများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်အစိုးရ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် မေ ၁၀ ရက်တွင် အိန္ဒိယနှင့် ပါကစ္စတန်တို့က အပစ်အခတ်ရပ်စဲရေး ကြေညာခဲ့ကြသည်။

လေးရက်ကြာ စစ်ရေးပဋိပက္ခများအတွင်း အိန္ဒိယနှင့် ပါကစ္စတန်တို့သည် တိုက်လေယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များ၊ ဒုံးကျည်များနှင့် အမြောက်များအသုံးပြု၍ တိုက်ခိုက်ခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရေး ဆုံးဖြတ်ချက်မူကြမ်း ဗီတိုအာဏာသုံး၍ အမေရိကန်ပိတ်ပင်

**နယူးယောက် ဇွန် ၅**

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး ဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဇွန် ၄ ရက်က မဲခွဲခဲ့ရာ အမေရိကန်နိုင်ငံက ဗီတိုအာဏာသုံး၍ ပိတ်ပင်ခဲ့သည်။

ဇွန် ၄ ရက် လုံခြုံရေးကောင်စီမဲခွဲပွဲတွင် ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရေးဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံအနက် ၁၄ နိုင်ငံတို့က ထောက်ခံမဲ ပေးခဲ့သော်လည်း အမေရိကန်နိုင်ငံက ဗီတိုအာဏာဖြင့် ပိတ်ပင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂါဇာစစ်ပွဲဆုံးဖြတ်ချက်မူကြမ်းတွင် ဂါဇာကမ်းမြောင်၌ အပစ်အခတ်ရပ်စဲရန်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအကန့်အသတ်မရှိ ပေးခွင့်ရရန် တောင်းဆိုထားသည်။



ယင်းဆုံးဖြတ်ချက်မူကြမ်းကို ဗီတိုအာဏာဖြင့် ပိတ်ပင်ခဲ့သည့်အတွက် အမေရိကန်နိုင်ငံကို ကျန်လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများက ဝေဖန်ခဲ့ကြကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံအနေဖြင့် အစ္စရေးနှင့်ဟားမတ်စ်အုပ်စုကို တန်းတူထားသည့်၊ အစ္စရေး၏ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ပိုင်ခွင့်ကို ဟန့်တားရာရောက်သည့် မည်သည့်ဆုံးဖြတ်ချက်မူကြမ်းကိုမျှ ထောက်ခံမှုပေးလိမ့်မည်မဟုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက ကြေညာထားသည်။

ဇွန် ၄ ရက် ဂါဇာစစ်ပွဲဆုံးဖြတ်ချက်မူကြမ်းမဲခွဲပွဲသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလနောက်ပိုင်း ပြုလုပ်ခဲ့သော ပထမဆုံးဂါဇာစစ်ပွဲဆုံးဖြတ်ချက်မူကြမ်းမဲခွဲပွဲ ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ဗီးနပ်စ်အေရိုစပေ့စ်ကုမ္ပဏီက အသံထက်မြန်နှုန်းလွန် ဂျက်လေယာဉ်သစ်အတွက် အသုံးပြုမည့် ဒုံးကန်အားစနစ်တစ်မျိုးကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့



**ဝါရှင်တန် ဇွန် ၅**

အမေရိကန်နိုင်ငံ အခြေစိုက် ဗီးနပ်စ်အေရိုစပေ့စ် ကုမ္ပဏီသည် အသံထက်မြန်နှုန်းလွန် ဂျက်လေယာဉ်သစ်အတွက် အသုံးပြုမည့် ဒုံးကန်အားစနစ်တစ်မျိုးကိုအောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း ဇွန် ၄ ရက် သတင်းများအရ သိရသည်။

ဗီးနပ်စ်အေရိုစပေ့စ် ကုမ္ပဏီသည် အဆိုပါဒုံးကန်အားစနစ်ကို ဒုံးပျံငယ်တစ်စင်းတွင် တပ်ဆင်၍ ပစ်လွှတ်စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

ဗီးနပ်စ်အေရိုစပေ့စ် ကုမ္ပဏီသည် အဆိုပါဒုံးအင်ဂျင်စနစ်ကို ၎င်းတည်ဆောက်မည့် Stargazer အမည်ရှိ အသံထက်မြန်နှုန်းလွန် ဂျက်လေယာဉ်သစ်အတွက် အသုံးပြုရန်စီစဉ်ထားသည်။

တည်ဆောက်ပြီးစီးပါက Stargazer ဂျက်လေယာဉ်သည် တစ်နာရီ ၃၀၆၉ မိုင်နှုန်းဖြင့် ပျံသန်းနိုင်မည်ဖြစ်သည်။

၎င်း Stargazer ဂျက်လေယာဉ်သည် ခရီးသည်များကို နယူးယောက်မြို့မှပဲရစ်သို့ ၅၅ မိနစ်အတွင်း ပို့ဆောင်ပေးနိုင်ကြောင်း ဗီးနပ်စ်အေရိုစပေ့စ်ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်နိုင်ငံ နယူးယောက်မြို့နှင့် ပြင်သစ်နိုင်ငံ ပဲရစ်မြို့ကြား ခရီးစဉ်ကို လက်ရှိခရီးသည်တင် လေယာဉ်များအနေဖြင့် ရှစ်နာရီခန့် အချိန်ယူပျံသန်းကြရကြောင်း သိရသည်။

Ref : Russia Today

Trs : KKO


## နေမျက်နှာပြင်လှုပ်ရှားမှုများကြောင့် Space-X ကုမ္ပဏီက လွှတ်တင်ထားသော စတားလင့်ခ်ဂြိုဟ်တုများ၏ မစ်ရှင်သက်တမ်းများ ပိုတိုတောင်းလာ

**ဝါရှင်တန် ဇွန် ၅**

နေမျက်နှာပြင်လှုပ်ရှားမှုများကြောင့် Space-X ကုမ္ပဏီက လွှတ်တင်ထားသော စတားလင့်ခ်ဂြိုဟ်တုများ၏ မစ်ရှင်သက်တမ်းများ ပိုတိုတောင်းလာပြီး ကမ္ဘာ့လေထုလွှာအတွင်းသို့ ပုံမှန်ထက်စော၍ ပြန်လည်ဝင်ရောက်လာနိုင်ကြောင်း ဇွန် ၄ ရက် သတင်းများအရ သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)မှ သိပ္ပံပညာရှင်များသည် နေမျက်နှာပြင်လှုပ်ရှားမှုများ မြင့်တက်နေချိန်ကာလ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၄ ခုနှစ်ကြား ကာလအတွင်း စတားလင့်ခ်ဂြိုဟ်တုများ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မှုကို စောင့်ကြည့်လေ့လာခဲ့ကြသည်။

အထက်ပါ ငါးနှစ်တာကာလအတွင်း ကမ္ဘာ့လေထုလွှာအတွင်း



သို့ စတားလင့်ခ်ဂြိုဟ်တုပေါင်း ၅၂၃ စင်းထိ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။

နာဆာ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထက်ပါ စတားလင့်ခ် ဂြိုဟ်တုများသည် နေမျက်နှာပြင် လှုပ်ရှားမှုများကြောင့် ထွက်ပေါ်လာသည့် စွမ်းအင်စီးကြောင်းများကြောင့် အမြင့်ပေထိန်းထားနိုင်စွမ်း ဆုံးရှုံးခဲ့ရပြီး ပုံမှန်ထက်စော၍ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

နေမျက်နှာပြင် လှုပ်ရှားမှုများ၏ အကျိုးသက်ရောက်မှုများကြောင့် စတားလင့်ခ်ဂြိုဟ်တုများ၏ သက်တမ်းမှာ ၁၀ ရက်မှ ၁၂ ရက်ထိ လျော့နည်းသွားကြောင်း နာဆာသိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## တရုတ်နှင့်ဂျာမနီ သိပ္ပံပညာရှင်များက နေနှင့်အလားတူသော ကတ်ပလာ -725 ကြယ်ကို ဗဟိုပြုလှည့်ပတ်နေသည့် ရောမဂြိုဟ်ကြီးတစ်စင်းကို ရှာဖွေတွေ့ရှိ

**ပေကျင်း ဇွန် ၅**

တရုတ်နှင့် ဂျာမနီ သိပ္ပံပညာရှင်များသည် နေနှင့်အလားတူသော ကတ်ပလာ -725 ကြယ်ကို ဗဟိုပြု လှည့်ပတ်နေသည့် ရောမဂြိုဟ်ကြီးကို ရှာဖွေတွေ့ရှိထားကြောင်း ဇွန် ၄ ရက် သတင်းများအရ သိရသည်။

ကတ်ပလာ-725 C ဟူ၍ အမည်ပေးထားသည့် အဆိုပါဂြိုဟ်သည် ဒြပ်ထုအားဖြင့် ကမ္ဘာဂြိုဟ်ထက် ၁၀ ဆ ပိုကြီးမားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် ကတ်ပလာ-725 C ဂြိုဟ်သည် ကတ်ပလာ-725 ကြယ်ကို မနီးလွန်းမဝေးလွန်းသော ပတ်လမ်းနေရာမှ တစ်ဆင့် လှည့်ပတ်လျက်ရှိရာ သက်ရှိများ ရှင်သန်နိုင်သည့် အခြေအနေများ ၎င်းဂြိုဟ်ပေါ်၌ ရှိနေနိုင်သည်ဟု သိပ္ပံပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ ကတ်ပလာ-725 C ဂြိုဟ်သည် မိခင်ကြယ်ကို ၂၀၇ ဒသမ ၅ ရက်လျှင် တစ်ပတ်လှည့်ပတ်နေကြောင်း သိရသည်။

တရုတ်နှင့် ဂျာမနီသိပ္ပံပညာရှင်များသည် Transit Timing Variation (TTV) ခေါ် နည်းပညာတစ်မျိုးကို ကမ္ဘာ့ပထမဆုံး အကြိမ်အဖြစ် အသုံးပြု၍ ကတ်ပလာ-725 C ဂြိုဟ်ကို ရှာဖွေ တွေ့ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကတ်ပလာ-725 ကြယ်နှင့် ကတ်ပလာ-725 C ဂြိုဟ်တို့သည် နေအဖွဲ့အစည်းနှင့် အလင်းနှစ် ၂၄၇၂ အကွာတွင်တည်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အိပ်စက်ချိန်လေပြွန်ပိတ်ဆို့မှုပြဿနာကြောင့် အဆုတ်ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မား

**နယူးယောက် ဇွန် ၅**

အိပ်စက်ချိန်လေပြွန်ပိတ်ဆို့မှုပြဿနာ(Sleep Apnea) ရှိနေသူများ၌ အဆုတ်ကင်ဆာရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက်မြင့်မားနေကြောင်း သုတေသနပညာရှင်များက ဇွန် ၄ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ မာရှယ် တက္ကသိုလ်မှ သုတေသနပညာရှင်များသည် အရွယ်ရောက်သူဦးရေ ၂ ဒသမ ၄ သန်းကျော်တို့၏ကျန်းမာရေးမှတ်တမ်းများကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက် ရလဒ်များအရ လေပြွန်ပိတ်ဆို့မှုပြဿနာရှိသူများမှာ ၎င်းပြဿနာမရှိသူများနှင့် နှိုင်းယှဉ်ပါက အဆုတ်ကင်ဆာဖြစ်နိုင်ခြေ ၅ ဒသမ ၂၁ ဆ ပိုမြင့်မားသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာနှင့်အဆုတ်ကင်ဆာရောဂါဖြစ်နိုင်ခြေတို့ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို ဖော်ထုတ်ရေးအတွက် သုတေသနလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန်လိုသည်ဟု သုတေသနပညာရှင်များက ဝန်ခံထားကြောင်း သိရသည်။

သို့ရာတွင် အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာမှာ ကြိုတင်တားဆီးကာကွယ်နိုင်သော အဆုတ်ကင်ဆာရောဂါနောက်ခံ အကြောင်းတရားမျိုးဖြစ်နိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အဆုတ်ကင်ဆာရောဂါသည် ကမ္ဘာပေါ်၌ အဖြစ်အများဆုံးကင်ဆာရောဂါဖြစ်ပြီး အဆိုပါရောဂါခံစားရသူ လူနာငါးဦးလျှင် လေးဦးနှုန်းမှာရောဂါတွေ့ရှိပြီးနောက်ပိုင်း ငါးနှစ်အတွင်း အသက်ဆုံးပါးရတတ်သည့် ကြောက်မက်ဖွယ်ကောင်းသောရောဂါ ဖြစ်သည်။

Ref : Sputnik News

Trs : KKO

## ပုံစံ-၂ ဆီးချိုလူနာများ၌ နှလုံးခုန်ရပ်တန့်နိုင်မှုကို Mitoquinone ဆေးတစ်မျိုးက တားဆီးပေးနိုင်

**လန်ဒန် ဇွန် ၅**

Mitoquinone ခေါ် ဆေးတစ်မျိုးသည် ပုံစံ-၂ ဆီးချိုရောဂါလူနာများ၌ နှလုံးခုန်ရုတ်တရက်ရပ်နိုင်မှုကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း ဇွန် ၄ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ လိဒ်တက္ကသိုလ်မှ သုတေသန ပညာရှင်များ၏အဆိုအရ ပုံစံ-၂ ဆီးချိုရောဂါရှိသူများ၌ နှလုံးခုန် ရုတ်တရက်ရပ်နိုင်ခြေ ပုံမှန်ထက် ငါးဆထိ ပိုမြင့်မားကြောင်း သိရသည်။

သို့ရာတွင် Mitoquinone ဆေးသည်ပုံစံ-၂ဆီးချိုလူနာများ၌ နှလုံးခုန် ရုတ်တရက်ရပ်နိုင်ခြေကို ကာကွယ်ပေးနိုင်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

Mitoquinone သည် ဓာတ်ခွဲခန်းအတွင်း ထုတ်လုပ်သည့် အောက်ဆီဂျင် ဓာတ်ဖျက်ပစ္စည်းတစ်မျိုးဖြစ်ပြီး ဆဲလ်များကို ကာကွယ်ရာတွင် အထောက်အကူပြုကြောင်း သိရသည်။

Mitoquinone သည် လူ့ကိုယ်ခန္ဓာအတွင်း သဘာဝအလျောက် ပေါ်ထွက်လာသည့် CoQ10 ခေါ် အောက်ဆီဂျင် ဓာတ်ဖျက်ပစ္စည်းတစ်မျိုးကို တုပဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် Mitoquinone ဆေးကို ပုံစံ-၂ ဆီးချို လူနာဦးရေ ၇၀ တို့ဖြင့် စမ်းသပ်ခဲ့ပြီးနောက် ၎င်းတို့၌ နှလုံးခုန် ရုတ်တရက်ရပ်နိုင်မှုကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# အယ်ဟိုင်လာအသင်းက နည်းပြအင်ဇာဂီကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူ

ရီယာ့ဒ် ဇွန် ၅

ဆော်ဒီပရိုလိဂ်မှ အယ်ဟိုင်လာအသင်းသည် အင်တာမီလန် အသင်းနှင့် တရားဝင်လမ်းခွဲခဲ့သည့် နည်းပြအင်ဇာဂီကို လာမည့် ၂၀၂၇ ခုနှစ်ထိ သက်တမ်းရှိသည့် စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၅၁ နှစ်ရှိ နည်းပြအင်ဇာဂီသည် ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းကို ငါးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးကတည်းက အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ကာ အယ်ဟိုင်လာအသင်းက ၎င်းကို တစ်နှစ်လုပ်ခ ယူရို သန်း ၂၀ ကျော်ဖြင့် ကမ်းလှမ်းခဲ့ချိန်တွင် သဘောတူညီမှု ရခဲ့သောကြောင့် နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အယ်ဟိုင်လာ အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက နည်းပြဂျေ့ဂျီးဆပ် လက်ထက်တွင် ဆော်ဒီဘုရင့်ဖလားနှင့် ဆော်ဒီပရိုလိဂ် ချန်ပီယံဆုဖလား ရယူနိုင်ခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီ အဆုံးအဖြတ်ပွဲစဉ်များတွင် ရလဒ်ပိုင်းဆိုးရွားခဲ့သဖြင့် အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၂) နေရာတွင်သာ ရပ်တည်နိုင်ခဲ့ပြီး ဆော်ဒီဘုရင့်ဖလား ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်နှင့် အေအက်ဖ်စီချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပြိုင်ဘက် အယ်အာလီအသင်းကို ဆီမီးဖိုင်နယ်အဆင့်၌ ရှုံးနိမ့်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ဂျေ့ဂျီးဆပ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အယ်ဟိုင်လာအသင်းကို ယာယီနည်းပြ အယ်ရှာဟုဘ်က တာဝန်ယူလျက်ရှိပြီး အသင်းတာဝန်ရှိသူများက လာမည့်ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အတွေ့အကြုံကောင်းများရှိသည့် နည်းပြတစ်ဦးခန့်အပ်နိုင်ရန် ကြိုးပမ်းလျက်ရှိရာ အင်တာမီလန်အသင်းနှင့် လမ်းခွဲခဲ့သည့် နည်းပြအင်ဇာဂီကို ခန့်အပ်နိုင်ခဲ့ပြီး ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းကို ဦးဆောင်နိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

Ref : Espn

Trs : ML




## အားကစားသတင်းအတိုအထွာများ

- စပါးအသင်းက အသက် ၃၂ နှစ်ရှိတိုက်စစ်မှူး ဆွန်ဟောင်မင်ကို စာချုပ်သက်တမ်းတစ်နှစ်သာ ကျန်ရှိတော့သဖြင့် အလွတ်ပြောင်းရွှေ့ခွင့် မပြုနိုင်သောကြောင့် ကစားသမား၏ဆုံးဖြတ်ချက်ပေါ်မူတည်ကာ ကမ်းလှမ်းလာသည့် အသင်းများသို့ ရောင်းချသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ချန်ပီယံရှစ်ကလပ် မစ်ဒယ်ဘရော့အသင်းက ယခုနှစ်အမှတ်ပေးပြိုင်ပွဲတွင် တန်းတက်ခွင့်အတွက် play-off ကစားခွင့်ဆုံးရှုံးခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်ကတည်းကလက်တွဲခဲ့သည့် နည်းပြကာရစ်ကို ရာထူးမှထုတ်ပယ်ခဲ့ကြောင်း သိရသည်။
- အင်္ဂလန်လူငယ်အသင်းဖြစ်သည့် ယူ-၂၁ အသင်းကို ၂၀၂၀ ပြည့်နှစ်ကတည်းက လက်တွဲခဲ့သည့် နည်းပြကာစလေက အသင်းကို လာမည့် ၂၀၂၇ ယူရိုပြိုင်ပွဲတွင် တာဝန်ယူရန် ဆုံးဖြတ်ထားသဖြင့် ၂၀၂၇ ခုနှစ်ထိ အက်ဖ်အေနှင့် စာချုပ်သစ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ML

# စီရော်နယ်ဒို၏ သွင်းဂိုးဖြင့် ပေါ်တူဂီအသင်း ယူအီးအက်ဖ်အေနေးရှင်းလိဂ် ဗိုလ်လုပွဲတက်ရောက်



မြူးနစ် ဇွန် ၅

ယူအီးအက်ဖ်အေ နေးရှင်းလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဂျာမနီအသင်းနှင့် ပေါ်တူဂီအသင်းတို့ ကစားခဲ့ရာ ပေါ်တူဂီအသင်းက တိုက်စစ်မှူး စီရော်နယ်ဒို၏ ဦးဆောင်ဂိုးကြောင့် နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါပွဲစဉ်ကို ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခွင့်ရခဲ့သဖြင့် ပေါ်တူဂီအသင်းအနေဖြင့် ပွဲစကတည်းက ဂျာမနီအသင်း၏ ဖိအားပေးမှုများကို ခံခဲ့ရသော်လည်း ကွင်းလယ်ကစားပုံကောင်းမွန်မှုကြောင့် ပြိုင်ဘက်၏ တိုက်စစ်ကို အကောင်းဆုံး ဟန့်တားနိုင်ခဲ့သည့်အပြင် တန်ပြန်တိုက်စစ်မှ အပိုင်အခွင့်အရေးများရခဲ့သော်လည်း အဆုံးသတ်မသေချာမှုကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းအစတွင် ပေါ်တူဂီအသင်း အထနှေးနေချိန်၌ ဂျာမနီအသင်းက ကီမစ်ချ်၏ ဖန်တီးပေးမှုမှ ဖလိုရီယန်ဝစ် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ပေါ်တူဂီအသင်း ဖိအားအောက်ကျရောက်ခဲ့ပြီး ပွဲချိန် ၅၈ မိနစ်တွင် လူစားလဲမှုများပြုလုပ်၍ တိုက်စစ်ကစားပုံ မြှင့်တင်နိုင်ခဲ့ရာ ပွဲချိန် ၆၃ မိနစ်တွင် ကွန်စီကာအိုက ချေပဂိုး၊ ပွဲချိန် ၆၈ မိနစ်တွင် စီရော်နယ်ဒိုက ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သောကြောင့် နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ပေါ်တူဂီအသင်းသည် ၂၀၀၀ ပြည့်နှစ် ဥရောပချန်ပီယံရှစ်ပြိုင်ပွဲကတည်းက ဂျာမနီအသင်းနှင့် တွေ့ဆုံမှု လေးကြိမ်စလုံး ရှုံးနိမ့်ခဲ့ရသော်လည်း ယခုတစ်ကြိမ်မှသာ နိုင်ပွဲရခဲ့သဖြင့် မှတ်တမ်းဆိုးတစ်ရပ်ကို ချေဖျက်နိုင်ခဲ့ပြီး တိုက်စစ်မှူး စီရော်နယ်ဒိုသည်လည်း ကစားသမားဘဝတွင် နိုင်ငံတကာသွင်းဂိုး ၁၃၇ ဂိုးထိ သွင်းယူနိုင်ခဲ့သည်။

Ref : Espn

Trs : ML

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ပင်နယ်တီစည်းမျဉ်းကို ပြောင်းလဲခဲ့ပြီး စည်းမျဉ်းသစ်တစ်ခု သတ်မှတ်

ဇူးရစ် ဇွန် ၅

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် (ဖီဖာ)က လက်ရှိကျင့်သုံးနေသည့် ပင်နယ်တီစည်းမျဉ်းကို ပြောင်းလဲခဲ့ပြီး ပင်နယ်တီစည်းမျဉ်းသစ်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

လက်ရှိဘောလုံးလောကတွင် ပင်နယ်တီကန်သွင်းသည့် ကစားသမားအနေဖြင့် ပင်နယ်တီကန်သွင်းချိန်တွင် ခြေထောက်နှစ်ဖက်စလုံးနှင့် ထိမိပြီး ဂိုးဝင်ခဲ့လျှင် ဂိုးအဖြစ်သတ်မှတ်ပေးမည်မဟုတ်သည့်အပြင် ပြန်လည်ကန်သွင်းခွင့်ကိုလည်း မပေးသည့် စည်းမျဉ်း အသုံးပြုနေခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆) သင်းရှုံးထွက်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ် အသင်းနှင့် အေတီကိုအသင်းတို့ ပွဲစဉ်တွင် ပင်နယ်တီအဆုံးအဖြတ် ကစားခဲ့သည့်အချိန်၌ အေတီကိုအသင်းမှ အယ်လ်ဗာရက်အနေဖြင့် ဂိုးဝင်ခဲ့သော်လည်း VAR ဖြင့် ပြန်လည် စစ်ဆေးခဲ့ပြီးနောက် အယ်လ်ဗာရက်အနေဖြင့် ခြေထောက်နှစ်ဖက်စလုံးဖြင့် ထိခဲ့သည်ဟု ဆုံးဖြတ်ခဲ့ပြီးနောက် သွင်းဂိုးကို ပယ်ဖျက်ခဲ့သည့်အပြင် ပြန်လည်ကန်သွင်းခွင့်လည်းမပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် ဥရောပဘောလုံးအဖွဲ့ချုပ်က စည်းမျဉ်းကို ပြန်လည်ပြင်ဆင်ပေးရန်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ထံ တောင်းဆိုခဲ့ပြီးနောက် ဖီဖာကလည်း ပင်နယ်တီစည်းမျဉ်းပြင်ဆင်ရန် နိုင်ငံတကာဘောလုံးဘုတ်အဖွဲ့(IFAB)ထံ ထပ်ဆင့်တောင်းဆိုခဲ့ပြီးနောက် IFAB က ပယ်နယ်တီစည်းမျဉ်းကို ပြောင်းလဲသတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည့် ပင်နယ်တီစည်းမျဉ်းသစ်အရ ကစားသမားတစ်ဦးအနေဖြင့် ပယ်နယ်တီကန်သွင်းချိန်တွင် ခြေထောက်နှစ်ဖက်စလုံးနှင့်ထိမိခဲ့ပါက ဂိုးအဖြစ် သတ်မှတ်ပေးမည်မဟုတ်သော်လည်း ပင်နယ်တီပြန်လည်ကန်သွင်းခွင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : MSN

Trs : STA

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၇)တွင် ဟံသာဝတီယူနိုက်တက်နှင့် ရာမညယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် ဇွန် ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၇) ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ ဟံသာဝတီယူနိုက်တက် အသင်းနှင့် ရာမညယူနိုက်တက် အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းလေ့ကျင့်ရေးကွင်းတွင် ဟံသာဝတီယူနိုက်တက် အသင်းနှင့် ဒဂုံပေါ့ အသင်းတို့ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဟံသာဝတီယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ရှစ်မိနစ်တွင် ဝေစိုး၊ ပွဲချိန် ၅၁ မိနစ်နှင့် ၅၉ မိနစ်တို့တွင် အောင်ဇော်ဦး၊ ပွဲချိန် ၆၂ မိနစ်တွင် ကောင်းမြတ်အောင်တို့က သွင်းယူပေးနိုင်ခဲ့ကာ ဒဂုံပေ့ါအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၈၃ မိနစ်တွင် ဝိုင်းဝိုင်းချစ်က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာ အားကစားကွင်း၌ ရာမညယူနိုက်တက် အသင်းနှင့် ရခိုင်ယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ရာမညယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရာမညယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၄ မိနစ်တွင် စောထူးဝေလရန်အောင်နှင့် ပွဲချိန် ၄၉ မိနစ်တွင် နေတိုးဇော်တို့က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




STA

# တရုတ်-အာဆီယံပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အောင်ပွဲရ မြန်မာပိုက်ကျော်ခြင်းအဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၅

တရုတ်နိုင်ငံတွင် ဇွန် ၁ရက်မှ ၄ရက်ထိ ကျင်းပခဲ့သည့် တရုတ်-အာဆီယံ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးပြီး ယနေ့မွန်းလွဲ ၁ နာရီခွဲက မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ခေါင်းဆောင် ဦးစိုင်းဇော်ထွန်းလင်း၊ အုပ်ချုပ်သူ ဦးသန်းထွန်း ၊ နည်းပြနှစ်ဦး၊ အမျိုးသားခြောက်ဦး၊ အမျိုးသမီးခြောက်ဦးတို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြသည်။



အဆိုပါမြန်မာအားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာကော်မတီနာယကတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များ၊ အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြုကော်မတီအဖွဲ့ဝင်များက အောင်ပွဲရ မြန်မာပိုက်ကျော်ခြင်းအသင်းများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြသည်။

တရုတ်-အာဆီယံ ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းက သုံးယောက်တွဲနှင့် လေးယောက်တွဲပြိုင်ပွဲနှစ်ရပ်လုံးတွင် ရွှေတံဆိပ်တစ်ခုစီနှင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် သုံးယောက်တွဲ၊ လေးယောက်တွဲပြိုင်ပွဲ၌ ကြေးတံဆိပ်တစ်ခုစီ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

STA

# IBF၊ IBO ကမ္ဘာ့လိုက်ဝိတ်တန်းချန်ပီယံ လိုမာချန်ကို လက်ဝှေ့သမားဘဝမှ အနားယူ

ကီယက်ဗ် ဇွန် ၅

IBF၊ IBO ကမ္ဘာ့လိုက်ဝိတ်တန်းချန်ပီယံယူကရိန်းလက်ဝှေ့သမား လိုမာချန်ကိုသည် လက်ဝှေ့လောကမှအနားယူရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၃၇ နှစ်အရွယ် လိုမာချန်ကိုသည် လက်ဝှေ့လောကတွင် စိန်ခေါ်ပွဲပေါင်း ၂၁ ပွဲထိုးသတ်ခဲ့ပြီး ရှုံးပွဲသုံးပွဲရှိခဲ့သည်။

လိုမာချန်ကိုသည် ၂၀၀၈ ခုနှစ် ပေကျင်း အိုလံပစ်အားကစားပွဲတော်နှင့် ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်အားကစားပွဲတော်တွင် ရွှေတံဆိပ်ဆုကို ဆွတ်ခူးထားသူဖြစ်သည်။

လိုမာချန်ကိုသည် နောက်ဆုံးထိုးသတ်မှုအနေဖြင့် ဩစတြေးလျလက်ဝှေ့ကစားသမား ကမ်ဘိုဆော့နှင့်ထိုးသတ်ခဲ့ပြီး လိုမာချန်ကိုက အနိုင်ရရှိခဲ့သည်။

လိုမာချန်ကိုသည် ကမ်ဘိုဆော့ကို ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ယင်းပွဲစဉ်အပြီးတွင် လက်ဝှေ့လောက၌ ဆက်လက်ကျင်လည်သွားရေးနှင့် ပတ်သက်ပြီး မိသားစုဖြင့်တိုင်ပင်ဆွေးနွေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လိုမာချန်ကိုသည် မိသားစုဖြင့် တိုင်ပင် ဆွေးနွေးခဲ့ပြီးနောက် လက်ဝှေ့လောကမှ အနားယူရန် ဆုံးဖြတ်လိုက်ပြီ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

လိုမာချန်ကိုသည် မိသားစုကို အချိန်ပေးလိုပြီး ၎င်း၏ သားသမီးများ၏ ဘဝရှေ့ရေးအတွက် လုပ်ဆောင်သင့်သည့် ကိစ္စများရှိနေ၍ ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

Ref : Xinhua

Trs : AZL



# ဇီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ချန်ပီယံအမှတ်တံဆိပ်ကို ဆုဖလားရယူနိုင်သည့်အသင်းက ၂၀၂၉ ခုနှစ်ထိ ဝတ်ဆင်ခွင့်ရမည်ဟုဆို

ဇူးရစ် ဇွန် ၅

ဇီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကို ယခုနှစ်မှစတင်ကာ အသင်းတိုးမြှင့် ကျင်းပခဲ့ပြီး လေးနှစ်တစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်သောကြောင့် ယခုနှစ်ပြိုင်ပွဲတွင် ဆုဖလားရရှိသည့်အသင်းအနေဖြင့် ချန်ပီယံအမှတ်တံဆိပ်ကို လာမည့် ၂၀၂၉ ခုနှစ်ထိ ဝတ်ဆင်ခွင့် ရမည်ဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပြောကြားခဲ့သည်။

ယခင်က ဇီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကို နှစ်စဉ် ဒီဇင်ဘာလတွင် စတင်ကျင်းပခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် နောက်ဆုံးအကြိမ် ပြုလုပ်ခဲ့ပြီးနောက် ချန်ပီယံဆုဖလားရရှိခဲ့သည့် မန်စီးတီးအသင်းသည် ချန်ပီယံအမှတ်တံဆိပ်ကို ဝတ်ဆင်ခွင့်ရခဲ့ကာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ရီးရဲလ်မက်ဒရစ်အသင်းက ချန်ပီယံဆုရရှိခဲ့သော်လည်း အဆိုပါပြိုင်ပွဲသည် ယခင်ကကျင်းပခဲ့သည့် တိုက်ကြီးများဖလား ပြိုင်ပွဲသာဖြစ်၍ မန်စီးတီးအသင်းက လက်ရှိအချိန်ထိ ချန်ပီယံအမှတ်တံဆိပ်ကို ဝတ်ဆင်ကစားခွင့်ရခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က ကလပ်အသင်းများအတွက် ပထမဆုံးကျင်းပခဲ့သည့် တိုက်ကြီးများဖလားပြိုင်ပွဲကို အမည်ပြောင်းလဲ၍ ဇီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲအဖြစ် ကျင်းပခဲ့ခြင်းဖြစ်သဖြင့် ယခုပြိုင်ပွဲ ပြီးဆုံးချိန်တွင်လည်း လာမည့် ၂၀၂၉ ခုနှစ် ပြိုင်ပွဲမတိုင်မီထိ ဇီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို ကျင်းပမည်မဟုတ်ဘဲ လေးနှစ်တစ်ကြိမ်သာ ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

လာမည့် ရက်သတ္တပတ်အတွင်း ပြိုင်ပွဲဝင်အသင်း ၃၂ သင်းဖြင့် ကျင်းပသွားမည့် ဇီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဥရောပဇုန်မှ ပေါ်တိုအသင်း၊ အေတီကိုအသင်း၊ ပီအက်စ်ဂျီအသင်း၊ ဘိုင်ယန်မြူးနစ်အသင်း၊ ဘင်ဖီကာအသင်း၊ ချဲလ်ဆီးအသင်း၊ အင်တာမီလန်အသင်း၊ ဒေါ့မွန်အသင်း၊ မန်စီးတီးအသင်း၊ ဂျူဗင်တပ်အသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဆဲလ်ဘတ်အသင်းတို့ ပါဝင်ခွင့်ရခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

# ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် စဝီယာတက်ခ်က ဆာဘာလင်ကာနှင့် ယှဉ်ပြိုင်ကစားရမည်



ပဲရစ် ဇွန် ၅

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် ဆာဘာလင်ကာနှင့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်တို့ နိုင်ပွဲကိုယ်စီရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဘယ်လာရုစ် တင်းနစ်မယ် ဆာဘာလင်ကာသည် ကွာတားဖိုင်နယ်အဆင့်တွင် တရုတ်တင်းနစ်မယ် ကျန်ကွင်းဝမ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဆာဘာလင်ကာက (၇-၆၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဆာဘာလင်ကာသည် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန် ရေပန်းစားနေသလို နိုင်ခြေအဆင့်(၁) အဖြစ် သတ်မှတ်ခံထားရသည့် ပြိုင်ပွဲဝင်တစ်ဦးလည်းဖြစ်သည်။

ကျန်ကွင်းဝမ်သည်လည်း စွမ်းဆောင်ရည် တိုးတက်နေသလို ပုံစံကောင်းများ ပြသနေသည့် တင်းနစ်မယ်တစ်ဦးဖြစ်ပြီး ပထမပွဲငယ်တွင် အကြိတ်အနယ် ယှဉ်ပြိုင် ကစားခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ဆာဘာလင်ကာက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်သည် ကွာတားဖိုင်နယ်အဆင့်တွင် ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး စဝီယာတက်ခ်က (၆-၁၊ ၇-၅)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

စဝီယာတက်ခ်သည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ပြီး ဒုတိယပွဲငယ်တွင် စဗစ်တိုလီနာက ရစ်သမ်မိလာခဲ့ပြီး စွမ်းဆောင်ရည်ကောင်းများ ပြသနိုင်ခဲ့သည့်အတွက် စဝီယာတက်ခ်အနေဖြင့် ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# အမ်ဘူမိုက မန်ယူအသင်းထံ တစ်ပတ်လုပ်ခ စတာလင်ပေါင် ၂၃၀၀၀၀ ထိပေးရန် တောင်းဆို

မန်ချက်စတာ ဇွန် ၅

မန်ယူအသင်းက ခေါ်ယူရန် ကြိုးပမ်းနေသည့် ဘရန့်ဖို့ဒ်အသင်းမှ အမ်ဘူမိုက မန်ယူအသင်းထံ တစ်ပတ်လုပ်ခ စတာလင်ပေါင် ၂၃၀၀၀၀ ရရှိရန်အတွက် တောင်းဆိုခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကစားသမားအင်အားပိုင်းကို ကြီးကြီးမားမား အပြောင်းအလဲလုပ်ဆောင်ရန်အတွက် ကြိုးပမ်းနေပြီး လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဝုဗ်အသင်းမှ ကန်ဟာကို ခေါ်ယူနိုင်ခဲ့ပြီးနောက် ဒုတိယမြောက်ခေါ်ယူမှုအဖြစ် အမ်ဘူမိုကိုခေါ်ယူရန် ဆက်လက်ကြိုးပမ်းနေခြင်းဖြစ်သည်။

အမ်ဘူမိုကိုယ်တိုင်ကလည်း မန်ယူအသင်းထံ ပြောင်းရွှေ့လိုနေသော်လည်း လက်ရှိတွင် လုပ်ခလစာနှင့်ပတ်သက်ပြီး ဆွေးနွေးမှုများလုပ်ဆောင်နေကာ အမ်ဘူမိုက လက်ရှိ ဘရန့်ဖို့ဒ်အသင်းတွင်ရရှိနေသည့် တစ်ပတ်လုပ်ခလစာထက် ငါးဆခန့်ထိမြင့်မားသည့် တစ်ပတ်လုပ်ခ စတာလင်ပေါင် ၂၃၀၀၀၀ ထိ မန်ယူအသင်းထံ တောင်းဆိုထားခြင်းဖြစ်သည်။

လက်ရှိတွင် မန်ယူအသင်းက အမ်ဘူမိုကို ခေါ်ယူနိုင်ရန်အတွက် အခြေအနေကောင်းများ ပိုင်ဆိုင်နေသော်လည်း အမ်ဘူမိုနှင့် လုပ်ခလစာအတွက် ဆက်လက်ဆွေးနွေးမှုများ လုပ်ဆောင်နေသကဲ့သို့ ဘရန့်ဖို့ဒ် အသင်းနှင့်လည်း ပြောင်းရွှေ့ကြေးအတွက် အသေးစိတ်ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိနေသည်။

အမ်ဘူမိုသည် ယခုနှစ် ဘောလုံးရာသီတွင် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၃၈ ပွဲလုံး ပါဝင်ကစားနိုင်ခဲ့ပြီး သွင်းဂိုး ၂၀ ထိ သွင်းယူနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးမှု ခုနစ်ကြိမ် ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ပဏာမဗြည့်ခံဂီတသံ

## ကိုဇော်ဌေး(ယဉ်ကျေးမှု)

အကိုးအထောက်နည်းပါးလှသည့်ကြားမှပင် မြန်မာ့သဘင်မှုဖြစ်စဉ်ကို ပညာရှင်တို့က သုတေသနပြုဖော်ထုတ်နိုင်ခဲ့ကြသည်။ မြန်မာ့သဘင်သည် လွန်ခဲ့သောနှစ်ပေါင်းထောင်ချီက ဖြစ်တည်လာခဲ့ပြီး ဒုတိယကမ္ဘာစစ်အပြီး ကာလမှစ၍ ယနေ့ထိ ထွန်းကားဝေစည် ဖွံ့ဖြိုးတည်ခဲ့သည်ကား အမှန်ပင်ဖြစ်သည်။ အရိုးကို အရွက်မဖုံးစေရန် ဦးထိပ်ရွက်ပြီး မြန်မာ့မှုဟန်အပြည့် ဖန်တီးခြင်းဖြင့် ပဏာမဗြည့်ခံဂီတသံဆိုသည့် အစီအစဉ်သည် မြန်မာ့သဘင်စင်မြင့်ထက်သို့ နေရာယူလာခဲ့တော့သည်။

ပဏာမဗြည့်ခံဂီတသံ၏ ရင်းမြစ်ကိုလေ့လာပါက ကျေးလက်ဒေသတွင်ပွဲစတင်ချိန် ညနေ သုံးနာရီကျော်၊ လေးနာရီတွင် ကြားရသည့် ပတ်မသံကစတင်သည်ဟု ပြောရမည်ဖြစ်သည်။ ရွာနီးချုပ်စပ်မကျန်၊ ပရိသတ်များကိုပွဲရှိကြောင်း ဖိတ်ခေါ်ဗြည့်ခံသည့်အနေဖြင့်လည်းကောင်း၊ တစ်နည်းလှုံ့ဆော်သည့်သဘောဖြင့်လည်းကောင်း တီးတတ်ကြခြင်းဖြစ်သည်။ တစ်ဖန်ဓာတ်စင်များမီးထွန်းညှိပြီးသည်နှင့် လက်ထောက်ပတ်မတီးနှင့်တကွ အတီးကျွမ်းကျင်သူများက ပုံသေမဟုတ်သော သီချင်းတီးလုံးတို့ကို ဆက်တိုက်ဆိုသလို တီးလေ့ရှိကြသည်။ ပွဲခင်းသို့စောစီးစွာရောက်နှင့်နေသည့် ကလေးလူငယ်၊ လူရွယ်လူကြီးပါမကျန် ဆိုင်းဝိုင်းအနီးပတ်လည်တွင် အနီးကပ်ဝိုင်း၍ နားထောင်ကြသည်။ တီးမှုတ်ပုံကိုကြည့်ကြသည်။ ထိုမှဇာတ်၏ အခြေအနေကိုအကဲခတ်ကြသည်။ ကြုံရခဲလှသည့် ပွဲညကိုတန်ဖိုးထား၍ပျော်ရွှင်တက်ကြွနေကြသည်။ တီးမှုတ်ခြင်းကိုပွဲစရန်ကန့်လန့်ကာ အတွင်းမှ မောင်း သို့မဟုတ် ခေါင်းလောင်းသံအချက်ပေးပြီး အထက်နှင့်အောက် လေ၊ မီး၊ မိုး၊ သုံးကြိမ်တီးခတ်ခြင်း မတိုင်မီအထိဖြစ်သည်။ ထိုမှာနောက်ဝယ် နတ်ကတော်မထွက်မီ ခုနစ်သံချီတျာယိုင်အခင်းကို တီးကြသည်။ ၎င်းသည် ယနေ့မျက်မှောက်ကျင့်သုံးနေသည့် ပဏာမဗြည့်ခံဂီတသံ၏သဘောကို သက်ဝင်စေခြင်းပင်ဖြစ်သည်။

သီးသန့်ဗြည့်ခံတီးလုံးဟူ၍ အစီအစဉ်သတ်မှတ်မထားဘဲ စင်ပေါ်မှနတ်ကတော်ထွက်ရန် ကတ္တီပါပြည်ဖုံးကား မဖွင့်မီပွဲစတင်တော့မည်ဖြစ်ကြောင်း လှုံ့ဆော်သတိပေးခြင်းဖြစ်သည်။ ဇာတ်ရုံ ဇာတ်ခုံ ခေတ်၌မှုအကြောင်းအမျိုးမျိုးကြောင့် ဇာတ်ရုံပြင်ပ၌ ရောက်ရှိနေကြသော ပရိသတ်အချို့သည် ရုံတွင်းမှ ပဏာမဗြည့်ခံတီးလုံးသံကိုကြား လိုက်ရသည့်အခါ ကိစ္စမှန်သမျှကို လက်စသတ်ကာ အမောတကောရုံအတွင်းသို့ ဝင်လေ့ရှိကြတော့သည်။ မိမိနေရာအမြန်ရှာ၍ ဆိုင်းတူရိယာသံကို နားဆင်ကြသည်။

ပဏာမဗြည့်ခံဂီတသံသည် ပရိသတ်ကို စည်းရုံးမှုနှင့် နည်းစနစ်ကျနမှုကိုပါ လမ်းပြပေးသည်။ ဆိုင်း၏ လက်ကျလက်န၊ စည်လုံးမှု၊ အရည်အသွေးပြည့်စုံမှုဂုဏ်ကို ခင်းကျင်းတင်ပြခြင်းဖြင့်ပွဲကြည့်ပရိသတ်၏အာရုံကိုအလုံးစုံ ချုပ်ထိန်းလိုက်နိုင်ခြင်းပင်ဖြစ်တော့သည်။ မြန်မာ့မှုဇာတ်သဘင်၏ ရှေးဦးမဆွပဏာမဗြည့်ခံဂီတသံအစပင်ဖြစ်ပါတော့သည်။ ထိုကာလတင်ဆက်ပုံသည် ဇာတ်ခုံ၊ ဇာတ်ရုံနှင့်သက်သောင့်သက်သာမဖြစ်သေးဘဲ ပွဲဦးအစ ပဏာမဗြည့်ခံဂီတသံကိုလည်း သတ်သတ်မှတ်မှတ် သီးသီးခြားခြားတင်ဆက်ရကောင်းမှန်းမသိကြသေးချေ။ သို့သော်လည်း အနှစ်သာရကားသက်ရောက်ခဲ့ပြီဟုဆိုနိုင်လေသည်။

ဒုတိယကမ္ဘာစစ်ကာလ ရန်ကုန်မြို့ရှိပြဇာတ်ရုံများတွင် ပဏာမဗြည့်ခံဂီတသံသည် စတင်မွေးဖွားလာခဲ့သည်။မြိုင်ပြဇာတ်ရုံ၏ ရှေ့တောင်ပံနှစ်ဖက်တွင်ပွဲခင်းနှင့်ဆိုင်းကျင်းတွင်းသို့ဆင်းတက်နိုင်သောဘယ်၊ ညာတံခါးပေါက်များရှိသည်။ ပွဲစရန်ဇာတ်ခုံအတွင်းမှ အချက်ပေးခေါင်းလောင်းသံ ဒုတိယအကြိမ်ပြီးသည်နှင့် ကြက်သွေးရောင် ရွှေတောင်ပုဆိုး၊ ရှပ်အင်္ကျီ၊ တိုက်ပုံအဖြူတူညီစွာဝတ်ဆင်ထားသည့် အတီးပညာရှင်များကို ဆရာရွှေပြည်အေးနှင့် မစ္စတာဘိန်ဟောင်တို့က တစ်ဖက်တစ်ချက်အပေါက်မှဦးဆောင်၍ အဖွဲ့သားများပါတူရိယာကျင်းအတွင်း တန်းစီဆင်းလာကြသည်။ ထိုအချိန်ထိ တီးမှုတ်သံမရှိ ဆိတ်ငြိမ်နေဆဲဖြစ်သည်။ တတိယခေါင်းလောင်းသံရပ်သည်နှင့် တီးဝိုင်းမှမြူးကြွငြိမ့်ညောင်းသော ခေတ်ပေါ်ဂီတသံထွက်ပေါ်လာ

**❖ကျေးလက်ဒေသတွင်ပွဲစတင်ချိန် ညနေ သုံးနာရီကျော်၊ လေးနာရီတွင်ကြားရသည့် ပတ်မသံကစတင်သည်ဟုပြောရမည်ဖြစ်သည်။ ရွာနီးချုပ်စပ်မကျန်၊ ပရိသတ်များကိုပွဲရှိကြောင်းဖိတ်ခေါ်ဗြည့်ခံသည့်အနေဖြင့်လည်းကောင်း၊ တစ်နည်းလှုံ့ဆော်သည့်သဘောဖြင့်လည်းကောင်း တီးတတ်ကြခြင်းဖြစ်သည်။ တစ်ဖန်ဓာတ်စင်များမီးထွန်းညှိပြီးသည်နှင့် လက်ထောက်ပတ်မတီးနှင့်တကွ အတီးကျွမ်းကျင်သူများက ပုံသေမဟုတ်သော သီချင်းတီးလုံးတို့ကို ဆက်တိုက်ဆိုသလို တီးလေ့ရှိကြသည်။ ပွဲခင်းသို့စောစီးစွာရောက်နှင့်နေသည့် ကလေးလူငယ်၊ လူရွယ်လူကြီးပါမကျန် ဆိုင်းဝိုင်းအနီးပတ်လည်တွင် အနီးကပ်ဝိုင်း၍ နားထောင်ကြသည်။ ❖**

တော့သည်။ ဗြည့်ခံချိန်သည် ငါးမိနစ်မှ ခုနစ်မိနစ်ခန့်သာကြာသည်။ ပရိသတ်သည် ဗြည့်ခံတီးလုံးသံကို ငြိမ်သက်စွာနားထောင်ကြသည်။ ပီတိဖြစ်ဟန်လည်း ရှိကြသည်။ ပဏာမဗြည့်ခံဂီတသံ၏တင်ဆက်မှု အစီအစဉ်သည် သီးခြားသဘောသက်ရောက်လာတော့သည်။

ပဏာမဗြည့်ခံဂီတသံအတွက်ဇာတ်သဘင်အတွင်းရှိမြန်မာဆိုင်းပညာရှင်များ၊ ခေတ်ပေါ်တူရိယာပညာရှင်များသည် လွတ်လပ်စွာတီးမှုတ်ဗြည့်ခံကြခြင်းမဟုတ်ချေ။ ဂီတမှူးမည်သောပုဂ္ဂိုလ်တစ်ဦး၏ ဦးဆောင်မှုအောက်ဝယ် သူ့စည်း၊ သူ့နယ်၊ သူ့တူရိယာနှင့် သံစဉ်အထားအသိုများကို ခွဲကန့်ဆစ်ပိုင်းပေးမှု၊ အတိုးအကျယ်၊ အပြင်းအပျော့၊ အတွဲအနား၊ အစိတ်အကြဲ၊ အဖြတ်အရပ်တို့ဖြင့် အကန့်လိုက် ရသမြောက်တီးမှုတ်ပေးခြင်းဖြစ်သည်။ ဆိုင်းနှင့်ခေတ်ပေါ်တူရိယာဝိုင်းတွင် စန္ဒရား၊ စောင်း၊ တယော၊ မယ်ဒလင်၊ ဘင်ဂျို၊ ဂီတာ စသည့်ကြိုးတပ်တူရိယာများ။ နှဲ၊ ပလွေ၊ ကလဲရီနက်၊ ထရမ်းပက်၊ အော်ဂင် စသောလေမှုတ်တူရိယာများ။ ဗုံ၊ မောင်း၊ ပတ္တလား၊ လင်းကွင်း၊ စည်တို စသောရိုက်ခတ်တူရိယာများဟူ၍ ပါဝင်ကြလေသည်။

ဂီတမှူးသည် ပဏာမဗြည့်ခံဂီတသံအတွက် ကန့်သတ်ချိန် ငါးမိနစ်မှ ခုနစ်မိနစ်ထက် မပိုစေဘဲ အစ၊ အလယ်၊ အဆုံးသုံးဌာနတွင်လည်း ပရိသတ်၏အာရုံကို ပြန့်ပွားမရှိနိုင်စေရန် သံစဉ်အလှကို ပန်းကုံးသဖွယ်သီခြယ်တတ်ကြရသည်။ ပွဲဦးအစဖြစ်သည်နှင့်အညီ ပရိသတ်အား ညို့ငင်ဖမ်းစားနိုင်မှသာ တင်ဆက်မှုအတွင်း ချက်ချင်းစီးမျောလိုက်ပါနိုင်ကြမည်ဖြစ်သည်။ ပရိသတ်တို့ ငြိမ်သက်စပြုချိန်တွင် တူရိယာပညာရှင်များ၏ တစ်ဦးချင်းထက်မြက်မှုစွမ်းရည်၊ ဂီတသင်္ကေတများရောစပ်စုစည်းဖော်ဆောင်မှု၏ရသတို့သည် ပေါ်လွင်လာရမည်ဖြစ်သည်။ တူရိယာပညာရှင်များ၏ ဝမ်းစာပရိယာယ်ကြွယ်ဝမှုကိုဖော်ပြနိုင်လေလေတင်ဆက်မှုအစီအစဉ်အောင်မြင်လေလေဖြစ်ရတော့သည်။

ဆိုင်းအဖွဲ့ချည်းသက်သက်ဆိုပါက ဆိုင်းတူရိယာပစ္စည်းအလိုက် ခွဲခြမ်းစိတ်ဖြာ၍တီးကြရသည်။ ဆိုင်းနှင့် ခေတ်ပေါ်တီးဝိုင်းတွဲဖက်ကြပါက ဆိုင်းတစ်ကျော့၊ ခေတ်ပေါ်တစ်ကျော့နှင့်တီးလုံးတီးကွက်ရက်ဖောက်ကာ ပြန်လှန်ကူးလူး၊ မြူးကြွသွက်လက်၊ စွမ်းရည်ထက်မြက်သည့်တီးလုံးများရုံအတွင်းဝယ် ဖိတ်လျှံကျနေစေရမည်ဖြစ်သည်။

တူရိယာနှစ်ပိုင်း၏ အပြောင်းအလှည့်၊ အဝင်အထွက်ကြောင့် ပရိသတ်တို့အသက်ရှူရန်မေ့စေသည့် ထောင့်စေ့နက်ရှိုင်းသည့် တီးလုံးတီးလုံးတီးကွက်မျိုးဖြစ်ရန်လည်းလိုအပ်သည်။ နိုးကြားစအနုပညာသည် တီးသူ၊ ကြည့်သူ နှစ်ဦးစလုံးကို အင်းအားပြည့်ပြည့်ဝဝထကြွစေရန်လိုသည်။ ကြည့်သူတို့ဘဝင်နိုးထတက်ကြွမှုမရှိပါက တင်ဆက်မှုအရှိန်ကို တိုးမြှင့်လာစေရန် ခက်ခဲစေတော့မည်ဖြစ်သည်။ သို့နှယ်မဖြစ်စေရန် ဂီတမှူး၏သံစဉ်ဖန်တွဲမှု၊တူရိယာပညာရှင်အများ၏ လေ့ကျင့်မှုသည် လိုအပ်မြဲလိုအပ်နေမည်ဖြစ်ပေသည်။

တင်ဆက်မှုသည်အရှိန်ကုန်လာပြီး ကန့်သတ်ချိန်သည် နည်းပါးလာပြီဖြစ်လျှင် ဇာတ်အထွတ်ကိုဆွဲတင်ကြသည့်နည်းတူဗြည့်ခံတီးလုံးသည် အထွတ်အထိပ်ပိုင်းစတင်ကြရသည်။ တစ်နည်းအားဖြင့် နောက်အစီအစဉ်ကိုကူးပြောင်း တင်ဆင်တော့မည့် လှုံ့ဆော်ရေးတာဝန်လည်း တစ်ပြိုင်နက်ဆိုက်ရောက်ခြင်းပြုလာတော့သည်။ ဤအဆုံးပိုင်းတီးလုံးသည် အလယ်တီးလုံးသံစဉ်များထက် ပိုမိုထူးခြားလာကြသည်။ ပရိသတ်အာရုံကို သိသိသာသာဆွဲဆောင်နိုင်စွမ်းရှိလာသည်။ သာမန်တီးလုံးမျှဖြင့် အပြီးသတ်ခြင်းလည်းမပြုကြချေ။ တီးလုံးအထွတ်အထိပ်ပိုင်းရောက်လာပြီဖြစ်၍ ရှေ့ပိုင်းမှသယ်ဆောင်လာခဲ့သောယှက်နွယ်ပေါင်းကူးမှုများနှင့်ကွင်းဆက်မိနေရသည်။ တီးချက်လက်ဝင်အနုပညာအစဉ်ဖြင့်ဆိုင်းနှင့် ခေတ်ပေါ်တူရိယာတို့ နှစ်ဖွဲ့ပေါင်းစပ်ကာ အင်အားစုရုံး ပညာကုန်ထုတ်သုံးလိုက်ကြရမည့်ကာလလည်းဖြစ်တော့သည်။

ဤအပိုင်းဝယ်ငြိမ့်ညောင်းညက်ညောရန်မလိုအပ်တော့ချေ။တူရိယာပညာရှင်တို့သည် တူရိယာအစုံကို လက်ကျသံအရှိန်ပြင်းပြင်းနှင့်ဂီတမှူးရောစပ်မွေနှောက်တီးလုံးစီရင်ဖွဲ့စည်းပေးထားသည့်အတိုင်း အဆင့်အသွေးအလိုက် လိုရာရောက်အောင်ဆောင်ကြဉ်းပေးရုံသာရှိတော့သည်။ အဆုံးသတ်လျှင် အချို့က အသေ့တီးလာရာက အကျဝါးကိုသံရှိန်ဆွဲ၍ချရပ်ကြသည်။ အချို့က စည်း၊ ဝါး အရှိန်မပြောင်းဘဲအဆုံးတွင် တိခနဲဖြတ်ရပ်ကြသည်။ မူသေဟူ၍မရှိဘဲ ဂီတမှူးတို့၏ ပရိယာယ်ကြွယ်ဝမှုဖြင့် ပရိသတ်နားဝယ်စွဲထင်ကျန်ရစ်အောင် ချိန်ဆညွှန်ကြားကြသည်။

ခေတ်မီသောဇာတ်ရုံများတွင် ကခွင်၏ရှေ့တည့်တည့်တွင် ဆိုင်းတူရိယာကျင်းများရှိကြသည်။ အကျယ်အဝန်းသည် ဇာတ်ရုံအကြီးအသေးပမာဏအလိုက် ချဲ့နိုင်ချုံ့နိုင်ကြသည်။ ထိုဆိုင်းကျင်းများကို ဇာတ်ခုံနှင့်ကြမ်းတစ်ပြေးတည်းဖြစ်အောင် တင်နိုင်ချနိုင်သည့်စနစ်ကိုလည်း ထည့်သွင်းပေးထားကြသည်။ အစီအစဉ်ကြေညာသူ၏စကားဆုံးသည်နှင့်ပွဲခင်းမီးများသည် တဖြည်းဖြည့်းမှိန်ဖျော့သွားကြသည်။ ကွက်ထိုးမီးများကဇာတ်ခုံအထက်ရှိ ပြည်ဖုံးကတ္တီပါကိုနောက်ခံထားကာ ဆိုင်းတူရိယာကျင်းပေါ်သို့ အလင်းပေးလိုက်ကြသည်။ လင်းလက်နေသည့် တူရိယာပစ္စည်းအခင်းအကျင်းနှင့်အတူတီးမှုတ်ပညာရှင်များရှိရာ အဝန်းအဝိုင်းတစ်ခုလုံးသည် ပိုမိုတောက်ပလာကြတော့သည်။

တီးလုံးစသည်နှင့်ဆိုင်းကျင်းသည် တဖြည်းဖြည်းမြင့်တက်လာတော့သည်။ ဆိုင်းတူရိယာပညာရှင်များ၏ ဝတ်စုံတူညီဖြင့်တင့်တယ်သပ်ရပ်နေပုံကပင် စိတ်လှုပ်ရှားဖွယ်မြင်ကွင်းဖြစ်သည်။ ဆိုင်းတူရိယာပညာရှင်များကိုပရိသတ်က ထူးကဲစွာတွေ့မြင်လိုက်ရခြင်းကလည်း ဆွဲဆောင်မှုတစ်ခုပင်ဖြစ်သည်။ ပဏာမဗြည့်ခံဂီတသံသည်ပရိတ်သတ်၏အမှတ်ပေးခြင်းကိုစတင်ရရှိလိုက်ကြသည်။ ဆိုင်းတူရိယာပညာရှင်များ၏ကြိုးကုတ်မှုကလည်း မြန်မာဂီတဟူသည် ဤနှယ်တည်းဟု ပြောပြလာသယောင်ရှိတော့သည်။

မြန်မာနိုင်ငံတွင်ရှင်ပြုအလှူဗြည့်ခံမဏ္ဍာပ်တို့၌ ဗြည့်ခံဆိုင်းအဖွဲ့၏ တီးလုံးတီးကွက်အရသာကို ပရိသတ်များ စုရုံးနားဆင်ခံစားခြင်းဓလေ့သည် ယနေ့တိုင်ရှိဆဲဖြစ်သည်။ ထို့ကြောင့် မြန်မာပရိသတ်နှင့်ပဏာမဗြည့်ခံဂီတသံအစီအစဉ်သည် အထူးလှုံ့ဆော်ရန်မလိုအပ်တော့ဘဲ ပွဲကြိုက်ပရိသတ်အတွက် မုချပါဝင်အပ်သောအစီအစဉ်တစ်ခုဖြစ်လာရတော့သည်။

ဆန်းသစ်တီထွင်မှုသဘောများသည် ၎င်းအစီအစဉ်တွင်အမျိုးမျိုးပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။ တီထွင်ရာ၌လည်း ကြိုး၊ ဘွဲ့၊ ယိုးဒယားပတ်ပျိုး၊ ဂန္ထဝင်သီချင်းကြီးများမှ ကောင်းနိုးရာရာကိုထုတ်နုတ်ကြလျက် ကိုယ်ပိုင်တီထွင်ချက်များရောစပ်ကာ ခေတ်မီတီးလုံးတီးကွက်အဖြစ် အသက်သွင်းကြခြင်းဖြစ်သည်။ ပရိသတ်အမြင်ကိုလည်း လိုက်နာကာ မြန်မာယဉ်ကျေးမှုဂုဏ်သိက္ခာဖြင့်လည်း ပြည့်စုံစေကြသည်။ ပဏာမဗြည့်ခံဂီတသံသည်ကြီးလေးသောအနုပညာတာဝန်တစ်ခုကို လိုလိုလားလားထမ်းဆောင်နေခြင်းသာဖြစ်သည်။ ဇာတ်အဖွဲ့၏ ဂုဏ်သိက္ခာဆိုသော်ငြားနိုင်ငံ၏ဂုဏ်သိက္ခာနှင့်လည်းပတ်သက်ရောစပ်လျက်ရှိသည်ကိုနားလည်ကြသည်။ ရှေ့ပိုင်းပဒေသာအစီအစဉ်တစ်ခုဟုသာ မန်မရှုမြင်ကြဘဲ ရိုးရာဟန်နှင့် ယနေ့ခေတ်သရုပ်သကန်များမျှတစွာရောစပ်ထားသည့် နှစ်သက်ဖွယ်ရာအစီအစဉ်ကောင်းတစ်ခုဖြစ်ကြောင်း ဖော်ပြလိုက်ရပါတော့သည်။

**ကိုးကား**

**- ပွဲဦးရွှေအလင်္ကာ(ဗိုလ်ကျော်ဆန်း)**

# တောပေါက်မြို့ပေါက် ရုပ်ရှင်ဇာတ်ကားကို Show Like Application မှ ဇွန် ၁၁ ရက်တွင် ထုတ်လွှင့်ပြသပေးသွားမည်



**ရန်ကုန် ဇွန် ၅**

Triple Six ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် တောပေါက်မြို့ပေါက် ရုပ်ရှင်ဇာတ်ကားကို Show Like Application မှ ဇွန် ၁၁ ရက်တွင် ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း အဆိုပါ တောပေါက်မြို့ပေါက် ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ ညီထွဋ်ခေါင်ထံမှ သိရသည်။

အဆိုပါ တောပေါက်မြို့ပေါက် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ညာလက်တော်က ရေးသားထားခြင်းဖြစ်ပြီး ရာဇဝင်ကိုက ဇာတ်ညွှန်းရေးသားထားကာ Triple Six ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က တာဝန်ယူပုံဖော်ရိုက်ကူးပေးထားသည့် ရုံတင်ရုပ်ရှင် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက ၂၀၂၂ ခုနှစ် စက်တင်ဘာလလောက်က ရုံတင်ပြသထားတဲ့ ဇာတ်ကားလေးပါ။ ဇာတ်ရှူး၊ နတ်ရှူး၊ အရက်မူးတဲ့ ဒေါ်စိန်စိန်တို့မိသားစု ထီပေါက်လို့ မြို့တက်ပြီး သူဌေးလုပ်မယ် ကြံတုန်း အကြံသမားရဲ့လှည့်စားတာကို ခံလိုက်ရပြီးနောက် ငွေထုပ်ကြီးပြန်ရအောင် ဘယ်လိုရှာပုံတော်ဖွင့်မလဲဆိုတာကို ရယ်ရယ်မောမောကြည့်ရှုရမဲ့ အချစ်ဟာသ ဇာတ်မြူးကားလေးပါ"ဟု သရုပ်ဆောင် ညီထွဋ်ခေါင်က ပြောပြသည်။

တောပေါက်မြို့ပေါက် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ကျော်ကျော်ဗို၊ ညီထွဋ်ခေါင်၊ ခင်လှိုင်၊ နေဆန်း၊ မင်းရာဇာ၊ ခိုင်သင်းကြည်၊ သွန်းဆက်၊ မုဏ်း၊ ရွှေပိုးအိမ်၊ တက္ကသိုလ်ဂွမ်းပုံနှင့် သရုပ်ဆောင်များစွာပါဝင်ထားကြောင်း သိရသည်။

ASH

# Animal Friends ဇာတ်ကားရုံတင်ရက်ကို ၂၀၂၆ ခုနှစ် မေ ၁ ရက်သို့နောက်ဆုတ်ထား

**နယူးယောက် ဇွန် ၅**

ဝါနာဘရားသားကုမ္ပဏီသည် Animal Friends အမည်ရှိ ရုပ်ရှင်ဇာတ်ကားရုံတင်မည့် ရက်ကို ၂၀၂၆ ခုနှစ် မေ ၁ ရက်သို့ နောက်ဆုတ်ထားကြောင်း ဇွန် ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဝါနာဘရားသားကုမ္ပဏီသည် မူလ Animal Friends ဇာတ်ကားကို ယခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားခြင်းဖြစ်သည်။

Animal Friends ဇာတ်ကားသည် ခရီးသွားစွန့်စားခန်းရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာပီတာ အက်တန်စီယိုက တာဝန်ယူရိုက်ကူးပေးထားသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကီဗင်ဘားရိုးနှင့် မက်မစ်ဒါတို့က ရေးသားပေးထားသည်။

Animal Friends ဇာတ်ကား၌ မင်းသား ရိုင်ယန်ရေးနိုး၊ ဂျေဆင်မိုမို၊ အာရှမင်းသမီး အော်ဘရီပလာဇာတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ Animal Friends ဇာတ်ကားသည် ကွန်ပျူတာအင်နီမေးရှင်းများထည့်သွင်းထားသော ရုပ်ရှင်ဇာတ်ကားအမျိုးအစားဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# တေးသံရှင် သာဒီးလူနှင့် လိမ္မော်သီးတို့၏ Rock Stage Fire တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် ပြုလုပ်မည်ဖြစ်




**ရန်ကုန် ဇွန် ၅**

တေးသံရှင် သာဒီးလူနှင့် လိမ္မော်သီးတို့၏ Rock Stage Fire တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ ဇွန် ၈ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် သာဒီးလူထံမှ သိရသည်။

အဆိုပါ တေးသံရှင် သာဒီးလူနှင့် လိမ္မော်သီးတို့၏ Rock Stage Fire တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar ၌ ဇွန် ၈ ရက် ညတွင် Sunday Night Live Concept အဖြစ် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို Judson Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"Rock တေးသီချင်းတွေနဲ့ အမိုက်စားလန်းမဲ့ညမို့ လာရောက်နားဆင်ကြပါလို့ Rock တေးဂီတချစ်သူများကို ဖိတ်ခေါ်လိုက်ရပါတယ်"ဟု တေးသံရှင် သာဒီးလူက ပြောပြသည်။

တေးသံရှင် သာဒီးလူနှင့် လိမ္မော်သီးတို့၏ Rock Stage Fire တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် ဇွန် ၈ ရက် ည ၆ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Artificial ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ လူကာဂွန်ဒါနီနို ရိုက်ကူးဖွယ်ရှိ

**နယူးယောက် ဇွန် ၅**

Amazon MGM ၏ Artificial အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ လူကာဂွါဒါနီနို တာဝန်ယူရိုက်ကူးဖွယ်ရှိကြောင်း ဇွန် ၄ ရက် သတင်းများတွင် ဖော်ပြထားသည်ဟု သိရသည်။

လက်ရှိတွင် Artificial ဇာတ်ကားကို ရိုက်ကူးရေးအတွက် ဒါရိုက်တာ လူကာဂွါဒါနီနိုနှင့် Amazon MGM တို့ကြား ဆွေးနွေးနေကြောင်း သိရသည်။

Artificial ဇာတ်ကားသည် လူ့ဉာဏ်ရည်တုနည်းပညာ(အေအိုင်) ကုမ္ပဏီဖြစ်သည့် Open AI ကုမ္ပဏီအကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Artificial ဇာတ်ကား၌ မင်းသားအင်ဒရူးဂါဖီ၊ ယူရာဘောရစ်ဆော့နှင့် မင်းသမီး မိုနီကာဘာဘရာတို့ ပါဝင်မည်ဖြစ်သည်။

Artificial ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဆိုင်မွန်ရစ်က တာဝန်ယူရေးသားပေးထားသည်။

Artificial ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ် နွေရာသီအတွင်း ဆန်ဖရန်စစ္စကိုနှင့် အီတလီတို့၌ စတင်ရန် Amazon MGM က စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# သရဲချော ရုပ်ရှင်ဇာတ်ကားကို ဇွန် ၆ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်

**ရန်ကုန် ဇွန် ၅**

လက်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် သရဲချော ရုပ်ရှင်ဇာတ်ကားကို ဇွန် ၆ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ ရွှေထူးက ပြောပြ၍ သိရသည်။

သရဲချော ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းကို ညာလက်တော်က ရေးသားထားပြီး မင်းကိုစိုး(နတ်သံကွင်း)က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က လက်ကီးဆဲဗင်း ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ကျွန်တော့်ကို ဒီဇာတ်ကားမှာ ဦးခင်လှိုင်နဲ့ သွက်လက်တို့ရဲ့ ပံ့ပိုးပေးမှုကြောင့် ဟာသကာရိုက်တာလေး ကြည့်ရမှာပါ။ ဒီဇာတ်ကားရိုက်ချိန် အမှတ်တရတွေများပါတယ်။ ဦးခင်လှိုင်နဲ့သွက်လက်အတွဲရယ် မသုတို့နဲ့တီဂွမ်းအချိတ်အဆက်မိမိလေး သရုပ်ဆောင်ထားတာ ကြည့်လို့ကောင်းတယ်။ ဟာသကားဆိုပေမဲ့ အချစ်ဇာတ်လေးလဲပါသလို နောက်ပိုင်းလေးမှာ ဒရာမာလေးနဲ့ပရိသတ်ရင်ထဲရောက်အောင် ခံစားရမှာလေးတွေပါတယ်"ဟု အဆိုပါရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ ရွှေထူးက ပြောပြသည်။

အဆိုပါ သရဲချောရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ရွှေထူး၊ ခင်လှိုင်၊ သွက်လက်၊ ခင်ဝင့်ဝါ၊ တက္ကသိုလ်ဂွမ်းပုံ၊ သုသု၊ စုရှိန်းနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# SAC Chairman Prime Minister Senior General Min Aung Hlaing delivers speech at the ceremony to mark World Environment Day 2025



Senior General Min Aung Hlaing addresses the ceremony to mark World Environment Day 2025.

**Nay Pyi Taw June 5**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered a speech at the ceremony to mark the World Environment Day 2025 at the Yezin University of Forestry and Environmental Science in Nay Pyi Taw this morning.

Also present at the ceremony were Council Joint Secretary General Ye Win Oo, council members, Union ministers, Union-level dignitaries, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, deputy ministers, departmental officials, guests, prize winners, students from the University of Forestry and Environmental Science and basic education high schools and officials.

Speaking on the occasion, the Senior General said that the General Assembly of the United Nations which held in 1972 set 5 June as the World Environment Day with the aim of resolving environmental problems of all global countries including Myanmar through collaborative efforts. Starting from 1973, all global countries have been holding ceremonies to mark the environmental conservation yearly.

This year's motto of the commemorative day was set as Ending Plastic Pollution Globally. Such a motto urged all to strive for emergence of a global agreement to finally combat plastic pollution which has been worsening across the world day by day and for shaping a developed and clean environment in the future.



Senior General Min Aung Hlaing presents environmental management award to a representative.



Senior General Min Aung Hlaing presents environmental management award to a representative.

In today's world, growing population and developing technologies and industries affect more emission of greenhouse gas which leads the climatic conditions to worsen. Moreover, natural resources and ecosystem deteriorate. Extreme extraction of natural resources causes degradation of ecosystems and gradual depletion of biodiversity. As urban areas and factories do not have systematic management of waste, everybody knows all global countries including Myanmar are facing environmental pollution problems at present. Among varieties of waste, plastic waste is larger day by day, and it becomes a main challenge of environmental pollution. It much threatens standing of living beings, health of all humans and sustainable development.



Senior General Min Aung Hlaing visits the commemorative exhibition.

Currently, the huma society uses plastic products as the primary utensils due to easily useful trends such as cheap prices, easy to make various forms and to package. In assessing the plastic production worldwide, the statistics in 2023 mentioned more than 400 million tons of plastic products, which rose a double volume rather than last two decades. If the production still increases so, the world's plastic production will reach 1,100 million tons in 2050. On the other hand, lack of control and undisciplined disposing of plastic waste becomes a seriously dangerous plastic pollution across the world at present.

The plastic wastes which enter the seas and oceans from the land become microplastics in a long term, causing marine environmental pollution. Nowadays, these microplastics spread all parts of oceans, rivers and creeks, atmospheric areas and daily foods. Hence, these parts penetrate into the body organs of human. In analyzing these, everybody can know very dangerous possibilities of plastic wastes.

Myanmar has issued the National Waste Management Strategy and Master Plan for Myanmar (2018-2030). Such plan is being implemented in urban areas and industries. In order to collaboratively implement the plastic waste control as a priority, efforts are being made to issue the National Plastic Management Action Plan.

To reduce plastic pollution in Myanmar, expand and strengthen domestic plastic recycling industries, and prevent marine environmental pollution caused by plastic waste, it is necessary to follow the Standard Operating Procedures (SOP) for industrial and urban waste management systems in coastal regions.

As Myanmar is a member of the Basel Convention on the Control of Transboundary Movements of Hazardous Wastes and Their Disposal, it is essential to systematically manage and prevent the illegal import of plastic waste in accordance with the convention's commitments.

Myanmar is also collaborating with other ASEAN nations to implement the 2019 Bangkok Declaration on Combating Marine Debris in the ASEAN Region and the ASEAN Framework on Marine Debris.

Under Article 45 of the 2008 Constitution of the Republic of the Union of Myanmar, the state is obligated to protect and conserve the natural environment. Additionally, Article 390(b) states that every citizen has a duty to assist the state in environmental conservation efforts. Therefore, all citizens are urged to actively

*See Page 14*

# Suspects of terrorist group, Golden Valley Warrior, who committed terrorist attacks in Yangon Region captured

**Record photo of the suspect apprehended at Ayeyar Jetty in Old Bagan, Nyaung-U Township**




Myo Ko Ko (a.k.a) Sai Ko Ko (a.k.a) Zin Min Htet (a.k.a) Lin Let Zaw, 28 years old (The perpetrator of the assassination)



Pyone Pyone, 24 years old (Wife of the accused, Myo Ko Ko (a.k.a) Sai Ko Ko (a.k.a) Zin Min Htet (a.k.a) Lin Let Zaw)



Lin Let Shwe, 6 years old (Daughter of the accused, Myo Ko Ko (a.k.a) Sai Ko Ko (a.k.a) Zin Min Htet (a.k.a) Lin Let Zaw)

**Nay Pyi Taw June 5**

Proscribed organizations, CRPH and NUG, and their subordinate PDF terrorist groups, and the related groups and individuals, with the intention of destroying national peace and stability and creating general climate of fear among the public through the destruction of administrative machinery are applying multiple types of terrorism, including assassinations, with innocent persons as the main target, and torching and blowing up public buildings.

On 22 May morning this year, U Cho Tun Aung, a retired ambassador, was shot dead while taking a walk with his grandchild by two men (under investigation then) in front of his residence at the corner of Shwehninzi and Weikza streets, Ward 5, Mayangon Township.

In order to prevent such terrorist attacks, security forces tried to identify the suspects through investigation. Thanks to the information provided by the public that the bicycle used in the terrorist attacks was carried by a three-wheel vehicle, security members could arrest the vehicle driver, San Htet Aung (a) Bagothar, age 40, at his home at No. 248, Khaingshwewa Third Street, Htawunbe Ward, North Okkalapa Township, together with bicycle on 23 May. They also arrested Win Thu (a) Kalarlay, age 39, who acted as a supporter in the terrorist attack, at his home at No. 233, Seinchal Street, Htawunbe Ward, North Okkalapa Township.

Confessions of the suspects led to the arrest of a fleeing felon, Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw, age 28, who assassinated U Cho Tun Aung, his wife Pyone Pyone, age 24, and daughter, Lin Let Shwe, age 6, in Old Bagan, NyaungU Township, on 25 May and Aung Hsan Hein, age 25, who drove them to the place, and Nyi Nyi Hlaing, age 39, who made contacts, in Mudon, Mon State.

According to the suspect, Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw, the security members came to know that the family of another suspect at large, Chit Ko Ko (a) Kyaw Gyi, an accomplice in the murder, was planning an escape route to Myawady and they were able to corner and arrested Myint Myint Htwe, age 39, wife of Chit Ko Ko (a) Kyaw Gyi, Aung Ko Ko Chit, age 18, Zin Maung Maung (a) Arno, age 27, and Pyo Wai Aung (a) Ashegyi, age 40, who helped them to flee, at the checkpoint at the entrance to Bago.

The confessions of the suspects led to the arrest of three more suspects, who acted as scouts in terrorist acts including the assassination of U Cho Tun Aung, Min Sithu (a) Angelay, age 29, and Kyaw Zin Thant (a) Lwin Gyi (a) Kyaw Zin, age 33, at a house at No 177, Zaygalay Street, Zaygalay Ward, Kyimyinedine Township, and Han Lin Aung, age 28, who lived at No 32, Theinni Street, Thida Ward, Kyimyinedine Township on 29 May.

Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw, told security members that during the assassination attempt, his gun malfunctioned and he was wounded in the left leg; that he secretly received medical treatment at Lin special hospital, No 524, Myin-tawtha Street, 4/South Ward, Thaketa Township. Hence, security members arrested DCS doctor, Zaw Ko Ko, age 38, who provided illegal medical treatment, and the owner of the hospital set up with DCS doctors, Ye Lin Soe, age 36.



U Cho Tun Aung, Ambassador (Retired), (Deceased) (22-5-2025)

In connection with the case, 13 male suspects and three female suspects, totaling 16 were arrested together with tools they used in the murder.

According to the suspects, Golden Valley Warrior was formed under the sponsorship of Yi Mon, a fugitive from terrorist group NUG, in Chiang Mai, Thailand in March 2023. Golden Valley Warrior had eight members led by Ko Htet, still at large, and its goal is to launch terrorist attacks in Yangon and to kill innocent persons they disliked, under the accusation of informant.

Authorities further learned from the suspects that the suspect, KO Htet, order the assassination of U Cho Tun Aung after sending the photo of U Cho Tun Aung and the location of his house on Google Map through the telegram; that the suspects, Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw, Min Sithu (a) Angelay, and Kyaw Zin Thant (a) Lwin Gyi (a) Kyaw Zin, and Chit Ko Ko (aa) Kyaw Gyi, still at large, observed the situation of the house of U Cho Tun Aung and the surrounding areas six times; and that Ko Htet, still at large, sent two pistols to Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw on 21 May.

On 22 May, Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw and Chit Ko Ko (a) Kyaw Gyi, still at large, left the Safehouse at No 103/104, Thapyaechan ringroad, Ward 22, Shwepaukkan Myothit, by a bicycle hired by Ko Htet. When arrived at the place in front of U Cho Tun Aung's house, Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw fired four pistol rounds at U Cho Tun Aung. The pistol was jammed while firing shots and when he tried to fix it the bullet exploded and hit his left leg. The two came back to the safehouse by bicycle and asked San Htet Aung (a) Bagothar and Win Thu (a) Kalalay to hide the clothes they wore during the assassinations.

Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw told authorities that he secretly received treatment from DCS doctor Zaw Ko Ko at Lin special hospital under the contact of Aung Thu, who was still at large; and that he was caught at Old Bagan while on his way to hide at a certain place in Pakokku Township with his family.

The suspects further revealed that under the orders of Yi Mon of NUG terrorist group, Golden Valley Warrior terrorist group had committed the following four assassinations with the aim of destroying the State administrative machinery and causing public panic.

Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw, shot dead U Min Teza Nyunt Tin, a legal consultant, living at a house on Pontphyoyay Street, Ahmudan Ward, Thanlyin Township, on 24 March 2023,with a pistol. Chit Ko Ko (a) Kyaw Gyi, still at large, monitored the situation.

On 6 August 2023, Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw and Chit Ko Ko (a) Kyaw Gyi shot at security personnel with a pistol in an ambush at Panchan 4th Street, Ward 3, Shwepyitha Township and Han Lin Aung was the watchman.

Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw killed U Than Tun, chair of the New National Democratic Party with a pistol and Min Sithu (a) Angelay, and Kyaw Zin Thant (a) Lwin Gyi (a) Kyaw Zin monitored the situation.

On 12 October 2024, Myo Ko Ko (a) Sai Ko Ko (a) Zin Min Htet (a) Lin Let Zaw tried to murder U Shwe Mann, a member of Ma-sa-pha 2, at a place near Aungmingala monastery, Ward 11, Hlaingthaya (West) Township, and driver U Thant Zin was wounded in the attack. Kyaw Zin Thant (a) Lwin Gyi (a) Kyaw Zin was the watchman.

According to the suspects, Golden Valley Warrior terrorist group had killed innocent people in Yangon, and accused them as informants. The NUG terrorist group paid Ks 200,000 for each assassination through the NUG Pay.

Effective legal action will be taken against the suspects. The entire public is requested to take part in anti-terrorist campaigns, and secretly provide information about the hiding place and movements of the remaining persons involved in terrorism to capture them at the earliest possible time. Persons who provide information and who take part in capturing the terrorists will be presented handsome awards and the entire people should take part in the anti-terrorist drive for the ensuring peace and stability in towns and villages. 100

**Record photo of the two suspects arrested in Tawku Tagondaing Village, Mudon Township**



Aung San Hein (25 years old) (who made delivery to Nyaung-U)



Nyi Nyi Hlaing (39 years old) (Communicator for the delivery)

**Record photo of the suspect arrested at Lin Specialist Hospital, No. (524), Myintawtha Road, 4/South Ward, Thaketa Township.**



Dr Zaw Ko Ko, 38 years old, (DCS) (who provided medical treatment)



Dr Ye Lin Soe, 36 years old Lin Specialist Hospital owner

# Local authorities earmark cultivation of more than 120,000 acres of monsoon paddy


A monsoon paddy plantation.

**Kalay June 5**

Statistics of Kalay Township Agriculture Department stated that local authorities have adopted a plan to grow more than 120,000 acres of monsoon paddy in Kalay Township of Sagaing Region this year.

During the 2025–2026 monsoon cropping season, it is planned to cultivate a total of 127,157 acres of monsoon paddy in Kalay Township. According to reports, the planting of these paddy fields will begin in June and continue through September of this year.

"The plan for this year's monsoon cropping season in Kalay Township is to cultivate over 120,000 acres of monsoon paddy. Efforts will be made to ensure the targeted acreage is fully cultivated. We will provide necessary technologies and high-quality paddy varieties for cultivation. Field-level support will also be provided to farmers so they can plant their paddy in a timely manner," said U Naing Tun Win, Head of the Kalay Township Department of Agriculture.

To ensure systematic and uninterrupted paddy cultivation during this year's monsoon cropping season, the relevant township agricultural department will collaborate closely with local farmers.

It is also reported that support will be provided to monsoon paddy farmers in Kalay Township, including technical agricultural training, pest prevention awareness, measures to prevent crop loss, and timely post-harvest storage of paddy under sheltered conditions.

To ensure successful cultivation and good yields from this year's monsoon paddy fields in Kalay Township, staff from the township's Department of Agriculture will carry out field activities such as selecting quality and pure seed varieties, pest control, proper weeding and thinning of different species, removal of mixed varieties, and systematic use of fertilizers. 206

# Yinmabin District to grow more than 2,000 acres of banana this monsoon

**Yinmabin June 5**

According to the Yinmabin District Agriculture Department, local farmers plan to grow 2,877 acres of banana as monsoon crops in Yinmabin District of Sagaing Regiion this year.

For the 2025–2026 monsoon cropping season, Yinmarbin Township decided to grow 259 acres of banana, Kani Township 2,341 acres, Salingyi Township 152 acres, and Pale Township 125 acres, totalling 2,877 acres.

Daw Myat Moe Win, Head of the Department of Agriculture for Yinmabin District, said:

"This year during the monsoon season, a total of 2,877 acres of banana plantations are planned in Yinmabin District. We will carry out necessary efforts to ensure the target acreage is fully planted. Preparations are underway to begin planting this month. Recently, we have also observed banana plantations in fallow fields. Pest and disease outbreaks have generally been mild."

Banana farmers typically plant around 1,000 banana plants per acre, and the cultivation cost per acre can reach up to K2 million. At harvest time, farmers can earn around K5 million per acre in return.

The Department of Agriculture for Yinmabin District also stated that they will conduct on-site educational outreach programs regarding good agricultural practices, including discussions on the risks of chemical pesticide residues to promote the production of safe and consumable crops and advice on using registered pesticides according to labelled instructions and recommended dosages. 206

# Dabayin Township to grow more than 120,000 acres of monsoon paddy this year

**Dabayin June 5**

Local farmers will cultivate 120,391 acres of monsoon paddy in Dabayin Township of Sagaing Region this year, according to YeU District Agriculture Department.

For the 2025–2026 monsoon cropping season, it has been planned to cultivate 120,391 acres of monsoon paddy in Dabayin Township. The monsoon paddy cultivation will take place from June to September this year.

"This year, during the monsoon cropping season in Dabayin Township, we've planned to grow monsoon paddy across 120,391 acres. Efforts will be made to ensure the target acreage is fully cultivated. We will provide necessary technologies and quality seeds for monsoon paddy cultivation. Field assistance will be given so that farmers can grow their crops on time," said U Zaw Myint Tun, Head of the YeU District Department of Agriculture.

It is also reported that the relevant township agricultural departments will collaborate with local farmers to ensure systematic cultivation of monsoon paddy without difficulties this season.

Farmers in Dabayin Township will be provided with agricultural techniques, pest and disease prevention knowledge, and awareness on how to avoid crop losses and ensure harvested paddy is properly stored in time under shelter.

To ensure the success and productivity of this year's monsoon paddy fields in Dabayin Township, the township agriculture department and its staff will carry out field-level technical support. This includes selecting high-quality and pure seeds, pest prevention, proper weeding in paddy plantations, removal of mixed varieties, and systematic use of fertilizers. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 12*

participate in eliminating plastic pollution and protecting the environment with a sense of responsibility.

To achieve a plastic pollution-free Myanmar and a sustainable future for the world, the theme for the 2025 World Environment Day, "Ending Plastic Pollution Globally – Collective Action for Change," calls for international cooperation as well as nationwide efforts from government agencies, businesses, civil society, students, and youth to build a cleaner and healthier environment.

Following this, video messages from the UN Secretary-General and the Executive Director of the UN Environment Programme (UNEP) for the 2025 World Environment Day were shown.

Subsequently, the Chairman of the State Administration Council Prime Minister presented awards to Kengtung in Shan State (East), recognized as a city with excellent environmental management, Myingaba Village in Nyaung-U Township, Mandalay Region, awarded for outstanding rural environmental management and Great Success Energy Co., Ltd. (a 30 MW solar power plant in Thazi Township, Mandalay Region), honoured for exemplary factory environmental management.

Next, awards were given to national-level clean and green schools (high school level) – 1st, 2nd, and 3rd prize winners – by Council Joint Secretary General Ye Win Oo, clean and green schools (primary level) – 1st, 2nd, and 3rd prize winners – by Council Member Deputy Prime Minister Union Minister General Mya Tun Oo and winners of the university/college-level essay competition on World Environment Day – 1st, 2nd, and 3rd prize winners – by Council Member Deputy Prime Minister Union Minister Admiral Tin Aung San.

An awareness video on the 2025 World Environment Day and a video titled "The Invisible Killer – PM 2.5," provided by the Royal Thai Embassy in Yangon, were then screened. Then, the Senior General, along with attendees, posed for a group photo.

Finally, they toured the commemorative exhibition for the 2025 World Environment Day with great interest. 100

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဘီလာရုစ်နိုင်ငံက 9M 318 ဒုံးကျည်နှင့် Buk-MB2K လက်နက်စနစ်ကို ထုတ်ဖော်ပြသခဲ့



ဘီလာရုစ်နိုင်ငံပိုင် ကာကွယ်ရေးလုပ်ငန်း OKB TSP သည် အသစ်တီထွင်ထားသည့် 9M318 ပဲ့ထိန်း ဒုံးကျည်စနစ်နှင့် Buk-MB2K မြေပြင်မှ ဝေဟင်ပစ်လက်နက်စနစ်ကို MILEX 2025 ကာကွယ်ရေးပြပွဲတွင် ထုတ်ဖော်ပြသခဲ့သည်ဟု Army Recognition သတင်းဌာနက ဇွန် ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Buk-MB2K လက်နက်စနစ်သည် ယခုအခါတွင် ဘီလာရုစ်၏ အဓိကလေကြောင်းရန် ကာကွယ်ရေးစွမ်းရည်များ ဖူလုံစေရန်အတွက် ပြည်တွင်းထုတ်လုပ်နိုင်ရေး ရည်မှန်းချက်နှင့်အညီ အကောင်အထည်ဖော်ကြိုးပမ်းလာခဲ့ရာ ယခုအချိန်တွင် တိုက်ပွဲဝင်အသင့် တပ်ဖြန့်အသုံးပြုနိုင်နေပြီလည်းဖြစ်သည်။

Buk-MB2K လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်သည် တောင်ပံပုံသေတပ်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များ၊ ခရုဇ် ဒုံးကျည်များ၊ နည်းဗျူဟာမြောက် ပဲ့ထိန်း ဒုံးကျည်များ၊ သင်္ဘောဖျက်ဒုံးကျည်များနှင့် ဝေဟင်ပစ်ပဲ့ထိန်းဒုံးကျည်များ အပါအဝင် ဝေဟင်ပစ်မှတ် အမျိုးအစားများစွာကို ကြားဖြတ်တားဆီးရန်အတွက် ရည်ရွယ်ထုတ်လုပ်ထားသည့် ရွေ့လျား၊ ယာဉ်တင် တာလတ်ပစ် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ဖြစ်သည်။ ၎င်းသည် ရေပြင်နှင့် မြေပြင်ပစ်မှတ်များကိုပါ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

အဆိုပါစနစ်သည် အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များဖြင့် ခြိမ်းခြောက်မှု မြင့်မားသော လေပိုင်နက်အတွင်း အပြင်းအထန်တိုက်ခိုက်ခံရသည့် အခြေအနေများတွင် တိုက်ပွဲဝင်လုပ်ဆောင်နိုင်စေရန် ဒီဇိုင်းထုတ်ထားသည်။ မြင်းကောင်ရေ ၅၀၀ စွမ်းအားရှိ ဒီဇယ်အင်ဂျင်ဖြင့် မောင်းနှင်ထားသည့် ဘီးတပ်ယာဉ်ပေါ်တွင် တပ်ဆင်ထားပြီး အမြင့်ဆုံး အမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၆၀ နှင့် ခရီးအကွာအဝေး ကီလိုမီတာ ၇၀၀ ထိ စစ်ဆင်ရေးတာဝန် ထမ်းဆောင်နိုင်စွမ်းရှိကြောင်း သိရသည်။

ဘီလာရုစ်နိုင်ငံသည် လေ့ကျင့်ရေး၊ အုပ်ချုပ်ထောက်ပံ့ပို့ဆောင်ရေးနှင့် အကြီးစား စစ်လက်နက်ပစ္စည်းများ ပေါင်းစည်း အသုံးပြုနိုင်ရေးတို့ကဲ့သို့သော နယ်ပယ်များတွင် ရုရှားနိုင်ငံနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ Buk-MB2K ကဲ့သို့သော စနစ်သစ်များ ဖြန့်ကြက်ချထားခြင်းနှင့်အပြိုင် ဘီလာရုစ်နိုင်ငံသည် လက်ရှိတွင် ရုရှားနိုင်ငံပိုင် S-400 လေကြောင်းရန် ကာကွယ်ရေးစနစ်များနှင့် Iskander ဒုံးပစ်လောင်ချာများကို နိုင်ငံ့ပိုင်နက်တွင် လက်ခံတပ်စွဲပေးထားပြီး ရုရှားထုတ် ဟိုက်ပါဆောနစ် Oreshnik တာလတ်ပစ် ပဲ့ထိန်းဒုံးကျည်များပါ တပ်ဖြန့်ချထားရန် ပြင်ဆင်နေသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ဘီလာရုစ်နိုင်ငံသည် ပြည်တွင်းဒုံးကျည်ထုတ်လုပ်မှုစွမ်းရည်များ အရှိန်မြှင့်လုပ်ဆောင်ရန် ရည်မှန်းချက်ကို အလေးပေးခဲ့သော်လည်း အဆင့်မြင့် မဟာဗျူဟာမြောက်စနစ်များနှင့် ဝေဟင်ထောက်လှမ်းရေး အခြေခံအဆောက်အအုံအတွက် ရုရှားနိုင်ငံ၏ ပံ့ပိုးကူညီမှုအပေါ် ဆက်လက်မှီခိုနေရဆဲဖြစ်ကြောင်း သိရသည်။

**Belarus strengthens national air defense production with new Buk-MB2K missile system** ကို ဘာသာပြန်ဆိုထားပါသည်။

## ပါကစ္စတန်က တရုတ်နိုင်ငံ၏ နောက်ဆုံးပေါ် HQ-19 ဒုံးကျည်ကာကွယ်ရေးစနစ်ကိုဝယ်ယူရန် စီစဉ်နေ

ပါကစ္စတန်နိုင်ငံသည် မေလအတွင်းအိန္ဒိယနှင့် လေးရက်ကြာ ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက် တရုတ်နိုင်ငံ၏ နောက်ဆုံးပေါ် HQ-19 ဒုံးကျည်ကာကွယ်ရေးစနစ်ကိုဝယ်ယူရန် စီစဉ်နေသည်ဟု The Defense Post သတင်းဌာနက ဇွန် ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ HQ-19 လက်နက်စနစ်ကို လာမည့် ၂၀၂၆ ခုနှစ် ပထမသုံးလပတ်တွင် စတင်တပ်ဖြန့်အသုံးပြုရန် မျှော်မှန်းထားသော တရုတ်နိုင်ငံထုတ် J-35A ကိုယ်ပျောက်တိုက်လေယာဉ် အစင်း ၄၀ နှင့်အတူ ဝယ်ယူရန်စီစဉ်ထားကြောင်း မလေးရှားနိုင်ငံ ကွာလာလမ်ပူအခြေစိုက် အာရှရေးရာ ကာကွယ်ရေးနှင့်လုံခြုံရေး (Defence Security Asia) သတင်းဌာနမှ သတင်းရင်းမြစ်များအပေါ် ကိုးကား၍ ရေးသားဖော်ပြထားသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ဖော်ပြသခဲ့သည့် HQ-19 လက်နက်စနစ်သည် ခန့်မှန်းခြေအကွာအဝေး ကီလိုမီတာ ၃၀၀၀ ထိ တိုက်ပွဲဝင်နိုင်သော ပဲ့ထိန်းဒုံးကျည် ကာကွယ်ရေးစနစ်ဖြစ်သည်။ အဓိကအားဖြင့် တာဝေးပစ် ပဲ့ထိန်းဒုံးကျည်များကို တန်ပြန်တိုက်ခိုက်ရန် ဒီဇိုင်းထုတ်ထားသည့် လေကြောင်းရန် ကာကွယ်ရေးစနစ်ဖြစ်ပြီး BrahMos နှင့် SCALP-EG ကဲ့သို့သော အသံထက်မြန်သော စူပါဆောနစ်ခရုဇ်ဒုံးကျည်များနှင့် အိန္ဒိယထုတ် Agni စီးရီးပဲ့ထိန်းဒုံးကျည်များကို တန်ပြန်နိုင်စွမ်းရှိမည်ဟု Defense Security Asia သတင်းဌာန၏ ရေးသားချက်အရ သိရသည်။

တရုတ်နိုင်ငံChina Aerospace Science and Technology Corporation မှ ဖန်တီးထားသည့် HQ-19 လက်နက်စနစ်သည် ပစ်မှတ်များကို ကြားဖြတ်ပစ်ချနိုင်ရန်အတွက် ထိ-ဖျက် နည်းလမ်းကို အသုံးပြုထားသည်။ လက်နက်စနစ်ကို ရှစ်ဘီးတပ်ဒုံးပစ်လောင်ချာယာဉ်၊ ဒုံးသယ်ယာဉ်ပေါ်တွင် တပ်ဆင်ထားပြီး ဒုံးကျည်ခြောက်စင်းတင်ဆောင် တိုက်ပွဲဝင်နိုင်ကြောင်း သိရသည်။

၎င်းတွင် ခန့်မှန်းခြေအကွာအဝေး ကီလိုမီတာ ၄၀၀၀ ထိ ရှာဖွေထောက်လှမ်းနိုင်သော Type-610A ရေဒါနှင့် ကြီးကြပ်ကွပ်ကဲရေးယာဉ်တို့ ပါဝင်ဖွဲ့စည်းထားသည်။ HQ-19 လက်နက်စနစ် ဖွံ့ဖြိုးတိုးတက်လာမှုသည် ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းတွင် စတင်ခဲ့ပြီးပထမအကြိမ်စမ်းသပ်မှုကို၂၀၂၁ခုနှစ်တွင် ပြုလုပ်နိုင်ခဲ့သည်။ အဆိုပါလက်နက်စနစ်ကို တရုတ်နိုင်ငံထုတ် HQ-9 မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်ကို အဆင့်မြှင့်တင်ထားခြင်းဖြစ်ပြီး HQ-9 လက်နက်စနစ်မှာလည်း ရုရှား S-300 လက်နက်စနစ်မှဆင်းသက်လာခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံသည် တရုတ်နိုင်ငံထုတ် HQ-9 တာဝေးပစ်နှင့် HQ-16 တာလတ်ပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်များပိုင်ဆိုင်ထားသည်။ မကြာသေးမီက ဖြစ်ပွားခဲ့သောပဋိပက္ခအတွင်း အိန္ဒိယလေတပ်သည် ပါကစ္စတန်ဘက်ရှိ စစ်ဘက်လေတပ်စခန်းများနှင့် အကြမ်းဖက်စခန်းများအဖြစ် အသုံးပြုခဲ့သည်ဟု စွပ်စွဲခံထားရသော အရပ်ဘက်ပစ်မှတ်အများအပြားကို တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြသည်။



အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီအခြေစိုက် Think Tank Stimson Center တွေးခေါ်ပညာရှင်အဖွဲ့၏ အစောပိုင်း အကဲဖြတ်ချက်တစ်ခုအရ အိန္ဒိယနိုင်ငံသည် ပဋိပက္ခဖြစ်ခဲ့သည့် နေ့ရက်များအတွင်း ပါကစ္စတန်နိုင်ငံ၏ နေရာအနှံ့အပြားကို တာဝေးတိုက်ခိုက်မှုများ တိကျစွာ ဆောင်ရွက်နိုင်ခဲ့သည်ကိုပြသနိုင်ခဲ့ကြောင်း သိရသည်။

ပါကစ္စတန် လေကြောင်းရန်ကာကွယ်ရေးစနစ်များက ကြားဖြတ်ပစ်ချရန် ကြိုးပမ်းမှုများရှိသော်လည်း ပါကစ္စတန်နိုင်ငံသည် အိန္ဒိယလေကြောင်းတိုက်ခိုက်မှုများကို အပြည့်အဝဟန့်တားနိုင်ရန် အားနည်းချက်များရှိနေသေးကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ အဖျက်စွမ်းအားမြင့်မားကောင်းမွန်စေရန် ဝေဟင်ပစ် ခရုဇ်ဒုံးကျည်များ ရောနှောအသုံးပြု တိုက်ခိုက်ခဲ့သည်ဟု အိန္ဒိယဘက်က ပြောကြားခဲ့ကြောင်း သိရသည်။

**Pakistan Looks to Beef Up Air Defense With Latest Chinese System** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ဆုရရှိသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့မှ တာဝန်ရှိသူထံ ဆုပေးအပ်ချီးမြှင့်စဉ်။

ရှေ့ဖုံးမှအဆက်

ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန် ၅ ရက်ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ်သတ်မှတ်ခဲ့ပြီး ၁၉၇၃ ခုနှစ်မှစ၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် **“ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့်ဆောင်ရွက်ပေး(Ending Plastic Pollution Globally)”** ဟု သတ်မှတ်ထားကြောင်း၊ ရည်ရွယ်ချက်မှာ ကမ္ဘာပေါ်၌ တစ်နေ့တခြား ပိုမိုဆိုးရွားလာနေသည့် ပလတ်စတစ်ညစ်ညမ်းမှုများကို အဆုံးသတ်တိုက်ဖျက်သွားမည့် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်တစ်ခုပေါ်ထွက်လာရေးနှင့်အနာဂတ်ကာလတွင် တိုးတက်ကောင်းမွန်သန့်ရှင်းသည့် သဘာဝပတ်ဝန်းကျင်တစ်ရပ် ဖြစ်လာစေရေးတို့အတွက် စုပေါင်းအားဖြင့် ကြိုးပမ်းဆောင်ရွက်အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းနှိုးဆော်ထားခြင်းပင်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာပေါ်တွင် လူဦးရေတိုးတက်များပြားလာခြင်းနှင့်အတူ နည်းပညာနှင့်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများပြားလာသည့်အတွက် ရာသီဥတုများသည် အဆိုးဘက်ကို ပြောင်းလဲလာနေကြောင်း၊ ထို့ပြင် သဘာဝသယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲလာခြင်းကြောင့် ဂေဟစနစ်များယိုယွင်းလာပြီး ဇီဝမျိုးစုံမျိုးကွဲများ တဖြည်းဖြည်းမျိုးသုဉ်းပျောက်ကွယ်လာနေကြောင်း၊ မြို့ပြနှင့်စက်ရုံအလုပ်ရုံများက စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံမှုမရှိသည့်အတွက် ပတ်ဝန်းကျင်ညစ်ညမ်းစေသည့်ပြဿနာများကို မြန်မာနိုင်ငံအပါအဝင် ယနေ့ကမ္ဘာတစ်ဝန်းလုံး၌ ရင်ဆိုင်ကြုံတွေ့နေရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ စွန့်ပစ်ပစ္စည်းများထဲတွင် ပလတ်စတစ်စွန့်ပစ်အမှိုက်များသည် နေ့စဉ်နှင့်အမျှများပြားလာပြီး သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်း၏ အဓိကစိန်ခေါ်မှုတစ်ရပ်ကဲ့သို့ဖြစ်လာနေကြောင်း၊ သက်ရှိသတ္တဝါများ ရှင်သန်ရပ်တည်ရေး၊လူသားအားလုံး၏ကျန်းမာရေးနှင့် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် များစွာခြိမ်းခြောက်လာနေကြောင်း။

ယနေ့ခေတ်တွင် အသုံးပြုရလွယ်ကူခြင်း၊ တန်ဖိုးနည်းခြင်း၊ ပုံသဏ္ဌာန်အမျိုးမျိုးဖန်တီးနိုင်ခြင်း၊ ထုပ်ပိုးရလွယ်ကူခြင်းစသည့် လျှင်မြန်လွယ်ကူအသုံးတည့်မှုများကြောင့် ပလတ်စတစ်များကို မိမိတို့လူ့ပတ်ဝန်းကျင်နေရာအနှံ့အပြားတွင် အဓိကပစ္စည်းအဖြစ်အသုံးပြုလာကြကြောင်း၊ ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှုကိုကြည့်မည်ဆိုပါက ၂၀၂၃ ခုနှစ်စာရင်းများအရ တန်ချိန်သန်းပေါင်း ၄၀၀ ကျော်ထိရောက်ရှိခဲ့ပြီး လွန်ခဲ့သည့်ဆယ်စုနှစ်နှစ်ခုအတွင်း နှစ်ဆမြင့်တက်လာခဲ့သည်ကို တွေ့ရကြောင်း၊ ယခုကဲ့သို့ထုတ်လုပ်မှုများ ဆက်လက် တိုးတက်လာနေမည်ဆိုပါက လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှုသည် တန်ချိန်သန်းပေါင်း ၁၁၀၀ ထိ ရောက်ရှိလာနိုင်သည်ကို လေ့လာသိရှိရကြောင်း၊ ထိုသို့ထုတ်လုပ်မှုတိုးတက်လာခြင်းနှင့်အတူ သုံးစွဲရာတွင် ထိန်းချုပ်မှုအားနည်းခြင်းနှင့် စည်းကမ်းမဲ့မဆင်မခြင်စွန့်ပစ်ခြင်းများကြောင့် ပလတ်စတစ်ညစ်ညမ်းမှုပြဿနာများစွာကို ယနေ့အချိန်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စိုးရိမ်ဖွယ်ရာအန္တရာယ်တစ်ခုအဖြစ် ရင်ဆိုင်ကြုံတွေ့လာနေကြရပြီဖြစ်ကြောင်း။

ကုန်းမြေမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာများထဲကိုရောက်ရှိလာသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် အချိန်ကာလကြာလာသည်နှင့်အမျှ အလွန်သေးငယ်သည့် ပလတ်စတစ်အမှုန်အမွှား(Micro-plastics)များအဖြစ်ပြောင်းလဲဖြစ်ပေါ်ပြီး အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း ဖြစ်စေကြောင်း၊ ယနေ့အချိန်တွင် အဆိုပါ Micro-plastics များသည် ပင်လယ်သမုဒ္ဒရာများ၊ မြစ်ချောင်းများ၊ လေထုအတွင်းနှင့် နေ့စဉ်အစားအစာများထဲအထိ ပျံ့နှံ့ရောက်ရှိနေပြီး နောက်ဆုံးတွင် လူ့ခန္ဓာအစိတ်အပိုင်းများထဲထိ ထိုးဖောက်ရောက်ရှိလာကြကြောင်း၊ အဆိုပါအချက်ကို ကြည့်ခြင်းအားဖြင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ ကြီးမားလှသည့်အန္တရာယ်ကို သိရှိနိုင်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းအပါအဝင် စွန့်ပစ်အမှိုက်များကို စနစ်တကျစီမံထိန်းချုပ်ဆောင်ရွက်နိုင်ရန်အတွက် **မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့်ပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၃၀)**ကို ရေးဆွဲထုတ်ပြန်ထားပြီး မြို့ပြနှင့်စက်မှုလုပ်ငန်းများတွင် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပလတ်စတစ်ညစ်ညမ်းမှုထိန်းချုပ်နိုင်ရေးကို အဓိကဦးစားပေးကဏ္ဍတစ်ရပ်အနေဖြင့် ကဏ္ဍစုံပေါင်းစပ် အကောင်အထည်ဖော်နိုင်ရန်အတွက် **အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်**ကို ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် ပလတ်စတစ်ညစ်ညမ်းမှုများကိုလျှော့ချနိုင်ရန်၊ ပြည်တွင်းရှိ ပလတ်စတစ်ကို ပြန်လည်ပြုပြင်ထုတ်လုပ်သည့် (Recycle)လုပ်ငန်းများ ပိုမိုတွင်ကျယ်အားကောင်းလာစေရန်၊ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကြောင့် အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုကို တားဆီးကာကွယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်အတွက် **ပင်လယ်ကမ်းရိုးတန်းဒေသရှိ စက်မှုနှင့်မြို့ပြလုပ်ငန်းဆိုင်ရာစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ် လုပ်ငန်းစဉ်အဆင့်ဆင့်** လိုက်နာဆောင်ရွက်ရမည့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အခမ်းအနားတက်ရောက်လာကြသူများက ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးဗီဒီယိုနှင့် ရန်ကုန်မြို့ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှပေးပို့သည့် “မမြင်နိုင်သော လူသတ်သမား” PM 2.5 အကြောင်းအသိပညာပေးဗီဒီယိုပြသမှုကို ကြည့်ရှုစဉ်။

**မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှုကင်းစင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် တာဝန်သိတတ်သည့်စိတ်ဖြင့် လိုက်နာပူးပေါင်းဆောင်ရွက်သွားကြရန် အလေးအနက်ထားတိုက်တွန်းပြောကြားလို . . .**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်းတာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

**နိုင်ငံအတွင်းတွင်ရှိသည့် ဌာနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ ကျောင်းသားလူငယ်များ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏စုပေါင်းအားဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်သွားကြပြီး ပိုမိုသန့်ရှင်းကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်ကို တည်ဆောက် . . .**

**လုပ်ထုံးလုပ်နည်း(Standard Operating Procedure– SOP)**များကို လိုက်နာဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံသည် **“ဘေးအန္တရာယ်ဖြစ်စေသည့်စွန့်ပစ်ပစ္စည်းများနှင့်၎င်းတို့၏စွန့်ပစ်မှုအား နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းကို ထိန်းချုပ်ခြင်းဆိုင်ရာ ဘာဆယ်ကွန်ဗင်းရှင်း”**၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို နိုင်ငံအတွင်း တရားမဝင်တင်သွင်းခြင်းမရှိစေရန်အတွက် ကွန်ဗင်းရှင်းပါ ကတိကဝတ်များနှင့်အညီ စနစ်တကျထိန်းချုပ်စီမံဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

၂၀၁၉ ခုနှစ်တွင် အတည်ပြုထုတ်ပြန်ခဲ့သည့် **အာဆီယံဒေသတွင်း အဏ္ဏဝါအမှိုက်သရိုက်တိုက်ဖျက်ရေးဆိုင်ရာ ဗန်ကောက်ကြေညာစာတမ်းနှင့် အာဆီယံမူဘောင်ကို**လည်း မြန်မာနိုင်ငံအနေဖြင့်အခြားအာဆီယံနိုင်ငံများနှင့်အတူ လက်တွဲပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅ တွင် **နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်**ဟုလည်းကောင်း၊ ပုဒ်မ ၃၉၀ အပိုဒ်(ခ)တွင် **နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများတွင် နိုင်ငံတော်အားကူညီရန် တာဝန်ရှိသည်**ဟုလည်းကောင်း ပြဋ္ဌာန်းထားသည့်အတွက် မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှု ကင်းစင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် တာဝန်သိတတ်သည့်စိတ်ဖြင့် လိုက်နာပူးပေါင်း ဆောင်ရွက်သွားကြရန် အလေးအနက်ထား တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာကြီးတွင် ပလတ်စတစ်ညစ်ညမ်းမှုများမှကင်းဝေးပြီး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် **“ကမ္ဘာတစ်ဝန်းပလတ်စတစ် ညစ်ညမ်းမှုအဆုံးသတ်ရေး၊ စုပေါင်းအားဖြင့်ဆောင်ရွက်ပေး(Ending Plastic Pollution Globally)”** ဆိုသည့်၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်နှင့်အညီ ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေးလုပ်ငန်းများတွင်နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ နိုင်ငံအတွင်းတွင်ရှိသည့် ဌာနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ ကျောင်းသားလူငယ်များအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏စုပေါင်းအားဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်သွားကြပြီး ပိုမိုသန့်ရှင်းကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်ကို တည်ဆောက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့သဝဏ်လွှာဗီဒီယိုနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP)၏ အမှုဆောင်ညွှန်ကြားရေးမှူး၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့သဝဏ်လွှာ ဗီဒီယိုတို့ကိုပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ဆုရရှိသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့မှ တာဝန်ရှိသူထံလည်းကောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောကျေးရွာဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာမှတာဝန်ရှိသူထံလည်းကောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောစက်ရုံဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ Great Success Energy Co.Ltd (မဂ္ဂါဝပ် ၃၀ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း)မှ တာဝန်ရှိသူထံလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အမျိုးသားအဆင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း(အထက်တန်းအဆင့်) ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ကျောင်းများကိုလည်းကောင်း၊ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက စိမ်းလန်းစိုပြည်သောကျောင်း(မူလတန်းအဆင့်) ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် ကျောင်းများကိုလည်းကောင်း၊ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်တက္ကသိုလ်၊ ကောလိပ်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးဗီဒီယိုနှင့် ရန်ကုန်မြို့ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှပေးပို့သည့် “မမြင်နိုင်သော လူသတ်သမား” PM 2.5 အကြောင်းအသိပညာပေးဗီဒီယိုတို့ကိုပြသသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ)

# ရန်ကုန်တိုင်းဒေသကြီးတွင် မိုးစပါး ၁၁၄၈၂၂၂ ဧက စိုက်ပျိုးရန်လျာထားဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇွန် ၅**

၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တွင် မိုးစပါး ၁၁၄၈၂၂၂ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ မေ ၃၁ ရက်ထိ မိုးစပါး ၆၅၆၂၇ ဧက စိုက်ပျိုးပြီးကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်တွင် မိုးဦးကာလစော၍ မိုးလေကောင်းမွန်မှုကြောင့် နွေစပါးရိတ်သိမ်းပြီးသော လယ်မြေများ၌ မြေယာပြုပြင်ခြင်းနှင့် မျိုးစေ့ချခြင်းတို့ကို တစ်ဆက်တည်းဆောင်ရွက်ပြီး မေလကုန်ပိုင်းတွင် မိုးစပါးဧက ၆၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ကာ လျာထားဆောင်ရွက်လျက်ရှိသည့် ကျန်ဧက ၁၀ သိန်းကျော်ကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

“တိုင်းဒေသကြီးအတွင်းမှာ စပါးမျိုးအုပ်စု သုံးစုဖြစ်တဲ့ အထွက်ကောင်းမျိုး၊ အရည်အသွေးကောင်းမျိုးနဲ့ ဒေသမျိုးဆိုပြီး စိုက်ပျိုးပါတယ်။ အထွက်ကောင်းမျိုးဆိုရင် ၁၈ မျိုး၊ အရည်အသွေးကောင်းမျိုးဆိုရင် လေးမျိုးနဲ့ ဒေသမျိုးဆိုရင် ငါးမျိုးတို့ကို တစ်နှစ်ပတ်လုံးစိုက်ပျိုးပါတယ်။ အဲ့ဒီမျိုးတွေထဲမှာမှ လက်ရှိမိုးစပါးအနေနဲ့ အထွက်ကောင်းမျိုး လေးမျိုးကို စိုက်ပျိုးထားပြီးပါပြီ။ ကျန်တဲ့ မျိုးစပါးတွေကိုလည်း ဆက်စိုက်သွားမှာပါ။တောင်သူတွေ စပါးပိုပြီးစိုက်လေ ဝမ်းစာဖူလုံမှုရာခိုင်နှုန်းပိုပြီး တိုးတက်လေပါပဲ။ တောင်သူတွေရဲ့ လူမှုဘဝဖွံ့ဖြိုးပြီး သူတို့အတွက်အကျိုးအမြတ်ပိုပြီးရရှိလာမှာပါ။ တစ်နှစ်ထက်တစ်နှစ်အထွက်နှုန်းတိုးလာတာဟာ တောင်သူတွေ နည်းပညာလိုက်နာမှု အားကောင်းလာတယ်လို့ဆိုရမှာပါ။ အဲ့ဒီလို လိုက်နာကျင့်သုံးမှုအပေါ် တောင်သူတွေကို ကျေးဇူးလည်းတင်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြည်က ပြောသည်။

၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးရာသီ၌ နွေစပါး ၂၅၀၈၉၆ ဧကလျာထားခဲ့ပြီး ၂၆၇၀၇၈ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့၍ တစ်ဧက ၉၃ ဒသမ ၂၆ တင်းထွက်ရှိခဲ့သည်။ တစ်ဆက်တည်း မိုးစပါးများကို မေလမှ စက်တင်ဘာလကုန်ပိုင်းထိ မိုးစပါးများကို စိုက်ပျိုးသွားမည်ဖြစ်ပြီး အောက်တိုဘာလမှ ဇန်နဝါရီလဆန်းပိုင်းထိ မိုးစပါးများကို ရိတ်သိမ်းသွားမည်ဖြစ်သည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမိုးစပါးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်ရန်၊ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရန်နှင့် တစ်ဧကအထွက်နှုန်း တိုးတက်လာစေရန် Seeder ဖြင့် စိုက်ပျိုးခြင်း၊ ပန်းတိုင်အထွက်နှုန်းတိုးတက်စေရေးအတွက် နွေထယ်ရေးခံခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးနှင့်ဓာတ်မြေဩဇာသုံးစွဲမှု စနစ်ကျနမှန်ကန်ရေးတို့ကို အသိပညာပေးခြင်းနှင့် ပိုးမွှားရောဂါကာကွယ်ရေးအတွက် သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် သရုပ်ပြခြင်းတို့ကို ရာသီအလိုက် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများထံ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ရာသီအလိုက် အထွက်ကောင်းမျိုးများဖြစ်သည့် မနောသုခ၊ ရွှေဝါထွန်း၊ ဆင်းသုခ၊ ရတနာတိုး၊ ရက် ၉၀၊ ရာကျော်၊ သီးထပ်ရင်၊ ဆင်းသွယ်လတ်၊ မှော်ဘီဆန်း၊ GW-11၊ စူပါနံ့ကောက်၊ မှော်ဘီ-၃၊ ဒဂုံ၊ ပခမ်းရွှေဝါ၊ နယူးရော-၁၁၊ ကရင်မထိပ်ဆောင်းစသည့် မျိုးစပါးများကိုလည်းကောင်း၊ အဆင့်မြင့်မျိုးဖြစ်သည့် ဧရာမင်း၊ပေါ်ဆန်းမွှေး၊ပေါ်ဆန်းရင်၊မှော်ဘီ(၂)၊ အင်းမရဲဘော်၊ ဘာစမာတီစသည့် မျိုးစပါးများနှင့်ဒေသမျိုးရင်းဖြစ်သော ဧယာ၊ မီးဒုံး၊ ငကျွဲ၊ ငစိန်နှင့် ကောက်ညှင်းစသည့် မျိုးစပါးတို့ကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ဇွန်လဆန်းပိုင်း၌ ရာကျော်၊ ရွှေဝါထွန်း၊ ဆင်းသုခနှင့် မှော်ဘီ-၃ စသည့် အထွက် ကောင်းမျိုးစပါးများကို စိုက်ပျိုးထားကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပို စစ်ကိုင်းမြို့ ရွှေဟင်္သာကျောင်းတိုက်၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေး အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ အန္တရာယ်ရှိ လူနေအဆောက်အအုံအား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၅**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သောတပန်ရပ်ကွက်ရှိ သကျဓီတာ သီလရှင်စာသင်တိုက်၊ နန်းဦးမြို့သစ် သမိုင်းဝင် ရွှေကြက်တောင်စေတီ၊ သောတပန်ရပ်ကွက် ရွှေဟင်္သာကျောင်းတိုက်နှင့် ခေမာသီဝံချောင်ကျောင်းတိုက်တို့၌ သာသနိကအဆောက်အအုံများ မိုးမကျမီ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်အားများ တိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ရွာထောင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဒီဇယ်ရှိ စာသင်ကျောင်းဆောင် နှစ်ဆောင် ပြန်လည်ပြုပြင်ခြင်းနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး စာသင်ကျောင်းဆောင် နှစ်ဆောင်နှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ကာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး ပြန်လည်ပြုပြင်ထားသည့် ကျောင်းဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတောင်ရှိ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများ ပြန်လည်တည်ဆောက်ရန်အတွက် လျာထားမြေနေရာပေးရန် ရွာထောင်ရပ်ကွက်ရှိ မြေနေရာအချို့ကို တာဝန်ရှိသူများနှင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် စစ်ကိုင်းမြို့ စီတီးရပ်ကွက် ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်အတွင်း ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို တပ်မတော်သားများက ပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် ဖယ်ရှားရှင်းလင်းနေမှုများကို လည်းကောင်း၊ ကျောက်ဆစ်ရပ်ကွက် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော နည်းပညာတက္ကသိုလ် (စစ်ကိုင်း) ကျောင်းဆောင်အတွင်းရှိ ကျောင်းသုံးပစ္စည်းများ သယ်ယူရွှေ့ပြောင်းပေးနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် စွယ်တော်မြတ်စေတီတော်ပတ်ဝန်းကျင်နှင့် ဇောတိငါးထောင်နန္ဒဝန်ဥယျာဉ်တော်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် Kyaukse Rescue (လူမှုကယ်ဆယ်ရေးအဖွဲ့)က ရေပြင်ကယ်ဆယ်ရေးလေ့ကျင့်ရန် ပြင်ဆင်ထားမှုကို ကြည့်ရှုအားပေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေး အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်ကွက်၊ မေဃဂီရိရပ်ကွက်၊ မဟာဇေယျာဘုံရပ်ကွက်နှင့် အနိုပ်တော်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ လူနေအဆောက်အအုံများတွင် ဖြိုချရှင်းလင်းရန်ကျန် အဆောက်အအုံများ လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဖြိုချပြီး အပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် နေ့လယ်ပိုင်းတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁) ရပ်ကွက်နှင့် စိန်ပန်းရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ လူနေအဆောက်အအုံများတွင် ဖြိုချရှင်းလင်းရန်ကျန် အဆောက်အအုံများ လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ဖြိုချပြီး အပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု ရွာတောလေးကျေးရွာရှိ စွယ်တော်မြတ်စေတီတော်သို့ သွားရောက်၍ စေတီတော်ပတ်ဝန်းကျင်နှင့် ဇောတိငါးထောင် နန္ဒဝန်ဥယျာဉ်တော်အတွင်း အဖွဲ့အစည်းအသီးသီးက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားရင်ပြင်တော်ရှိ ကျောက်ပြားများ ပြန်လည်ပြုပြင် ဆောင်ရွက်နေသည့် အခြေအနေများကိုလည်းကောင်း၊ အက်ကွဲသွားသော ဂန္ဓကုဋိတိုက်အောက်ခြေ လှေကားဝဲယာရှိ မကန်းရုပ်အောက်ခြေ နေရာအက်ကွဲကြောင်းအတွင်း အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ(PE) အဖွဲ့များ၏ စစ်ဆေးချက်အရ သဲများ လောင်းထည့်ပြုပြင်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ စေတီတော်၏ ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ရှိ ရတနာပစ္စည်းတော်များအား စနစ်တကျမှတ်တမ်းပြုစုထားရှိရေး မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်ရှိ မဟာသုန္ဒရာရာမ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အနန္တဂုဏ်ရည်ငါးထပ်ဓမ္မဗိမာန်တော်ကြီး၏ ခေါင်မိုးများနှင့် အမိုးကိုင်းမျက်နှာကြက်များ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ကျောင်းအတွင်းရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော မဟာလောကထွဋ်ခေါင် စေတီတော်အား ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ မင်းရဲဆည်အတွင်း၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် Kyaukse Rescue (လူမှုကယ်ဆယ်ရေးအဖွဲ့)က သဘာဝဘေးအန္တရာယ်ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် Speed Boat မောင်းနှင်လေ့ကျင့်မှုနှင့် ရေပြင်အသက်ကယ်ဆယ်ရေးလုပ်ငန်းများ လေ့ကျင့်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သဘာဝဘေးအန္တရာယ်များအတွက် မြေပြင်၌ အမှန်တကယ်လက်တွေ့အသုံးချနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မှာကြားကာ လေ့ကျင့်ဆောင်ရွက်နေသူများကို စားသောက်ဖွယ်ရာများ ပေးအပ်ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့ ရွာနိုင်ရပ်ကွက်ရှိ ရွှေကျီးနားကျောင်းတိုက်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြင်ဆင်ဆောက်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ်ရှိ ဘောဂဗလ ပလတ်စတစ်ဘူးခွံစက်ရုံ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် စက်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နေမှု အခြေအနေများကိုလည်းကောင်း၊ ကျောက်ဆည်မြို့အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)

# စိန်ရတုမှသည် ရတုပေါင်းများစွာတိုင်ခိုင်မြဲနေမည့် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု

ဘုန်းမောင်ဝင်း(ဗျာပုံ)



မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်နှင့်အညီ ချစ်ကြည်ရင်းနှီးစွာနေထိုင်လာခဲ့ကြသည်မှာ ယခုအခါ(၇၅)နှစ်ပြည့်တော့မည်ဖြစ်သည်။ နှစ်နိုင်ငံရှိခေါင်းဆောင်များအဆက်ဆက် ချစ်ကြည်ရင်းနှီးမှုများရှိနေသကဲ့သို့ ပြည်သူများအချင်းချင်းသည်လည်း ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့်အညီနေထိုင်လျက်ရှိသည်။ မြန်မာနိုင်ငံသည်အိမ်နီးချင်းနိုင်ငံများနှင့်ပတ်သက်လာလျှင် စိတ်ကောင်းစေတနာကောင်းဖြင့် မိတ်ဆွေကောင်းပီသစွာနေထိုင်လျက်ရှိသည်။ မြန်မာနိုင်ငံအစိုးရအဆက်ဆက်သည်လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုလျက်ရှိသည်။ နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကိုလည်း စောင့်ထိန်းလျက်ရှိသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်တွင် နှစ်နိုင်ငံသံတမန်ဆက်သွယ်မှုစတင်ခဲ့သည်။

ဤသည်မှာ မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် ခေတ်သစ်ကာလတွင် သံတမန်ဆက်ဆံရေးစတင်ခြင်းဖြစ်သော်လည်း နှစ်နိုင်ငံ၏ချစ်ကြည်ရင်းနှီးမှု၊ ဆွေမျိုးပေါက်ဖော်ဆက်ဆံမှု၊ ယဉ်ကျေးမှုကူးလူးဆက်ဆံမှုတို့မှာ ရှေးယခင်နှစ်ပေါင်းများစွာကတည်းကတည်ရှိနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏သမိုင်းတင်ခေတ်ဦးဖြစ်သောပျူခေတ်ကပင် မြန်မာနှင့်တရုတ်တို့၏ဆက်ဆံရေးများရှိခဲ့သည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရေးသံတမန်များသွားလာခြင်းများရှိခဲ့သည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့်အိမ်နီးချင်းဆက်စပ်မှုနယ်ပယ်ရှည်လျားဆုံးဖြစ်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံသည် အပြန်အလှန်ကူညီမှုများစွာရှိခဲ့သည်။ ဘာသာရေးနှင့်ယဉ်ကျေးမှုမှာတူညီမှုရှိပြီး မြတ်ဗုဒ္ဓ၏အထက်လက်ဝဲစွယ်တော်သည် တရုတ်နိုင်ငံတွင်ရှိသည်။ မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်ကြွရောက်အဖူးမြော်ခံခြင်းများရှိခဲ့သည်။ ဤသည်မှာ ဘာသာရေးအရ တူညီမှုရှိခြင်းကိုပြဆိုခြင်းဖြစ်သည်။

ယခုနှစ်သည် မြန်မာ-တရုတ်သံတမန်ဆက်ဆံရေး ထူထောင်ခြင်း(၇၅)နှစ်ပြည့် စိန်ရတုကာလဖြစ်သဖြင့် နှစ်နိုင်ငံအတွက်ထူးခြားလေးနက်မှုရှိသည်။ ဇွန်လ ၁ ရက်နေ့က အနာဂတ်ဆီသို့အတူလက်တွဲလျှောက်လှမ်းမည့် မြန်မာ-တရုတ်သံတမန်ဆက်ဆံရေး ထူထောင်ခြင်း(၇၅)နှစ်ပြည့်အထိမ်းအမှတ် နှစ်နိုင်ငံမီဒီယာဆွေးနွေးပွဲအခမ်းအနားကို နေပြည်တော်၌ ကျင်းပခဲ့သည်။ မြန်မာနှင့်တရုတ်မီဒီယာပူးပေါင်းဆောင်ရွက်မှုမှာ ဆယ်စုနှစ်များစွာကြာမြင့်ခဲ့ပြီး ရင်းနှီးခင်မင်သောကူးလူးဖလှယ်မှုများရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံမီဒီယာများက ကမ္ဘာအနှံ့သိရှိအောင် အချိန်နှင့်တစ်ပြေးညီ မျှဝေပေးနိုင်ခဲ့သည့်အတွက် ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင်များစွာအထောက်အပံ့ဖြစ်ခဲ့သည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံမီဒီယာဆက်ဆံမှုခိုင်မြဲလျက်ရှိကြောင်း သိရှိနိုင်သည်။

တရုတ်နိုင်ငံအနေဖြင့် ငလျင်ဘေးသာမက မြန်မာနိုင်ငံတွင် ရာဂီမုန်တိုင်းဒဏ်ခံရစဉ်ကလည်း ကူညီထောက်ပံ့မှုများပေးခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံနှင့်ပတ်သက်လာလျှင် တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုအစဉ်တစိုက်လက်ကိုင်ထားပြီး ကမ္ဘာ့အရေးကိစ္စများတွင် တရုတ်နိုင်ငံဘက်ကအမြဲရပ်တည်လျက်ရှိသည်။ တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကမ္ဘာ့စာမျက်နှာများတွင် မြန်မာနိုင်ငံဘက်က အစဉ်တစိုက်ရပ်တည်ခဲ့သည်များကိုလည်း မြန်မာပြည်သူများအနေဖြင့် အလေးထားလျက်ရှိသည်။ အိမ်နီးချင်းများမှာ အပြန်အလှန်အကျိုးပြုစောင့်ရှောက်ခြင်းဖြင့် ပိုမိုနီးကပ်သည့်ဆက်ဆံရေးကို ဖော်ဆောင်လာနိုင်မည်ဖြစ်သည်။ နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းပြီး စည်းလုံးညီညွတ်မှုခိုင်မာစေမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ဆိုရိုးစကားတစ်ခုဖြစ်သည့် "ဝေးကွာနေသောဆွေမျိုးသည် အနေနီးသောအိမ်နီးချင်းလောက်မကောင်းနိုင်ပါ" ဆိုသည့်အတိုင်း အိမ်နီးချင်းကောင်းရှိခြင်းမှာ အေးချမ်းလုံခြုံသောအိမ်ကိုပိုင်ဆိုင်ထားခြင်းဖြစ်သည်။ ထို့ပြင် တရုတ်စကားပုံတစ်ခုတွင် "အဝတ်အစားသစ်လျှင်အကောင်းဆုံးဖြစ်သည်။ မိတ်ဆွေဟောင်းလျှင် ပို၍အကောင်းဆုံးဖြစ်သည်"ဟုဆိုထားပေရာ မြန်မာနှင့်တရုတ်နိုင်ငံသည် မိတ်ဆွေဟောင်းနိုင်ငံများဖြစ်ကြသည်။ အာဆီယံအသိုက်အဝန်းတွင်လည်းကောင်း၊ မဲခေါင်-လန်ချန်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင်လည်းကောင်းပူးပေါင်းပါဝင်မှုများက နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုခိုင်မြဲစေသည်။ အရေးကြုံတိုင်း မိတ်ဆွေကောင်းတို့က ဦးစွာကူညီမှုပေးကြသည်၊ တရုတ်နိုင်ငံမှ အစိုးရ၊ တပ်မတော်၊ ဒေသခံပြည်သူနှင့်အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် လူပေါင်း ၆၀၀ ကျော်ပါဝင်သည့် ကယ်ဆယ်ရေးအဖွဲ့ ၃၁ ဖွဲ့ကို မန္တလေးငလျင်ကြောင့် အတိဒုက္ခရောက်သည့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအတွက် လာရောက်ခဲ့သည်မှာလည်း မိတ်ဆွေကောင်းတို့၏တာဝန်ကျေပွန်မှုဖြစ်သည်။ ငလျင်လှုပ်ခတ်ပြီး ၁၈ နာရီအတွင်း တရုတ်နိုင်ငံမှကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ကို မြန်မာနိုင်ငံသို့ ပထမဆုံးရောက်ရှိခဲ့ခြင်းမှာလည်း ချစ်ကြည်ရင်းနှီးမှု၏ပြယုဂ်ပင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင်ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့တက်ရောက်ခဲ့သည်။ ထိုသို့တက်ရောက်ခဲ့သည့် မေလ ၉ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် Soluex Hotel Moscow ရှိ BEIJING ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်၊

ထိုသို့တွေ့ဆုံရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာရှီကျင့်ဖျင်က "မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ဆုံးရှုံးရမှုများအတွက် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူလူထုနှင့်ထပ်တူဝမ်းနည်းရပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူတို့အတူတကွလက်တွဲ၍ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အကောင်းဆုံးဆက်လက်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တရုတ်-မြန်မာဆက်ဆံရေးသည် ယခုနှစ်တွင် ၇၅ နှစ်ရောက်ရှိပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး၊ အချုပ်အခြာအာဏာနှင့် မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးတို့ကို အမြဲထောက်ခံအားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြောကြားရာတွင် **"မိမိတို့မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ဖြစ်ပေါ်ခဲ့မှုကြောင့် ခက်ခဲမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်အချိန်၌ အဆွေတော်အနေဖြင့် မြန်မာပြည်သူလူထုနှင့်ထပ်တူဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့ခဲ့ပြီး အမြန်ဆုံးကျော်ဖြတ်နိုင်ပါစေကြောင်းကို ဆုမွန်ကောင်းတောင်းပေးခဲ့ပါကြောင်း၊ ထို့ပြင် ငလျင်လှုပ်ခတ်မှုအပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အရေးအကြီးဆုံးအချိန်ဖြစ်သည့် (Golden Hour)တွင် တရုတ်နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ငလျင်လှုပ်ခတ်ပြီး ၁၈ နာရီအကြာ၌ မြန်မာနိုင်ငံသို့ ပထမဆုံးရောက်ရှိလာခဲ့ပြီး လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးခဲ့ကြောင်း၊ တရုတ်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံအတွက် အရေးပေါ်လူသားချင်းစာနာထောက်ထားမှုအကူအညီများကိုလည်းပေးအပ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့်ပြည်သူများအနေဖြင့် တရုတ်နိုင်ငံအစိုးရ၏ ကူညီဆောင်ရွက်ပေးမှုများအပေါ် အစဉ်အမြဲကျေးဇူးတင်အမှတ်ရနေမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စများနှင့်ပတ်သက်၍ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း"** ပြန်လည်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ယခုနှစ်ကုန်ပိုင်း၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးကြိုတင်ပြင်ဆင်မှုများကိုဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် နိုင်ငံတကာမှလေ့လာရေးအဖွဲ့များကိုလည်း ဖိတ်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ကြိုတင်ပြင်ဆင်မှုများနှင့်ရွေးကောက်ပွဲကျင်းပခြင်းအား တရုတ်နိုင်ငံအနေဖြင့် အားပေးထောက်ခံသည်၊ တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့်အတူ အေးအတူပူအမျှ အနာဂတ်မျှဝေသောအသိုက်အဝန်းတစ်ခုကိုတည်ဆောက်သွားရန်နှင့် အိမ်နီးချင်းနိုင်ငံများဆိုင်ရာလုပ်ငန်းများအတွက် အခြေခံအသစ်များဖော်ဆောင်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် မြန်မာနိုင်ငံအနေဖြင့်အားပေးထောက်ခံလျက်ရှိသည်။

မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေး၊ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုနှင့် အေးအတူပူအမျှအသိုက်အဝန်းတည်ဆောက်ရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ (၇၅)နှစ်မြောက် စိန်ရတုမှသည် ရတုနှစ်ပေါင်းများစွာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုခိုင်မြဲနေမည်ဟုယုံကြည်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော မဟိယင်္ဂဏစေတီတော်ကြီး အသစ်ပြန်လည်တည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာနှင့် အုတ်မြစ်ချမင်္ဂလာအခမ်းအနား ကျင်းပ



သီတဂူဆရာတော်ထံမှ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တက်ရောက်လာကြသူများ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

နေပြည်တော် ဇွန် ၅

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ ပထမအင်းဝခေတ် မိုးညှင်းမင်းတရားကြီးက သက္ကရာဇ် ၇၈၉ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သော မဟိယင်္ဂဏစေတီတော်ကြီးသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သဖြင့် မဟိယင်္ဂဏစေတီတော်ကြီး အသစ်တည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာနှင့် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ ဂဏာဓိပတိ သောဋ္ဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တက်ရောက်လာကြသူများက သီတဂူဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ကြပြီး ပန္နက်တင်ခြင်းမင်္ဂလာပြုလုပ်ကြသည်။

၎င်းနောက် အုတ်မြစ်ချခြင်းမင်္ဂလာအခမ်းအနားကို သံဃာတော်များ၊ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ရွှေမိုးငွေမိုးများရွာသွန်းဖြိုးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

မန္တလေး ဇွန် ၅

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်းခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးအောင်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ပေါ်ပေါက်လာမှုနှင့် ကျင်းပရသည့် ရည်ရွယ်ချက်များ၊ တိုင်းဒေကြီးအဆင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုကောင်းမွန်သော မြို့၊ ကျေးရွာ၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဆုတို့တွင် ဆုရရှိခဲ့သူများကို ဆုများချီးမြှင့်ရခြင်းနှင့် စိစစ်သုံးသပ်ရွေးချယ်မှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆုတံဆိပ်နှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ဆုတွင် အကောင်းဆုံးဆုရရှိသည့် ပြင်ဦးလွင်မြို့နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာဆုတွင် အကောင်းဆုံးဆုရရှိခဲ့သည့် ညောင်ဦးခရိုင် မြင်းကပါကျေးရွာအုပ်စု၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဆုတွင် အကောင်းဆုံးဆုရရှိခဲ့သည့် မဂ္ဂါဝပ် ၃၀ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း Great Success Energy Co.,ltd မှ တာဝန်ရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တိုင်းဒေသကြီးအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု (အထက်တန်းအဆင့်)တွင် တတိယဆုရရှိသော ကျောက်ဆည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒုတိယဆုရရှိသည့် မိတ္ထီလာမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ ပထမဆုရရှိသည့် မန္တလေး ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများကိုလည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက တိုင်းဒေသကြီးအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု (အလယ်တန်းအဆင့်)တွင် ဒုတိယဆုရရှိသည့် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အလယ်တန်းကျောင်း (ပျော်ဘွယ်)၊ ပထမဆုရရှိသော ပြင်ဦးလွင်ခရိုင် အလယ်တန်းကျောင်း(ခွဲ) ညောင်နီတို့မှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများကိုလည်းကောင်း၊ စည်ပင်သာယာရေးဝန်ကြီးက တိုင်းဒေသကြီးအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု (မူလတန်းအဆင့်)တွင် တတိယဆုရရှိသည့် ပြင်ဦးလွင်ခရိုင် ဟိုလိမ့်ကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်း (သရက်ချောင်း)၊ ဒုတိယဆုရရှိသည့် အမရပူရမြို့နယ် အခြေခံပညာမူလတန်းကျောင်း(ဆောက်တော၀)၊ ပထမဆုရရှိသည့် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် အမှတ်(၄၀) အခြေခံပညာမူလတန်းကျောင်း(ထမုန်ကန်)တို့မှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများကိုလည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။



ထို့နောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် “ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအင်အားဖြင့် ဆောင်ရွက်ပေး”(Ending Plastic Pollution Globally)အသိပညာပေး Video Clip၊ ခင်းကျင်းပြသထားသည့် စက်ကိရိယာများ၊ ပိုစတာများ၊ စာအုပ်များ၊ အထိမ်းအမှတ်ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ကျိုင်းတုံမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၅

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို “ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး” ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ကျိုင်းတုံမြို့ပေါ်ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ကျိုင်းတုံမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။



ယင်းနောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာဗီဒီယို၊ ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP) အမှုဆောင်ညွှန်ကြားရေးမှူး၏ သဝဏ်လွှာဗီဒီယိုနှင့် ၂၀၂၅ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အသိပညာဗီဒီယိုတို့ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇွန် ၅

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။ (မိုး/ဇလ)

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ မင်္ဂလာသုခကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၈ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များကို တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

☆ **ကျောဖုံးမှအဆက်**

ဇွန် ၄ ရက်တွင် ဆောက်လုပ်ပြီးစီး၍ ဒေသခံပြည်သူများ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများသည် နောင်မွန်းမြို့နယ်အတွင်းရှိ ပန်နန်းဒင်မြို့နှင့် ထလာထုကျေးရွာတို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ကုန်များတင်ဆောင်ထားသည့် မော်တော်ယာဉ်ငါးစီးကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါ မော်တော်ယာဉ်များသည် ယနေ့နံနက်ပိုင်းတွင် ရေဘေးသင့်ပြည်သူများထံသို့ ပို့ဆောင်ရန် ပူတာအိုမြို့မှ စတင်ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ရေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်များနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။





မေခမြစ်အတွင်း မျောပါပျက်စီးခဲ့သည့် ပန်နန်းဒင် မေခမြစ်ကူး(လူကူး)ကြိုးတံတား(ဝဲပုံ)နှင့် ပြန်လည်ဆောက်လုပ်ပြီးစီးမှု(ယာပုံ)ကို တွေ့ရစဉ်။

**နိုင်ငံ့ဝန်ထမ်းများအား မည့်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အစိုးရဓမ္မာစရိယစာမေးပွဲ အဌမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဇွန် ၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့၌ အဌမနေ့အဖြစ် လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၀၆ ဌာနတို့၌ ဒုတိယနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ အဌမနေ့ကို စာရင်းသွင်း ၄၄၈ ပါး/ဦးအနက် ၂၃၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၅၂ ဒသမ ၀၁ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ပထမနေ့ကို စာရင်းသွင်း ၆၂၅၇၂ ပါး/ဦးအနက် ၄၆၁၃၄ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၃ ဒသမ ၇၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းအား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် ဇွန် ၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၀၀၀၀၀ကျပ်။


ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “ကာယံ”TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အမှတ်(၇)ရပ်ကွက်နေ လင်းလင်းထွန်းအား မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ “ShweZinKhaing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာနေ ရွှေဇင်ခိုင်(ခ)ရွှေဇင်အား ည ၉ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၅၀၁)




မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်၊ ခိုင်ရွှေဝါ(၃)လမ်း၊ အမှတ်(၂၄၈)နေအိမ်၌ ဖမ်းဆီးရမိသည့် တရားခံ၏ မှတ်တမ်းဓာတ်ပုံ။



စန်းထက်အောင်(ခ)ပဲခူးသား(၄၀)နှစ်
(သုံးဘီးဘေးတွဲဆိုင်ကယ် မောင်းနှင်သူ)

မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်၊ စိန်ချယ်လမ်းတို၊ အမှတ်(၂၃၃)နေအိမ်၌ ဖမ်းဆီးရမိသည့် တရားခံ၏ မှတ်တမ်းဓာတ်ပုံ။



ဝင်းသူ(ခ)ကုလားလေး(၃၉)နှစ်
(လုပ်ကြံသတ်ဖြတ်ရန် တိုင်ပင်သူ)

ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်း ရောလှေဆိပ်တွင် ဖမ်းဆီးရမိသည့် တရားခံ၏မှတ်တမ်းဓာတ်ပုံ။



မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ)
လင်းလက်ဇော်(၂၈)နှစ်
(လုပ်ကြံသတ်ဖြတ်သူ)



ပြုံးပြုံး(၂၄)နှစ်
(တရားခံ မျိုးကိုကို(ခ)စိုင်းကိုကို(ခ)
ဇင်မင်းထက်(ခ)လင်းလက်ဇော် ၏ဇနီး)



လင်းလက်ရွှေ(၆)နှစ်
(တရားခံ မျိုးကိုကို(ခ)စိုင်းကိုကို (ခ)
ဇင်မင်းထက်(ခ)လင်းလက်ဇော် ၏သမီး)

မုဒုံမြို့နယ် တော်ကူးတံခွန်တိုင်ကျေးရွာ၌ ဖမ်းဆီးရမိသည့် တရားခံနှစ်ဦး၏ မှတ်တမ်းဓာတ်ပုံ။



အောင်ဆန်းဟိန်း(၂၅)နှစ်
(ညောင်ဦးသို့ ပို့ဆောင်ပေးသူ)



ညီညီလှိုင်(၃၉)နှစ်
(ညောင်ဦးသို့ ပို့ဆောင်ရန် ချိတ်ဆက်ပေးသူ)

ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက် ဈေးကလေးလမ်း အမှတ်(၁၇၇)နှင့် သိန္ဓီလမ်း အမှတ်(၃၂)တို့၌ ဖမ်းဆီးရမိသည့် တရားခံသုံးဦး၏ မှတ်တမ်းဓာတ်ပုံ။



မင်းစည်သူ(ခ)အငယ်လေး(၂၉)နှစ်
(Scout ကြည့်ရှုပေးခဲ့သူ)



ကျော်ဇင်သန့်(ခ)လွင်ကြီး(ခ)
ကျော်ဇင်(၃၃)နှစ်
(Scout ကြည့်ရှုပေးသူ)



ဟန်လင်းအောင်(၂၈)နှစ်
(Scout ကြည့်ရှုပေးခဲ့သူ)

**❖ ဖမ်းဆီးရမိမှုအဆက်**

သေနတ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် ဦးချိုထွန်းအောင်သေဆုံးခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ထိုသို့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သည့် တရားခံများရှာဖွေတွေ့ရှိရေး စုံစမ်းဖော်ထုတ်ခဲ့ရာ ပြည်သူလူထု၏ပူးပေါင်းပါဝင်သတင်းပေးမှုကြောင့် ဖြစ်စဉ်ဖြစ်ပွားသည့်နေ့တွင် အကြမ်းဖက်အဖွဲ့များအသုံးပြုခဲ့သည့်စက်ဘီးကို သုံးဘီးယာဉ်တစ်စီးပေါ်တွင် တင်ဆောင်သွားသည်ကို တွေ့ရှိခဲ့ကြောင်းသိရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ မေ ၂၃ ရက်တွင် အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် သုံးဘီးယာဉ်မောင်းနှင်သူ **စန်းထက်အောင်(ခ)ပဲခူးသား** ၄၀ နှစ်ကို မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ခိုင်ရွှေဝါ(၃)လမ်း အမှတ်(၂၄၈) နေအိမ်၌ အကြမ်းဖက်တိုက်ခိုက်ရာတွင်အသုံးပြုခဲ့သည့် စက်ဘီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရာတွင် ထောက်ပို့အဖြစ်ဆောင်ရွက်ခဲ့သည့် **ဝင်းသူ(ခ)ကုလားလေး** ၃၉ နှစ်အား မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် စိန်ချယ်လမ်းတို အမှတ်(၂၃၃)ရှိနေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ မေ ၂၅ ရက်တွင် ဦးချိုထွန်းအောင်အား လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံ **မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ)လင်းလက်ဇော်** ၂၈ နှစ်၊ ၎င်း၏ဇနီးဖြစ်သူ **ပြုံးပြုံး** ၂၄ နှစ်၊ သမီးဖြစ်သူ **လင်းလက်ရွှေ** ခြောက်နှစ်တို့ကို ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းတွင်လည်းကောင်း၊ ၎င်းတို့အား လိုက်ပါပို့ဆောင်ပေးခဲ့သည့် ယာဉ်မောင်း **အောင်ဆန်းဟိန်း** ၂၅ နှစ်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသူ **ညီညီလှိုင်** ၃၉ နှစ်တို့ကို မွန်ပြည်နယ် မုဒုံမြို့တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ မျိုးကိုကို(ခ) စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ) လင်းလက်ဇော်၏ထွက်ဆိုချက်အရဦးချိုထွန်းအောင် လုပ်ကြံသတ်ဖြတ်ရာတွင် ပါဝင်ခဲ့သည့် ဖမ်းဆီးရန်ကျန် တရားခံ **ချစ်ကိုကို(ခ)ကျော်ကြီး**၏ မိသားစုဝင်များသည် မြဝတီမြို့ဘက်သို့ ထွက်ပြေးတိမ်းရှောင်ရန် လုပ်ဆောင်နေကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခဲ့ရာ မေ ၂၆ ရက်တွင် **ချစ်ကိုကို(ခ)ကျော်ကြီး**၏ဇနီး **မြင့်မြင့်ထွေး** ၃၉ နှစ်၊ **အောင်ကိုကိုချစ်** ၁၈ နှစ်၊ **ဇင်မောင်မောင်(ခ)အာနိုး** ၂၇ နှစ်နှင့် ထွက်ပြေးတိမ်းရှောင်ရာတွင်

**စာမျက်နှာ ၂၃ သို့**

သာကေတမြို့နယ် ၄/တောင်ရပ်ကွက် မြင်တော်သာလမ်း အမှတ်(၅၂၄)ရှိ "လင်း" အထူးကုဆေးရုံ၌ ဖမ်းဆီးရမိသည့် တရားခံ၏ မှတ်တမ်းဓာတ်ပုံ။



ဒေါက်တာ ဇော်ကိုကို(၃၈)နှစ်(DCS)
(ဆေးကုသပေးသူ)



ဒေါက်တာ ရဲလင်းစိုး(၃၆)နှစ်
("လင်း"ဆေးရုံပိုင်ရှင်)

ပဲခူးမြို့အဝင် စစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိခဲ့သည့် တရားခံများ၏ မှတ်တမ်း ဓာတ်ပုံ။



မြင့်မြင့်ထွေး(၃၉)နှစ်
(ချစ်ကိုကို(ခ)ကျော်ကြီး၏ ဇနီး)



အောင်ကိုကိုချစ်(၁၈)နှစ်
(ချစ်ကိုကို(ခ)ကျော်ကြီး၏ သား)



ဇင်မောင်မောင်(ခ)အာနီး(၂၇)နှစ်
(မြဝတီသို့ ပို့ဆောင်ပေးသူ)



ဖြိုးဝေအောင်(ခ)အရှည်ကြီး(၄၀)နှစ်
(မြဝတီသို့ပို့ဆောင်ရန် ချိတ်ဆက်ပေးသူ)

## Golden Valley Warrior အမည်ခံ အကြမ်းဖက်အဖွဲ့၏ လုပ်ကြံသတ်ဖြတ်မှုများ



ဦးမင်းတေဇာညွန့်တင်
ဥပဒေအတိုင်ပင်ခံ(သေဆုံး)
(၂၄-၃-၂၀၂၃)



လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား
ချောင်းမြောင်းပစ်ခတ်ခဲ့မှု
(လူထိခိုက်မှု မရှိ) (၁၅-၈-၂၀၂၃)



ဦးသန်းထွန်း အမျိုးသားဒီမိုကရေစီ
ပါတီသစ် ဥက္ကဋ္ဌ (သေဆုံး)
(၁-၁၂-၂၀၂၃)



ဦးသန့်ဇင် (ထွေ/အုပ် ယာဉ်မောင်း)
(မစိုးရိမ်ရ)
(၁၃-၁၀-၂၀၂၄)



ဦးချိုထွန်းအောင်
သံအမတ်ကြီး(ငြိမ်း) (သေဆုံး)
(၂၂-၅-၂၀၂၅)

**စာမျက်နှာ ၂၂ မှအဆက်**

ကူညီဆောင်ရွက်ပေးခဲ့သည့် **ဖြိုးဝေအောင် (ခ) အရှည်ကြီး** ၄၀ နှစ်တို့ကို ပဲခူးမြို့အဝင် စစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ မေ ၂၉ ရက်တွင် ဦးချိုထွန်းအောင်အား လုပ်ကြံသတ်ဖြတ်မှုအပါအဝင် ၎င်းတို့အကြမ်းဖက်အဖွဲ့ ဆောင်ရွက်ခဲ့သော လုပ်ကြံသတ်ဖြတ်မှုများ၌ Scout ကြည့်ရှုပေးခဲ့သည့် တရားခံ **မင်းစည်သူ(ခ)အငယ်လေး** ၂၉ နှစ်နှင့် **ကျော်ဇင်သန့်(ခ)လွင်ကြီး (ခ)ကျော်ဇင်** ၃၃ နှစ်တို့ကို ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက် ဈေးကလေးလမ်းအမှတ်(၁၇၇)ရှိနေအိမ်၌လည်းကောင်း၊ တရားခံ**ဟန်လင်းအောင်** ၂၈ နှစ် ကြည့်မြင်တိုင်မြို့နယ် သီတာရပ်ကွက် သိန္ဓုလမ်း အမှတ်(၃၂) နေသူအားလည်းကောင်း အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ဖမ်းဆီးရမိတရားခံ မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ)လင်းလက်ဇော်၏ ထွက်ဆိုချက်အရ ၎င်းသည် ဦးချိုထွန်းအောင်အား လုပ်ကြံသတ်ဖြတ်စဉ် သေနတ်ကျည်ပေါက်ထွက်၍ ဘယ်ဘက်ခြေထောက် ဒဏ်ရာရရှိခဲ့ပြီး အဆိုပါ ဒဏ်ရာအား သာကေတမြို့နယ် ၄/တောင်ရပ်ကွက် မြင်တော်သာလမ်း အမှတ်(၅၂၄)ရှိ "လင်း" အထူးကုဆေးရုံ၌ လျှို့ဝှက်စွာ ဆေးကုသခဲ့ကြောင်း သိရှိရသဖြင့် မေ ၂၆ ရက် ညနေပိုင်းတွင် တရားမဝင် ဆေးကုသပေးခဲ့သော DCS ဆရာဝန် **ဇော်ကိုကို** ၃၈ နှစ်နှင့် DCS ဆရာဝန်များဖြင့် စုစည်းဖွင့်လှစ်ထားသည့် "လင်း" အထူးကုဆေးရုံပိုင်ရှင် ဒေါက်တာ **ရဲလင်းစိုး** ၃၆ နှစ်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ၁၃ ဦး၊ မ သုံးဦး စုစုပေါင်း ၁၆ ဦးတို့ကို လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၃ ခုနှစ် မတ်လတွင် Golden Valley Warrior အမည်ခံ အကြမ်းဖက်အဖွဲ့အား ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ တရားခံပြေး **ရည်မွန်**၏ စီစဉ်ထောက်ပံ့ပေးမှုဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ Golden Valley Warrior အမည်ခံ အကြမ်းဖက်အဖွဲ့တွင် ဖမ်းဆီးရန်ကျန် တရားခံ **ကိုထက်** ခေါင်းဆောင်၍ အင်အား ရှစ်ဦးရှိပြီး ရန်ကုန်မြို့၌ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ရန်နှင့် ၎င်းတို့မကျေနပ်သည့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ မေ ၁၅ ရက်တွင် Golden Valley Warrior အမည်ခံ အကြမ်းဖက်အဖွဲ့ ခေါင်းဆောင် ဖမ်းဆီးရန်ကျန် တရားခံ ကိုထက်သည် Telegram မှတစ်ဆင့် ဦးချိုထွန်းအောင်၏ဓာတ်ပုံနှင့် နေအိမ်တည်နေရာ Google Map တို့ကို ပေးပို့ခဲ့ပြီး လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းခဲ့ကြောင်း၊ ဖမ်းဆီးရမိတရားခံများဖြစ်သည့် မျိုးကိုကို (ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ)လင်းလက်ဇော်၊မင်းစည်သူ(ခ)အငယ်လေး၊ ကျော်ဇင်သန့်(ခ)လွင်ကြီး(ခ)ကျော်ဇင်နှင့် ဖမ်းဆီးရန်ကျန်တရားခံ ချစ်ကိုကို(ခ)ကျော်ကြီးတို့သည် ဦးချိုထွန်းအောင်၏ နေအိမ်ဝန်းကျင်သို့ ခြောက်ကြိမ်သွားရောက်၍ အခြေအနေကြည့်ခဲ့ကြောင်း၊ မေ ၂၁ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံကိုထက်က မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ) လင်းလက်ဇော်ထံသို့ ပစ္စတိုနှစ်လက်အား ပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

မေ ၂၂ ရက်တွင် မျိုးကိုကို(ခ)စိုင်းကိုကို (ခ)ဇင်မင်းထက်(ခ) လင်းလက်ဇော်နှင့် ဖမ်းဆီးရန်ကျန်တရားခံ ချစ်ကိုကို(ခ) ကျော်ကြီးတို့သည် ကိုထက်ကငှားရမ်းပေးထားသည့် ရွှေပေါက်ကံမြို့သစ် (၂၂)ရပ်ကွက် သပြေခြံမြို့ပတ်လမ်း အမှတ် (ရ/၁၀၃/၁၀၄)ရှိ Safe House မှ စက်ဘီးဖြင့်ထွက်ခွာခဲ့ကြောင်း၊ ဦးချိုထွန်းအောင်၏နေအိမ်ရှေ့အရောက်တွင် လမ်းလျှောက်နေသော ဦးချိုထွန်းအောင်အား မျိုးကိုကို (ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ)လင်းလက်ဇော်က အသင့်ယူဆောင်လာသည့် ပစ္စတိုဖြင့် လေးချက် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်စဉ် ပစ္စတိုကျည်ညှပ်သဖြင့် ရှင်းလင်းစဉ် ကျည်ပေါက်ထွက်၍ ၎င်း၏ ဘယ်ခြေထောက်အား ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းနောက် စက်ဘီးဖြင့် ရွှေပေါက်ကံမြို့သစ်ရှိ Safe House သို့ ပြန်လာခဲ့ပြီး စက်ဘီးနှင့် လုပ်ကြံသတ်ဖြတ်စဉ် ဝတ်ဆင်ခဲ့သည့် အဝတ်အစားများကို စန်းထက်အောင်(ခ)ပဲခူးသားနှင့် ဝင်းသူ(ခ)ကုလားလေးတို့အား ဝှက်ထားခိုင်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ မျိုးကိုကို(ခ) စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ)လင်းလက်ဇော်၏ ထွက်ဆိုချက်အရ ၎င်းသည် ရရှိခဲ့သည့်ဒဏ်ရာအား ဆေးကုသရန်အတွက် ဖမ်းဆီးရန်ကျန် တရားခံ **အောင်သူ**က ကြိုတင်ချိတ်ဆက်ပေးထားသည့် "လင်း" အထူးကုဆေးရုံရှိ DCS ဆရာဝန်ဇော်ကိုကိုထံသို့သွားရောက်၍ လျှို့ဝှက်စွာ ဆေးကုသမှုခံယူခဲ့ကြောင်း၊ ၎င်းနောက် မိသားစုနှင့်အတူ ပခုက္ကူမြို့နယ်ဘက်၌ တိမ်းရှောင်ရန်သွားရောက်စဉ် ပုဂံမြို့ဟောင်း၌ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ တရားခံပြေးရည်မွန်၏ စေခိုင်းမှုဖြင့် Golden Valley Warrior အမည်ခံ အကြမ်းဖက်အဖွဲ့သည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ အောက်ပါအတိုင်း လုပ်ကြံသတ်ဖြတ်မှု လေးကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

(က) ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ) လင်းလက်ဇော်သည် သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် ဖွံ့ဖြိုးရေးလမ်းနေ ဥပဒေအတိုင်ပင်ခံ **ဦးမင်းတေဇာညွန့်တင်**အား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီးဖမ်းဆီးရန်ကျန် တရားခံချစ်ကိုကို(ခ) ကျော်ကြီးတို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

(ခ) ၂၀၂၃ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ) လင်းလက်ဇော်နှင့် ချစ်ကိုကို(ခ)ကျော်ကြီးတို့သည် ရွှေပြည်သာမြို့နယ် အမှတ်(၃) ရပ်ကွက် ပန်းခြံ(၄)လမ်း၌ **လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး**အား ပစ္စတိုဖြင့် ချောင်းမြောင်း ပစ်ခတ်ခဲ့ပြီး **ဟန်လင်းအောင်**က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

(ဂ) ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ) လင်းလက်ဇော်သည် သင်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် ငမိုးရိပ်(၃)လမ်းနေ **အမျိုးသားဒီမိုကရေစီပါတီသစ် ဥက္ကဋ္ဌ ဦးသန်းထွန်း**အား ပစ္စတိုဖြင့် ပစ်ခတ် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး မင်းစည်သူ(ခ) အငယ်လေးနှင့် ကျော်ဇင်သန့်(ခ)လွင်ကြီး (ခ)ကျော်ဇင်တို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

(ဃ) ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် မျိုးကိုကို(ခ) စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ) လင်းလက်ဇော်သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၁၁) ရပ်ကွက် အောင်မင်္ဂလာကျောင်းအနီးတွင် မစဖအဖွဲ့ဝင်(၂)ဖြစ်သူ ဦးရွှေမန်းအား ပစ္စတိုဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ရာ **ယာဉ်မောင်းဖြစ်သူ ဦးသန့်ဇင်**တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကျော်ဇင်သန့်(ခ)လွင်ကြီး (ခ)ကျော်ဇင်က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ Golden Valley Warrior အကြမ်းဖက်အဖွဲ့သည် ရန်ကုန်မြို့အတွင်း၌ အပြစ်မဲ့ပြည်သူများအား ဒလန်အဖြစ်စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း၊ ထိုသို့ လုပ်ကြံသတ်ဖြတ်ခြင်းများအတွက် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သောNUG က တစ်ကြိမ်လျှင် နှစ်သိန်းကျပ် NUG Pay မှတစ်ဆင့် ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

(၅၀၁)

ဝတ္ထုတိုကဏ္ဍ

# အသိတစ်ခု

## ထွန်းလှိုင်(မြိုင်)



နွေရာသီဖြစ်လို့ ခြောက်သွေ့နေတဲ့ တစ်ခုသော ညနေစောင်း ကျနေရဲ့အလင်းရောင်အောက်က ဖုန်တထောင်းထောင်းထနေတဲ့ယာခင်းထဲမှာ နွားငယ်လေးတွေက နားစွင့်ပြီး ချက်ချင်းထူးကြလေရဲ့။

ဒီအချိန်မှာ ဘကြီးတုတ်က လေးတိလေးကန်နဲ့ သူ့နွားတွေကို တခြားနွားအုပ်တွေနှင့် ရောပါမသွားအောင် ဝါးရင်းတုတ်ကြီးကိုတယမ်းယမ်းဖြင့် နွားတွေခွဲပြီးထိန်းနေလေရဲ့။ ဘကြီးတုတ်ခမျာ သူ့နွားတင်မက သူ့သား နွားလေးငါးကောင်ကိုပါ ကူပြီးထိန်းကျောင်းပေးနေရ၏။ "ဩော်...သားသမီး စီးပွားဖြစ်ပါစေလို့ နွားမသားအမိ ပေးထားပါတယ်။ အဖေပဲ လက်စနဲ့ ကျောင်းပေးပါဆိုလို့ ကျောင်းရတာ လေးငါးနှစ်ရှိပြီ။ ခြေနှစ်ချောင်းသနားလို့ ခြေလေးချောင်းကယ်ခဲ့တော့ ဘကြီးတုတ်ပဲ ပင်ပန်းခဲ့တာပေါ့"

ညနေစောင်း၍ အိမ်အပြန်တွင် တချို့နွားတွေက နွားအုပ်ထဲမှ ဖွဲ့ထွက်ပြီး ယာခရိုးမြေမှာ ညှိုးခြောက်နေတဲ့မြက်ကို တဖြုတ်ဖြုတ်စားရင်း သွားနေကြ၏။ တချို့နွားတွေက ပိုင်ရှင်ရှိတဲ့ မြေပဲရိုးပုံ၊ မြက်ခြောက်ပုံတွေကို ဖြတ်သွားဖြတ်လာစားသွားကြလို့ အဲဒီလိုနွားမျိုးတွေကို မောင်းရတာ၊ နွားနောက်က လွှန်းထိုးသလိုပြေးလိုက်ပြီးမောင်းရတာ ဘကြီးတုတ်ပင်ပန်းလှ၏။ နွားပေါက်စကလေးတွေကတော့ တစ်ကောင်နှင့်တစ်ကောင် ဆော့ကစားရင်း မိခင်နောက်အမီပြေးလိုက်နေကြတာ မောလို့မောမှန်းမသိ။ နေလုံးကြီးဝင်တော့မှာမို့ နွားတွေကို ရွာဘက်ဆီမောင်းလာခဲ့၏။

နွေရာသီကသိပ်ပူတော့ နွားတွေလည်း အလိုလိုမောနေကြ၏။ သူတို့၏ အသက်ရှူသံတွေက ဘယ်လောက်ပြင်းသလဲ။ ဖားဖိုဆွဲသံလား အောက်မေ့ရသည်။ လယ်သမားသားသမီးဆိုရင် ကိုယ့်ကျွဲ၊ နွားတွေကို သနားတတ်ကြသည်။

ဒီရာသီမှာ ရေတစ်စက်ဘယ်မှာရှာတွေ့လို့လဲ။ ဒါကြောင့် နေဝင်ဖျိုးဖျမှာ ချောင်းစပ်က ရေကန်ရှိရာသို့ နွားမအုပ်ကြီး ဒရောသောပါးပြေးလွှားကြ၏။ ဘကြီးတုတ်ကတော့ နွားမအုပ်ကြီး ပြေးသွားရာက ထကျန်ရစ်တဲ့ ဖုန်လုံးကြီးတွေကို တဝကြီးရှူရှိုက်ရင်း ဖြည်းဖြည်းသက်သာလိုက်ခဲ့ရတော့၏။

နေပူကျဲကျဲအောက် မြက်ခြောက်၊ သစ်ရွက်ခြောက်တွေကို တဖြုတ်ဖြုတ်စားခဲ့ရတဲ့နွားမအုပ်ကြီး ရေကန်ရောက်မှ သူ့ထက်ငါတိုးဝှေ့ပြီး အငမ်းမရ ရေသောက်ကြ၏။ သူတို့ထက်စော၍ ရေသောက်နေကြသော ငှက်တစ်အုပ်ပျံတက်သွားကြ၏။ နွားမအုပ်ကြီး ရေသောက်ဆင်းတော့ ကြည်လင်နေတဲ့ရေဟာ နောက်ကျိသွား၏။ ဘကြီးတုတ်ကတော့ သစ်ပင်အောက်မှာထိုင်ကာ အမောဖြေရင်း ဘူးသီးခြောက်ရေဘူးထဲက လက်ကျန်ရေကို အကုန်မော့သောက်လိုက်၏။ ဒီနေ့အဖို့ လုံလောက်သွားပြီ။ မနက်ဖြန်အတွက်ယူဖို့ ရေဘူးကလေးကို ဝါးရင်းတုတ်တွင်ချိတ်လိုက်သည်။ နွားမအုပ်ကြီးလည်း ရေကို တဝတပြဲသောက်ကြပြီး နွားခြံသို့ တသီတတန်းကြီးပြန်ကြ၏။ ခြံလှောင်တဲ့ နွားမတွေက ခြံထဲဝင်သွားကြသည်။ ချည်တိုင်တွင် ချည်သော နွားများက ဟိုလိုလိုဒီလိုလိုလုပ်နေကြ၏။ သူ့ဇနီးနှင့် သူ့မြေးများက ဝိုင်းကူပြီး နွားချည်ပေးကြ၏။ တစ်နေ့တာလုပ်ငန်းပြီးသွားပြီမို့ ဘကြီးတုတ် စိတ်အေးသွား၏။

ဘကြီးတုတ်သည် မြိုင်မြို့နယ် ငှက်ပျောတောရွာကလေးတွင်နေ၏။ သူ့လို နွားမအုပ်မွေးသူ နှစ်ဦးရှိ၏။ ကျန်တာတွေက စုပေါင်းစပ်ပေါင်း ကျောင်းကြ၏။ ဘကြီးတုတ် သေစာရှင်စာတောင်မသင်ခဲ့ရ။ ငယ်ငယ်ကတည်းက နွားကျောင်းခဲ့ရသည်။ ဆရာမောင်တင်ထွေးတို့ကလေးဘဝကတည်းက နွားကျောင်းလိုက်တာ ဆရာမောင်တင်ထွေးအလုပ်ရလို့ ပင်စင်ယူတောင် နွားကျောင်းဆဲ။ သူ့အသက် ၇၅ နှစ်ရှိပြီ။ နွားမအုပ်နောက်လိုက်ရဆဲ။ အိပ်ရာထဲ လှဲနေရသည်ထိ တစ်ခါမှ ကျန်းမာရေးမချို့ယွင်းခဲ့။ နံနက်ဆွမ်းခံပြန်ချိန်နံနက်စာအဝစားပြီး နွားမအုပ်နှင့် နွားကျောင်းထွက်ခဲ့၏။ ညနေ နေဝင်ဖျိုးဖျ နွားမအုပ်နှင့်အတူပြန်လာ၏။ အစားမှန် ၊ အသွားမှန်၊ အအိပ်မှန် ပူပင်သောကမရှိ။ သည်တော့ ဘကြီးတုတ် ကျန်းမာရေးဒေါင်ဒေါင်မြည်နေဆဲ။

ရှေးလူကြီးသူမတွေပြောသံကြားဖူး၏။ "ကျောင်းနှစ်ခါနေ၊ ကလေးနှစ်ခါထိန်း၊ နွားနှစ်ခါကျောင်း မဖြစ်စေကြနဲ့" အလုပ်ကို ကြိုးစားလုပ်ကြရန် ဆုံးမခြင်းဖြစ်၏။ ဘကြီးတုတ်ကတော့ တစ်သက်လုံး နွားကျောင်းသွား၏။

ဘကြီးတုတ်နွားမွေးတာ အတုယူထိုက်၏။ နွားမအုပ်ထဲမှ အချောအလှ နွားထီးကလေးတွေကို နဖားဖောက်ပြီး ခွဲချည်ထား၏။ နွားကျောင်းပြန်လာလျှင် အပိုအဖြစ် မြေပဲရိုး၊ မြက်ခြောက်တို့ကို နွားစာကျင်းနှင့်ထည့်ကျွေး၏။ အရွယ်ရောက်လျှင် ခိုင်းနွားအဖြစ် ဈေးကောင်းနှင့် ရောင်းစား၏။ မွေးချင်သူကို ရောင်းစား၏။ နွားမတမ်းချောချောလေးတွေကို နဖားဖောက်ရန် ချည်တိုင်နှင့်ခွဲချည်ထား၏။ နွားမအုပ်ထဲမှ နို့တစ်ပိဿာကျော်ကျော်ထွက်သော နွားမကြီးများကို ချည်တိုင်နှင့်ခွဲချည်ထားသည်။ နံနက်ပိုင်းနွားနို့ညှစ်ပြီး မြိုင်ဈေးကိုရောင်းစား၏။ ဆောင်းဦးပေါက် နွားခြံထဲက နွားချေးကို ယာသမားများကို ရောင်းစားသည်။ ဘကြီးတုတ်နွားမွေးတာ တစ်ဝမ်းတစ်ခါးလှရုံသာမက မိသားစုပါ လှပ၏။ အိမ်ကြီးရခိုင်နှင့်နေရ၏။ မိုးခေါင်လို့ သီးနှံမရလည်း အရေးမကြီး။

ဘကြီးတုတ် အသက် ၃၀ လောက်တွင် မပုတိုဆိုသောအမျိုးသမီးနှင့် သူ့မိဘတွေက အိမ်ထောင်ချပေး၏။ သူ့လိုပဲ စာမတတ်။ အိမ်မှုကိစ္စ နိုင်နင်း၏။ မောင်ပျော့ရင်ဆိုသော သားတစ်ယောက်မွေးဖွား၏။ အစိုးရစာသင်ကျောင်းတော့ ဝေးရော။ ဘုန်းကြီးကျောင်းတွင်ပင် မထားခဲ့။ သူတို့မိသားစု စာမတတ်လည်း အရေးမကြီး။ နွားမအုပ်တစ်အုပ်ရှိလျှင် ထမင်းစားရသည်ဟု ထင်မှတ်ထား၏။ ထို့ကြောင့် ဘကြီးတုတ်တို့မိသားစု ဗဟုသုတမရှိ။ သူများပြောတာယုံမှတ်၏။ တစ်ယူသန်၏။ တစ်ခါကြုံလျှင် အသေမှတ်ထား၏။ ဒါပေမဲ့ ဘကြီးတုတ် သူ့နွားတွေ နေမကောင်းရင်တော့ ကောင်းကောင်းပြုစု၏။ သူ့နွားတွေကလည်း ကူးစက်ရောဂါတစ်ခါမှမဖြစ်ခဲ့ကြ။ ထောင့်သန်းရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါ၊ လည်ချောင်းကွဲရောဂါဆိုတာ ကြားတောင်မကြားဖူးဘူး။ ခွာနာလျှာနာတော့တွေ့ဖူး၏။ ကုဖူး၏။

သူ့နွားတွေ ခွာနာလျှာနာဖြစ်လျှင်တော့ စံပယ်အမြစ်ကိုထောင်း၍ အမှုန့်ကို ခွာနာလျှာနာပေါ် ပွတ်လိမ်းခြင်း၊ ငှက်ပျောသီးမှည့်နှစ်လုံးကို ပျားရည်တစ်ကျပ်ခွဲသားဖြင့်ရောနယ်ကာ လျှာပေါ်လူးပေးခြင်း၊ ခွာနာကို ဓာတ်ဆီထည့်ခြင်း၊ တမာခေါက်၊ မာလကာခေါက်၊ လိမ်ခေါက်သွေး၍ လိမ်းပေးခြင်း၊ ဆေးရွက်ကြီးတစ်ရွက်၊ ဆားတစ်ကျပ်သား၊ ငရုပ်သီးမှုန့်ငါးမူးသားကို ပျားရည်ရော၍ တစ်ခွက်စာတိုက်ပေးခြင်း၊ ပိတ်ချင်းသီး ၁၂ ပဲသား၊ နွယ်ချို ၁၂ ပဲသား၊ ချင်းခြောက်မှုန့် ၁၂ ပဲသား၊ မုရားကြီးရွက် ၄ ပဲသား ရောထောင်းပြီး ပျားရည်နှင့် တိုက်ပေးပါက ပျောက်ကင်း၏။

ဝမ်းချုပ်သောနွားများကို ရိုးရိုးဆား ၁၂ ကျပ်သား၊ ချင်းတစ်ကျပ်သား၊ ရေသန့်သန့်တစ်ပိဿာ ရောတိုက်ကျွေး၏။ သို့မဟုတ် မန်ကျည်းသီးမှည့် ၁၀-၂၅ ကျပ်သား၊ ဆား ၅-၁၀ ကျပ်သား၊ ကြက်သွန်နီငါးကျပ်သားရောထောင်းပြီး ရေပုလင်းကြီးနှစ်ပုလင်းနှင့်ရောစပ်ပြီး တစ်ခွက်စာတိုက်ကျွေး၏။ သို့မဟုတ် ပွေးကိုင်းလက်တစ်ဆုပ်၊ ဆားလက်တစ်ဆုပ်ရောပြီး တိုက်ကျွေးလျှင်လည်းပျောက်ကြောင်း ဘကြီးတုတ်လက်တွေ့ကုခဲ့၏။

အမွေးဆောင်နွားမတွေကိုတော့ ဆင်တုံးမနွယ် ၂၅ ကျပ်သားမီးအုံပြီး ထုထောင်းကာ နှမ်းဖတ် ၂၅ ကျပ်သား၊ ဆားငါးကျပ်သား၊ ဆန်ဆေးရည်နှစ်ပိဿာအပုပ်စိမ်ပြီး တစ်ပတ်နှစ်ကြိမ်တိုက်ပေး၏။

ဝဲရောဂါ၊ ယားနာရောဂါတွေကျတော့ တမာရွက်၊ ဆေးရွက်ကြီး၊ ဆပ်ပြာ၊ ဖီနိုင်ဆေးရည်ကိုကျိုပြီး တစ်ပတ်လျှင်တစ်ကြိမ် သုံးပတ်လူးပေး၏။ တစ်ခါတလေ ဓာတ်ပြားကွဲကိုအမှုန့်ကြိတ်ပြီး ရေနံချေးနှင့် ရောလူးပေး၏။ သို့မဟုတ် ဝဲစွဲသောနေရာကို သွေးစို့အောင်ပွတ်ပေးပြီး ကန့်မှုန့်နှင့်ရေနံချေးရောလူးပေး၏။

နွားသိုးများ ချိုဖြတ်လျှင် မိုင်းခံစက္ကူစည်းထား၏။ ချိုအခေါင်းဖြစ်လျှင် ဆီးဖြူသီးခြောက်၊ ကွမ်းစားထုံး၊ ရှားစေးရောပြီးထောင်းကာ ထည့်၏။ နွားပခုံးပေါက်လျှင် ထန်းနို့ပြာချ၊ အုန်းဆီနှင့်လိမ်း၏။ တစ်ခါတလေ မြွေပွေးရလျှင်ပြာချ အုန်းဆီနှင့် လိမ်း၏။

နွားမတွေ မြက်ခြောက်အစားများ၍ လေပွလျှင် ဆီ ၁၅ ကျပ်သား၊ ၂၅ ကျပ်သား၊ ၄၀ ကျပ်သား တိုက်၏။ ဝမ်းသွားလျှင် ရှားစေးမှုန့်တစ်ဇွန်း၊ နှစ်ဇွန်းတိုက်၏။ နွားကျောင်းရင်းတွေ့လျှင် သပြုခေါက်ခွာလာပြီး တစ်ဆယ်သားခန့် သုံးခွက်တစ်ခွက် တိုက်၏။

နွားမတွေ အစာမကြေ၊ ချောင်းဆိုးလျှင် ပင်စိမ်းရွက် ၂၅ ကျပ်သား၊ ဆားတစ်ဆုပ် ထောင်းတိုက်၏။ နွားမတွေ ထိခိုက်ရှနာများဖြစ်၍ လောက်တွယ်လျှင် လောက်သေရွက်ထုထောင်းထည့်၏။ နွားမတွေ မျက်စိဒဏ်ရာရလျှင် နနွင်းမှုန့်စစ်စစ်ကို ရွှေးစေ့ခန့် တစ်နေ့သုံးကြိမ် ခပ်ပေးသည်။

ဘကြီးတုတ်တိုင်းရင်းဆေးနည်းကတော့ ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်၏။ တစ်နှစ်တော့ မိုးများ၏။ ဘကြီးတုတ်နွားများ ရောဂါထူလာ၏။ ဒူးဆစ်အထိနစ်သော နွားခြံတွင် မတ်တတ်ရပ်နေ၏။ တစ်ကောင်နှစ်ကောင် နေမကောင်းစပြုလာ၏။ သူ့တိုင်းရင်းဆေးနည်းဖြင့်ကုသ၏။ ဒီတစ်ခါ ရောဂါက မြန်မာဆေးနှင့်မရ။ တစ်ကောင်၊ နှစ်ကောင်မက သုံးလေးကောင်သေလာ၏။ အမဲခြောက် နေလှန်းရောင်း၏။ သားရေကို ဆားပက်၊ ပြာပက် နေလှန်းပြီး အခင်းလုပ်၏။ လှည်းခင်းပြီး ဝန်စည်စလွယ်တိုက်၏။ ဘကြီးတုတ်နွားခြံကအစ ပတ်ဝန်းကျင်နွားများ တစ်ကောင်ပြီးတစ်ကောင် ကူးစက်ပြီး သေကုန်ကြ၏။ ကျေးရွာလူကြီးက သေတဲ့နွားကို မြှုပ်ပစ်ရန် ပြော၏။ ထိုအခါ ဘကြီးတုတ်က–

"ငါနွားမွေးလာတာ မင်းအသက်လောက်ရှိပြီ။ နွားသေရင်မြှုပ်ပစ်ရတယ်လို့ မကြားဖူးဘူး။ အမဲဖျက်စားတယ်ပဲ ကြားဖူးတယ်"ဟု ပြောပြီး ဆက်လုပ်နေ၏။

တစ်နေ့တော့ ဘကြီးတုတ်အမဲဖျက်ရင်း လက်ကို ဓားထိသွား၏။ ဘကြီးတုတ်နွားသေလျှင် လက်ခစားရ၍ အရက်သမားဖိုးထောင်လည်း မူးမူးနှင့်ဖျက်၏။ ဓားလွတ်ကျပြီး ဓားဦးက ခြေဖမိုးစူးသွား၏။ သာမန်လောက်ထင်ပြီး ဒဏ်ရာသက်သာ၍ မေ့မေ့လျော့လျော့နေကြ၏။ တစ်ပတ်ခန့်ကြာသောအခါ ဘကြီးတုတ်ရော ဖိုးထောင်ပါ အသားမာပေါက်၍ အပြင်းဖျားကြ၏။ ရွာလယ်ပိုင်းက တိုင်းရင်းဆေးဆရာဦးမောင်ကြီးကို ပင့်၍ဆေးကု၏။

"ဒါ အသားမာပေါက်တာပဲ။ ကျုပ်ဆေးနဲ့ကုရင်ကြာမယ်။ မြို့ကဆေးရုံသွားရင် ကောင်းမယ်" ဟု ပြော၏။

စာမျက်နှာ ၂၅ သို့ ➤

# ကန်ကြီးထောင့်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၃၉၇၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၃၉၇၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၃၉၇၁ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးများကို ယခုနှစ် ဇွန်လ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ပြီး မြေသားပြုပြင်ထွန်ယက်သည့်လုပ်ငန်းများစတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း သိရသည်။

"ကန်ကြီးထောင့်တစ်မြို့နယ်လုံးအနေနဲ့ မိုးစပါး ၁၄၃၉၇၁ ဧက စိုက်ပျိုးသွားမှာပါ။ စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးတွေကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့နဲ့ မြေဆီလွှာပြုပြင်တဲ့ လုပ်ငန်းတွေကို ကွင်းဆင်းသရုပ်ပြတာ၊ ရွှေခရုကာကွယ်နှိမ်နင်းတဲ့လုပ်ငန်းတွေဆောင်ရွက်ပေးတာ၊ ဓာတ်မြေဩဇာ အသုံးပြုနည်းစနစ်တွေမှန်ကန်စေဖို့ ဆောင်ရွက်ပေးတာစတဲ့နည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်စီမံဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ် မိုးစပါးစိုက်ပျိုးရာသီမှာ အရည်အသွေးကောင်း ဈေးကွက်ဝင် စပါးအမျိုးအစားတွေကို အဓိက စိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးများ ရာနှုန်းပြည့်အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်နှီးနွှယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်သည့်အပြင် ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သောဝယ်လိုအားမျှတလာပြီး ကုန်ဈေးနှုန်းတည်ငြိမ်ကာ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည့်အတွက် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# မြောင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၃၅၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**စစ်ကိုင်း ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နွေနှမ်း ၁၃၅၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၄၁၂၅ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော နွေနှမ်းစိုက်ခင်းများကို ယခုနှစ်မေလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၃၅၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကေလျှင် ၁၈ ဒသမ ၅၇ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ နွေနှမ်း ၄၁၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အခုလက်ရှိမှာရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၃၅၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေနှမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ဆီထွက်သီးနှံနှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

ထိုအခါ ဘကြီးတုတ်နှင့်ဖိုးထောင်ကို ဆွေမျိုးတစ်သိုက်က လှည်းဖြင့် ဇွတ်တရွတ်တင်၍ ဆေးရုံပို့လိုက်ကြ၏။ ဒါတောင် ဘကြီးတုတ်က မလိုက်ဘူးငြင်းနေ၏။

"ခင်ဗျားတို့ အချိန်မီရောက်လို့ပေါ့ဗျာ။ ဒါ ထောင့်သန်းရောဂါရတဲ့ နွားကို အမဲဖျက်မိလို့ ထိခိုက်ဒဏ်ရာကကူးပြီး အသားမာဖြစ်တာ သေနိုင်တယ်"ဟု ဆရာဝန်ကပြောတော့ ဘကြီးတုတ် မျက်ကလူးဆန်ပျာဖြစ်သွား၏။ ဖိုးထောင်ကတော့ အသက်ရှူတောင်ရပ်သွားသလား ထင်ရ၏။

ကျေးရွာလူကြီးတွေကတော့ ဘကြီးတုတ်ခြံက နွားတွေနှင့် ရွာထဲက နွားတွေကို နွားထောင့်သန်းရောဂါကာကွယ်ဆေးထိုးနိုင်ရန် စီစဉ်ဆောင်ရွက်နေ၏။

ညဘက်ရောက်သောအခါ ကျေးရွာလူကြီးက ဆရာဝန်များနှင့် ရွာသားများကိုတွေ့ပြီး ထောင့်သန်းရောဂါအကြောင်း ဟောပြောခိုင်းသည်။

"ဘကြီးတုတ်ခြံမှာဖြစ်တဲ့ရောဂါက ထောင့်သန်းရောဂါဗျ။ သရက်ရွက်ကြီးရောဂါ၊ သည်းကြီးရင်ကားရောဂါ၊ အူပေါ်ရေလျှံရောဂါ၊ အောင်နိုင်နတ်ဖမ်းစားတာ၊ မြွေကိုက်တာဆိုပြီး အမျိုးမျိုးခေါ်ကြတယ်။ အလွန်ကူးစက်မြန်ပြီး ခြံလုံးပြုတ်သေနိုင်တယ်။

ဒီရောဂါက နွားတွေရဲ့ အစာခြေလမ်းကြောင်း၊ အသက်ရှူလမ်းကြောင်းထိခိုက်ဒဏ်ရာတွေကတစ်ဆင့်ကူးစက်ပြီး လင့်အကျိတ်ကတစ်ဆင့် သွေးကြောတွေ၊ ခန္ဓာကိုယ်တစ်ရှူးငယ်တွေကို ပျံ့နှံ့သွားတယ်။ အဲဒီအခါမှ ထောင့်သန်းရောဂါပိုးဟာ သေစေနိုင်တဲ့အဆိပ်တစ်မျိုးထုတ်လွှတ်ပြီး ကြွက်သားတွေ ရောင်ရမ်းပျက်စီးစေတယ်။ ပြင်းထန်တဲ့အခါမှာ ချည်တိုင်စားကျက်မှာ ရုတ်တရက် လဲကျသေဆုံးသွားတတ်တယ်။

ထောင့်သန်းရောဂါဖြစ်ရင် အပူချိန်မြင့်မားမယ်။ အသက်ရှူမြန်မယ်။ အစာမစားဘဲ နေမယ်။ ဝမ်းတွေ၊ ဆီးတွေမှာ သွေးစတွေပါမယ်။ မျက်လုံးနီမြန်းနေမယ်။ လည်ပင်းအောက်ခြေ အရေပြားရောင်ပြီး ဖုနေမယ်။ တုန်မယ်။ အကြောဆွဲမယ်။ ဝမ်းဗိုက်ဖောင်းလာမယ်။ စအိုကနေ သွေးမည်းတွေ စီးကျနေမယ်။ ပြင်းထန်ရင် နှစ်နာရီ၊ သုံးနာရီနဲ့ သေမယ်။ မပြင်းထန်ရင် တစ်ရက်အတွင်းသေမယ်။

သေသွားတဲ့နွားတွေကိုဖျက်စားရင်တော့ တစ်ကောင်နဲ့တစ်ကောင် ကူးစက်နိုင်တယ်။ အဆင်မသင့်ရင် ဘကြီးတုတ်လို အသားမာပေါက်မယ်။ ဒါကြောင့် တွင်းနက်နက်တူးပြီး မြှုပ်ပစ်ရမယ်။ ပေါင်ပုပ် လက်ပုပ်တို့၊ လည်ချောင်းကွဲတို့သေရင်လဲ မြှုပ်ပစ်ရတယ်။

ထောင့်သန်းရောဂါဖြစ်စမှာ တိုင်းရင်းဆေးနဲ့ကတော့ ယမ်းစိမ်းခြောက်ပဲသား၊ ဇဝက်သာခြောက်ပဲသား၊ ရေကျက်အေးနဲ့ ရောတိုက်ရမယ်။ နောက်နွားငယ်လေးတွေဆိုရင် နှမ်းဆီ ၂၅ ကျပ်သား၊ နွားကြီးတွေဆိုရင် နှမ်းဆီ ၅၀ ကျပ်သား၊ ရေနှစ်ဂါလန် ရောတိုက်ရတယ်။ အသေချာဆုံးကတော့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနဲ့ဆက်သွယ်ပြီး ဆေးကုကာကွယ်ဆေးထိုးရင် စိတ်အချရဆုံးပဲ"

ဘကြီးတုတ်နှင့်ဖိုးထောင်လည်း တစ်ပတ်ကြာတော့ ဆေးရုံကဆင်းလာ၏။ နွားမအုပ်လည်း ပြန်ကျောင်းနိုင်ပြီ။ ဘကြီးတုတ် စာမတတ်ခဲ့လို့၊ ဗဟုသုတမရှိခဲ့လို့၊ နွားရောဂါအကြောင်း တစေ့တစောင်းသိသွားပြီ။ ဘဝရပ်တည်ရေးအတွက် နွားမအုပ်သည် ကျေးဇူးရှင်ဖြစ်၍ ဘကြီးတုတ် ပိုဂရုစိုက်ရမည်။ ဘာရောဂါတွေဖြစ်ဦးမည်မသိ။ ဖြစ်လာရင်တော့ ဆရာဝန်တွေအကူအညီရယူပြီး ကာကွယ်ကုသရမှာပဲလို့ ဆုံးဖြတ်ချက်ချလိုက်၏။ နွားကျောင်းသားဘဝ အထီးကျန်လှ၏။ ဘကြီးတုတ်ဘဝ နွားမအုပ်ကြီးနှင့်အတူ အိမ်နှင့်စားကျက်၊ စားကျက်နှင့်အိမ် နိစ္စဓူဝ အချိန်ကုန်စေ၏။ ရွာရိုးကိုးပေါက်လည်ချိန်မရ။ ဘကြီးတုတ် နောက်တစ်ကြိမ်တော့ အမှားမခံတော့ပြီ။ မိမိနှင့် နွားကျန်းမာရေးအတွက် ဖြစ်လေ့ဖြစ်ထရှိတဲ့ရောဂါတွေကို ကြိုတင်ကာကွယ်ဆေးထိုးမည်။ ဖြစ်လာရင် အချိန်မီဆေးဝါးကုသသွားမည်ဟု အသိတစ်ခုတိုးလာ၏။

## ပလတ်စတစ်အန္တရာယ် တို့ကာကွယ်

- ကျောက်ခေတ်နှင့် သံခေတ်
  ကြေးခေတ်တို့ ကျော်ကာပင်၊
  အစဉ်သာတိုးတက်
  ရှေ့ဆက်လို့နှင်၊
  နည်းပညာနှင့် တီထွင်
  ပေါ့ပါးလွင် သုံးဆောင်များ၊
  တွင်ကျယ်လာ ပလတ်စတစ်တို့
  ချစ်ဖို့ထွန်းကား။

- သို့ပါသော် ဝေဖန်စစ်လို့
  သုံးဖြစ်ဖို့ လိုသနော်၊
  အန္တရာယ် ပလတ်စတစ်ကြောင့်
  ညစ်ညမ်းစေသော်၊
  ဂေဟာစနစ် ပျက်ယွင်းချော်
  လက်ငင်းနော် မသိလည်း၊
  အချိန်ကြာ ဆိုးကျိုးရှိတယ်
  သတိဝေခွဲ။

- ပလတ်စတစ်နှင့် ထည့်ကာထား
  အစားအစာများ ရှောင်ကြဉ်၊
  ကင်ဆာနွယ် ရောဂါတို့
  ဖြစ်တတ်လို့ပင်၊
  မျိုးဆက်တို့ မသန်ရှင်
  ကိုယ်တွင်းတွင် ရောဂါရ၊
  အလွယ်ပင် အသုံးများလျှင်
  ပျက်ပြားဇီဝ။

- မြေဆီလွှာ ပျက်စီးလို့
  ကမ္ဘာကြီး မကျန်းမာ၊
  ရောဂါထူ လူသားများ
  တိုးပွားစေမှာ၊
  ပလတ်စတစ်တို့ သွေရှောင်ခွာ
  ပညာဉာဏ် ချင့်ချိန်သုံး၊
  အနာဂတ် မျိုးဆက်သစ်တို့
  ပညာတတ် တိုးတက်ရစ်လို့
  ပလတ်စတစ် အန္တရာယ်ကင်းအောင်
  ရိုင်းပင်းကူ ပညာပေးမယ်
  နောင်ရေးမျှော်ထုံး။ ။

**ညွန့်ဝင်း(နတ်တလင်း)**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက် အနားယူပါ။

ခရီးသွားဆောင်းပါး

# ခရီးမဝေးမြို့လင်းခေး

သက်နိုင်(ပြင်ဦးလွင်)

လေ့လာလည်ပတ်ရေးခရီးစဉ်အဖြစ် ရှမ်းပြည်နယ်တောင်ပိုင်းကိုထွက်လာခဲ့ကြတာ မိုးနဲမြို့နယ်အတွင်းက ဆိုင်းဖယ်ရွာကိုရောက်ရှိနေကြပါပြီ။ နေ့ရက်အချိန်ကာလက ယခုနှစ် ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့ပါ။ မြန်မာနိုင်ငံရဲ့ ရာသီဥတုအခြေအနေအရ အပူရှိန်အပြင်းထန်ဆုံး နွေလယ်လဖြစ်နေပေမဲ့ မိုးနဲဒေသမှာ မိုးလေးတအုံ့အုံ့နဲ့ အေးအေးမြမြဖြစ်နေတယ်။ မိမိတို့ခရီးဖော်အဖွဲ့က အိမ်ရှင်မိသားစုဧည့်ခံကျွေးမွေးတဲ့ မနက်စာမကာ၊ နေ့လယ်စာမကျ ထမင်းဟင်းတွေကို စားသောက်ကြပြီး လင်းခေးမြို့ရှိရာကို ဆက်လက်သွားရောက်ကြမှာပါ။ ထမင်းစားပွဲပေါ်မှာတော့ ကြက်တစ်ကောင်၊ ငါးတစ်ကောင်ရဲ့ ကိုယ်ခန္ဓာအရိုးစုတွေသာ ကျန်ရစ်နေပါတော့တယ်။

ဆိုင်းဖယ်ရွာကနေ ပြန်လည်ထွက်ခွာလာကြပြီး မကြာခင်မှာ မိုးနဲမြို့တွင်းကို ရောက်လာခဲ့ကြတယ်။ ဆိုင်းဖယ်ရွာကို သွားရောက်ခဲ့ကြစဉ်တုန်းကလဲ မိုးနဲမြို့တွင်းကနေတစ်ဆင့် သွားရောက်ခဲ့ကြရတာပါ။ မိုးနဲကနေလင်းခေးကို သွားရောက်ကြဖို့အတွက် ခပ်စောစောက မိမိတို့အဖွဲ့ ကျော်လွန်ရောက်ရှိလာခဲ့ကြတဲ့ သင်္ကြန်စတုဒိသာ ကျွေးမွေးဧည့်ခံနေတဲ့ နေရာကို ပြန်လည်ဖြတ်သန်းသွားကြရတယ်။ ဒီနေရာကိုရောက်ရှိလာတဲ့အခါ ဧည့်ခံကျွေးမွေးရေးအစီအစဉ်တွေ ပြီးဆုံးသွားခဲ့ပြီး ပစ္စည်းတွေ၊ အိုးခွက်တွေ သိမ်းဆည်းနေကြတာကို တွေ့မြင်နေရပေမဲ့ ရေပတ်၊ ရေဆော့ကစားနေတာမျိုးတွေ မရှိသေးပါဘူး။ ရာသီဥတုအခြေအနေကလဲ မိုးလေးအုံ့နေသေးပြီး ပတ်ဝန်းကျင်တစ်ခုလုံးညို့မှိုင်းနေဆဲပါ။

မိုးနဲမြို့နဲ့လင်းခေးမြို့က ၂၂ မိုင်ဝေးကွာနေပါတယ်။ ဒါပေမဲ့ မိုးနဲမြို့ရဲ့ ပင်လယ်ရေမျက်နှာပြင်အမြင့်က ၃၁၇၉ ပေရှိနေပြီး လင်းခေးမြို့ရဲ့ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေက ၉၉၆ ပေသာရှိနေတာကြောင့် တောင်ပေါ်ကနေ တောင်အောက်ကိုဆင်းနေရသလိုဖြစ်နေပါတယ်။ အကွေ့အကောက်တွေ အလွန်မများပေမဲ့ ဖြည်းဖြည်းမှန်မှန်ဆင်းနေရတဲ့ ဆင်ခြေလျှောလမ်းတွေကို တွေ့မြင်ရပါတယ်။ လမ်းရဲ့အခြေအနေက ကတ္တရာခင်း လမ်းကောင်း၊ လမ်းချောဖြစ်နေသလို လမ်းပေါ်မှာလဲ အသွားအလာကင်းရှင်းသလောက်ဖြစ်နေတယ်။ မိုးနဲမြို့ကနေ စတင်မောင်းနှင်လာခဲ့ပြီး ကားမောင်းချိန် ကြာလာတာနဲ့အမျှ ရာသီဥတုက ကြည်လင်သာယာလာခဲ့သလို အနည်းငယ်ပူအိုက်စပြုလာရတယ်။ ပြင်ဦးလွင်မြို့ကနေ မန္တလေးမြို့ကို ဆင်းလာခဲ့ရသလိုမျိုးပါ။ ဒ့ါပြင် အပူပိုင်းဒေသတွေမှာ ပေါက်ရောက်လေ့ရှိကြတဲ့ တမာပင်၊ ထန်းပင် စတာတွေကို တစ်စတစ်စ တွေ့မြင်လာခဲ့ရတယ်။

မကြာခင်မှာ လင်းခေးမြို့အဝင်ကို ရောက်လာခဲ့ကြတယ်။ မြို့အဝင်က အဆိုတော်စိုင်းထီးဆိုင်ရဲ့ လင်းခေးမြို့အဝင်သီချင်းထဲကအတိုင်း လှလှပပ သာသာယာယာပါ။ ဒါပေမဲ့ သီချင်းစာသားလေးတွေက ပိုမိုဖော်ကျူးရေးသားထားတာမျိုးပါ။ သီချင်းဆိုတဲ့အတိုင်း လှပပေါ်လွင်အောင်ရေးသားဖွဲ့ဆိုထားတာဖြစ်နိုင်ပါတယ်။ မြို့အဝင်ကိုရောက်တာနဲ့ အရင်တစ်ခေါက် တာချီလိတ်ခရီးစဉ်တုန်းက ကားပေါ်ကနေဆင်းပြီး သေသေချာချာ ဓာတ်ပုံရိုက်ခွင့်မရခဲ့တဲ့ မြို့ဝင်ဆိုင်းဘုတ်ကိုကြည့်ရှုလေ့လာကြရင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ခွင့် ကောင်းကောင်းရရှိပါတော့တယ်။ ခရီးသည်တင်လိုင်းကားတွေစီးပြီး ခရီးသွားလာရတဲ့ဆိုးကျိုးတွေနဲ့ ကိုယ့်ကားနဲ့ကို ခရီးသွားလာခွင့်ရတဲ့ ကောင်းကျိုးတွေပါ။ ဒါပေမဲ့သူ့နေရာနဲ့သူ ကောင်းကျိုး၊ ဆိုးကျိုးတွေတော့ ရှိနေကြပါတယ်။

လင်းခေးမြို့ကို ရှမ်းအညာဆိုပြီး တင်စားခေါ်ဆိုကြပါတယ်။ တောင်ကြီး၊ တာချီလိတ်မြို့တွေရှိရာကို ပြေးဆွဲနေတဲ့ခရီးသည်တင်မော်တော်ယာဉ်လိုင်းတွေမှာ ရှမ်းအညာဆိုတဲ့ ယာဉ်လိုင်းတစ်ခုကလဲ အပါအဝင်ဖြစ်နေတယ်။ ဆိုလိုတာက အညာဒေသတွေမှာလို ရာသီဥတုပူပြင်းခြောက်သွေ့တဲ့အပြင် အညာဒေသတွေမှာလို အုန်းပင်၊ ထန်းပင်၊ တမာပင်၊ ထနောင်းပင်၊ ကုက္ကိုပင်တွေနဲ့ အခြားအပူပိုင်းဒေသမှာ ရှင်သန်ပေါက်ရောက်လေ့ရှိကြတဲ့ သဘာဝပေါက်ပင်မျိုးစုံ ရှိနေကြတယ်။ မြို့သမိုင်းအထောက်အထားတွေအရ လင်းခေးဆိုတာရှမ်းဘာသာစကား လန်းခေးကနေဆင်းသက်လာခဲ့ပြီး နွယ်ကြိုးနဲ့ပြုလုပ်ထားတဲ့ လင့်စင်လို့အဓိပ္ပာယ်ရနေတယ်။ ရှေးခေတ်အခါက အခုလင်းခေးမြို့နေရာမှာ ကျားဆိုးကြီးတွေသောင်းကျန်းခဲ့ကြသလို ဒီကျားဆိုးတွေရဲ့ ဘေးအန္တရာယ်ကို ကာကွယ်နိုင်ဖို့အတွက် သစ်ပင်တွေရဲ့အထက်မှာ လင့်စင်တွေကို နွယ်ကြိုးတွေနဲ့ ချည်နှောင်ဆောက်လုပ် နေထိုင်ခဲ့ကြရတယ်။ ဒါကြောင့် အစဉ်အလာအရ လင်းခေးမြို့မှာ ကျားနဲ့ပတ်သက်တဲ့ ကျားရုပ်၊ ကျားတံဆိပ်တွေကို သုံးစွဲခြင်းမပြုကြဘဲ နေထိုင်လာခဲ့ကြ




ရတယ်။ လင်းခေးမြို့ကို အရင်တုန်းက တိုက်နယ်အဆင့်သာသတ်မှတ်ထားခဲ့တာပါ။ ၁၉၅၉ ခုနှစ် မေ ၁ ရက်ရောက်မှ တိုက်နယ်ကနေ မြို့ဖြစ်လာခဲ့တယ်။ မြန်မာ့အနုပညာလောကမှာ ထင်ရှားကျော်ကြားတဲ့ စိုင်းထီးဆိုင်၊ စိုင်းဘိုဘို၊ နန်းနောင့်နောင့်တို့က လင်းခေးဇာတိတွေဖြစ်ကြောင်း သိထားရတယ်။

မြို့ဝင်ဆိုင်းဘုတ်မှာ မှတ်တမ်းဓာတ်ပုံတွေရိုက်ယူရင်း၊ လေ့လာကြည့်ရှုနေကြရင်းနဲ့ ထနောင်းပင်တွေ၊ တမာပင်တန်းတွေကို သတိထားတွေ့မြင်နေရတယ်။ အရွက်စိမ်းစိမ်း၊ ပင်စည်အကိုင်းအခက် အလက်အဝါရောင်ရှိနေတဲ့ ထနောင်းပင်ကြီးက မြို့အဝင်ဆိုင်းဘုတ်ကြီးနဲ့အတူ ယှဉ်တွဲတည်ရှိနေတယ်။ တမာပင်တန်းတွေကတော့ လမ်းဘေးဝဲယာတစ်လျှောက်မှာ စီစီရီရီရှိနေကြတယ်။ မိမိတို့ခရီးဖော်အဖွဲ့တွေက လင်းခေးမြို့ရှိရာကို လာရောက်လေ့လာလည်ပတ်ကြတာ ဘာအသိအကျွမ်း၊ ဘယ်မိတ်ဆွေသူငယ်ချင်းအပေါင်းအသင်းမှ မရှိကြပါဘူး။ မိမိတို့လိုစာရေးဆရာတွေနဲ့ ဆက်နွယ်ပတ်သက်နေတဲ့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကိုသွားရောက်ပြီး ပါလာတဲ့ စာအုပ်စာတမ်းတွေလှူဒါန်းရင်း မိတ်ဆွေဖွဲ့၊ နှုတ်ဆက်စကားပြောကြား တွေ့ဆုံကြရအောင်ကလဲ သင်္ကြန်ပွဲတော်ကာလဖြစ်နေတာကြောင့် ရုံး၊ ဌာနတွေက ပိတ်ထားကြပါတယ်။

ဒါကြောင့် မြို့ဝင်ဆိုင်းဘုတ်မှာ ဓာတ်ပုံရိုက်၊ လေ့လာပြီးကြတာနဲ့ မြို့တွင်းကိုဆက်လက်မောင်းနှင်လာခဲ့လိုက်တယ်။ လင်းခေးမြို့အဝင်လမ်းဆုံမှာ ညာဘက်လမ်းအတိုင်း မောင်းလာခဲ့မယ်ဆိုရင် လင်းခေးမြို့တွင်းကို ရောက်ရှိမှာဖြစ်ပါတယ်။ ဘယ်ဘက်လမ်းဖြစ်တဲ့ မြို့ရှောင်လမ်းကနေ ဆက်လက်သွားရောက်မယ်ဆိုရင် မိုင်းပန်မြို့ကိုရောက်ရှိသွားမှာပါ။ လင်းခေးနဲ့မိုင်းပန်က ၃၁ မိုင်ဝေးကွာနေပါသေးတယ်။ အရင်တစ်ခေါက်တာချီလိတ်ခရီးစဉ်တုန်းက လင်းခေးမြို့တွင်းကို ဝင်ရောက်ခွင့်မရရှိခဲ့ဘဲ မြို့ရှောင်လမ်းအတိုင်း မိုင်းပန်မြို့ရှိရာကို သွားရောက်ခဲ့ရတယ်။ အဲဒီအချိန်ကတည်းက လင်းခေးမြို့ကို မရောက်ရောက်အောင်လာမယ်ဆိုပြီး စိတ်ဆုံးဖြတ်ထားခဲ့တာ နောက်ရှစ်လအကြာမှာ အခုခရီးစဉ်အဖြစ်နဲ့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ရပါပြီ။

လင်းခေးမြို့မှာ ဘယ်ကိုသွားမယ်၊ ဘယ်သူတွေနဲ့တွေ့မယ်ဆိုတဲ့ အစီအစဉ်တွေမရှိတာကြောင့် မြို့ဝင်လမ်းအတိုင်းမောင်းနှင်လာခဲ့တာ မကြာခင်မှာ မြို့တွင်းလူစည်ကားတဲ့နေရာတစ်ခုကို ရောက်လာခဲ့ကြတယ်။ လူတွေစည်ကားနေသလို ဈေးဆိုင်တန်းတွေ၊ လမ်းဆုံလမ်းခွတွေရှိနေတဲ့ နေရာလဲဖြစ်နေပါတယ်။ အချိန်က နေမွန်းတည့်စအချိန် ရာသီဥတုအပူဒဏ်ပြင်းထန်နေတာကြောင့် လူတွေအနည်းငယ်ရှင်းတဲ့ သစ်ပင်ရိပ်ကောင်းကောင်းတစ်ခုအောက်မှာ ကားကိုရပ်လိုက်ပြီး လေ့လာလည်ပတ်ကြဖို့ ပြင်ဆင်ကြတယ်။ ကားကိုရပ်လိုက်ပြီး ရောက်ရှိနေတဲ့နေရာကို သေသေချာချာလေ့လာကြည့်ရှုလိုက်တော့ ဈေးနေရာဖြစ်နေတာကို သိလိုက်ရတယ်။ ဒါကြောင့် လမ်းဘေးတစ်လျှောက်မှာ ဈေးဆိုင်တန်းတွေ တန်းစီပြီးရှိနေကြတာပါ။

အတွေ့အကြုံဗဟုသုတရှိတဲ့ ခရီးဖော်ကြီးတစ်ယောက်က လင်းခေးမြို့က ထမင်းချဉ်နဲ့ တိုဟူးသုပ် ကောင်းတယ်လို့ကြားဖူးတယ်။ လိုက်လံရှာဖွေစားသောက်ကြရအောင်ဆိုပြီး စည်းရုံးပြောဆိုနေပေမဲ့ မိမိနဲ့ငယ်သူငယ်ချင်းဖြစ်သူနှစ်ယောက်တို့က အစားအစာတွေ မစားချင်ကြဘဲ အအေးသောက်ချင်နေကြလို့ လူစုခွဲပြီး သက်ဆိုင်ရာဆိုင်တွေရှိရာကို ထွက်လာခဲ့ကြတယ်။ မိမိတို့နှစ်ယောက်လမ်းလျှောက်ရင်း ရောက်ရှိလာခဲ့တဲ့အအေးဆိုင်က သစ်ပင်အရိပ်လေးအောက်မှာ တည်ရှိနေတယ်။ ဆိုင်ရှေ့မှာ အုန်းသီးစိမ်းတွေကို မြင်တွေ့နေရတဲ့အပြင် သံပရာ၊ လိမ္မော်၊ သရက်၊ ဆီး၊ နာနတ် စတဲ့ ဖျော်ရည်မျိုးစုံတွေလဲ ရရှိတယ်ဆိုတာကြောင့် သံပရာသီးစစ်စစ်နဲ့ဖျော်တဲ့ သံပရာရည်နှစ်ခွက်ကို မှာယူသောက်လိုက်ကြတယ်။ လင်းခေးမြို့က သံပရာသီးနဲ့မန်ကျည်းသီးပေါတယ်လို့ ပြောဆိုလာတဲ့ ဆိုင်ရှင်ဖြစ်သူတွေက အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသူလေးသုံးယောက်ပါ။ ညီအစ်မအရင်းတွေဖြစ်ပြီး နွေရာသီကျောင်းပိတ်ရက်မှာ မိဘတွေကို ဈေးကူရောင်းနေကြတာဖြစ်ကြောင်း သိလိုက်ရတယ်။ ဆိုင်ထဲမှာလဲ အခြားစားသောက်နေကြသူ ဘယ်သူမှမရှိတာနဲ့ ဆိုင်ရှင်ကျောင်းသူကလေးတွေနဲ့ စကားပြောရင်း လင်းခေးမြို့မှာ ဘယ်နေရာတွေကို သွားလာလည်ပတ်လို့ရသလဲ၊ အဆိုတော်စိုင်းထီးဆိုင်ရဲ့အိမ်က ဘယ်နားမှာလဲ စတာတွေကို မေးမြန်းစုံစမ်းနေရတယ်။

ဆိုင်ရှင်ကျောင်းသူကလေးတွေရဲ့ အပြောအရ လင်းခေးမြို့နယ်အတွင်းမှာ ရေတံခွန်တစ်ခုရှိနေကြောင်း၊ ဒါပေမဲ့ အလွန်ဝေးနေသေးကြောင်း၊ မြို့အပြင်မလှမ်းမကမ်းမှာ ရေပူစမ်းရှိကြောင်း၊ အဆိုတော်စိုင်းထီးဆိုင်ရဲ့အိမ်က ဆိုင်အရှေ့လမ်းကနေ တည့်တည့်သွားရင် မဝေးတော့ကြောင်းနဲ့ သူ့ရဲ့အိမ်မှာ ဘယ်သူမှမရှိကြတော့ဘဲ မိသားစုဝင်တွေအားလုံး ရန်ကုန်မြို့မှာနေကြကြောင်း၊ အိမ်ကို ကားဝိုင်ယာရိန်းဆိုင်အဖြစ် ငှားရမ်းထားကြောင်း စတာတွေကို ပြောကြားသိရှိလိုက်ရတယ်။ ဒါပြင် ဆိုင်ရဲ့မျက်စောင်းထိုးနေရာမှာ မဟာမုနိဘုရားရှိကြောင်းနဲ့ ဘုရားဖူးပြီးရင် ရေပူစမ်းကိုသွားရောက်လည်ပတ်သင့်ကြောင်း ပြောပြကြတယ်။ ဆိုင်ရှင်ကျောင်းသူကလေးတွေရဲ့ အပြောကြောင့် လူစုံကြတဲ့အခါ မဟာမုနိဘုရားကို ဖူးကြမယ်၊ ပြီးရင်ရေပူစမ်းကိုသွားကြမယ်ဆိုပြီး စဉ်းစားဆုံးဖြတ်ထားလိုက်တယ်။

ထမင်းချဉ်နဲ့တိုဟူးသုပ်စားကြမယ်ဆိုတဲ့ ခရီးဖော်ကြီးတွေကလဲ ပြန်လည်ရောက်ရှိမလာသေးတာကြောင့် ဆိုင်ရှင်ကျောင်းသူတွေနဲ့ စကားပြောပြီးစောင့်ဆိုင်းနေရင်း ပြင်ဦးလွင်မြို့ကိုရောက်ဖူးလားလို့သူတို့ကိုမေးကြည့်တော့ရောက်ဖူးကြောင်းနဲ့ လင်းခေးမြို့ကနေ မနက်စောစောထွက်လာခဲ့ကြတာ ပြင်ဦးလွင်ကို နေမဝင်ခင်ရောက်ရှိလာကြကြောင်း သိလိုက်ရလို့ အံ့ဩသွားခဲ့ရတယ်။ သူတို့ပြောတဲ့ လင်းခေးမြို့ကနေ မနက်စောစောထွက်လာခဲ့ကြပြီး ပြင်ဦးလွင်ကိုနေမဝင်ခင် ရောက်တယ်ဆိုတာဖြစ်နိုင်ပါတယ်။ မိမိတို့အဖွဲ့ရဲ့ အခုခရီးစဉ်မှာ မနက်စောစောကတည်းက အိပ်ရာထခဲ့ကြရပြီး ခရီးဖော်တွေကို လှည့်ပတ်ကြိုနေရတာ၊ စောင့်ဆိုင်းနေရတာ၊ လူစုံပြန်တော့လဲ မနက်စာလက်ဖက်ရည်နဲ့မုန့်ကို စားသောက်ကြပြီးမှ ပြင်ဦးလွင်ကနေ မနက် ၆ နာရီကျော်၊ ၇ နာရီမှ ထွက်လာခဲ့ရတာပါ။ ဒီလိုအချိန်မှာ စတင်ထွက်ခွာလာခဲ့ကြပေမဲ့ လမ်းခရီးမှာ စားရင်းသောက်ရင်း၊ နားကြရင်းနဲ့ လွိုင်လင်မြို့ကို ညနေ ၄ နာရီမှာရောက်ရှိခဲ့ကြပါတယ်။ လွိုင်လင်-နမ့်စန် ၁၉ မိုင်ကျော်၊ နမ့်စန်-မိုးနဲ ၂၃ မိုင် ကျော်၊ မိုးနဲ-လင်းခေး ၂၂ မိုင် စုစုပေါင်း ၆၄ မိုင်ခရီးကို ဆက်လက်မောင်းနှင်လာခဲ့ကြမယ်ဆိုရင် လင်းခေးမြို့ရှိရာကို မိုးမချုပ်ခင်မှာ ရောက်ရှိလာနိုင်ပါတယ်။ ပြင်ဦးလွင်မြို့ကနေ စောစောထွက်လာခဲ့ကြမယ်ဆိုရင်လဲ ဒီထက်စောဖို့သာရှိနေပါတယ်။

ဆိုင်ရှင်ကျောင်းသူတွေနဲ့ စကားပြောဆိုနေကြရင်း ပိုမိုရင်းနှီးလာခဲ့ကြရသလို လက်ဆောင်အဖြစ်ယူဆောင်လာတဲ့ ပြင်ဦးလွင်ဒေသထွက်ကုန်တွေနဲ့ မိမိရေးသားထုတ်ဝေထားတဲ့ စာအုပ်တွေကို လက်ဆောင်ပေးတဲ့အခါ သူတို့လေးတွေကလဲ သံပရာနှစ်ခွက်ဖိုးကို မယူကြတော့တဲ့အပြင် သူတို့ဒေသထွက်ကုန်ဆိုပြီး လက်ဆောင်တွေပြန်လည်ပေးနေကြတယ်။ သူတို့ပေးတဲ့လက်ဆောင်တွေကို သေသေချာချာကြည့်လိုက်တော့ မိမိတို့ဒေသအခေါ် မန်ကျည်းတော်ဖီ(Toffee)ထုပ်လေးတွေ ဖြစ်နေပါတယ်။ လင်းခေးမြို့က သံပရာသီးနဲ့ မန်ကျည်းသီး အလွန်ပေါတယ်ဆိုတာ သေချာသွားပါပြီ။

မိမိတို့ခရီးဖော်အဖွဲ့တွေ လူစုံတာနဲ့ ဆိုင်ရှင်ကလေးတွေကိုနှုတ်ဆက်ပြီး မဟာမုနိဘုရားရှိရာကို ထွက်လာခဲ့ကြတယ်။ တကယ်တော့ လင်းခေးမြို့ဆိုတာက မိမိတို့ပြင်ဦးလွင်မြို့နဲ့ တစ်နေ့ခရီးသာရှိနေပြီး မြို့သူလေးတွေကလဲ စိတ်ရင်းစေတနာကောင်း၊ သဒ္ဓါမချို့ကြောင်း သိလိုက်ရပါတယ်။ အချိန်ရတုန်း၊ ရောက်တုန်းလေး မဟာမုနိဘုရားကို ဖူးမြော်လိုက်ကြပါအုံးမယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၇၃၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၇၃၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၆၃၂ ဧကစိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၃၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းမြို့နယ်အတွင်း နှမ်းဧက ၂၄၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းစိုက်ပျိုးသည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပန်းတနော်မြို့နယ် စံကျောင်းကျေးရွာ၌ ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်

**ပန်းတနော် ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ကဇင်းငူကျေးရွာအုပ်စု စံကျောင်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်း ဖွင့်ပွဲကို ဇွန် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းတွင်ပို့ချပေးမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသားများထံ သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းသို့ သင်တန်းသား ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် 110/125 မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်ခန်းစာများကို ကျွမ်းကျင်နည်းပြများက ဇွန် ၄ ရက်မှ ဇူလိုင် ၃ ရက်ထိ ရက်ပေါင်း ၃၀ ကြာ စာတွေ့လက်တွေ့များဖြင့် အခမဲ့ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးထံမှ သိရသည်။

ငြိမ်းသူ(စလင်း)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ အစီအစဉ်မကျမှုဝါဒများကြောင့် ကမ္ဘာတစ်ဝန်းသက်ရောက်မှုများ

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဘီလီယံပေါင်းများစွာကြွယ်ဝချမ်းသာသူမှ သမ္မတအဖြစ် ဒုတိယအကြိမ် တာဝန်ထမ်းဆောင်လာသူဖြစ်သည်။ ပို၍ထူးခြားသည်မှာ သမ္မတအဖြစ် ဆက်တိုက်နှစ်ကြိမ် တာဝန်ထမ်းဆောင်ရခြင်းမဟုတ်ဘဲ သက်တမ်းတစ်ခုခြားပြီးမှသာ ဒုတိယအကြိမ် ထမ်းဆောင်ခွင့်ရရှိခြင်းဖြစ်သည်။ ထို့ပြင် သမ္မတလောင်း သုံးကြိမ်ယှဉ်ပြိုင်မှုတွင် ဒုတိယအကြိမ် ယှဉ်ပြိုင်မှု၌ရှုံးနိမ့်မှုကြောင့် ပြိုင်ဘက်ဒီမိုကရက်တို့၏ အသေအကျေထိုးနှက်တိုက်ခိုက်မှုကိုလည်း တတိယအကြိမ် ယှဉ်ပြိုင်သည်ထိ ရင်ဆိုင်ခဲ့ရသည်။ တစ်ဖက်၌လည်း နိုင်ငံ၏ ရေရှည်ရင်ဆိုင်နေရသည့် ကုန်သွယ်ရေးရှုံးနိမ့်နေမှုကိုလည်း ပြန်လည်ကုစားရန်လိုအပ်နေသည်။ ထို့ကြောင့် ဒေါ်နယ်ထရန့်အနေဖြင့် အမှန်တကယ် သမ္မတအဖြစ် တစ်ဖန်ရွေးကောက်ခံရချိန်တွင် နိုင်ငံအတွက် အထောက်အကူဖြစ်စေပြီး ၎င်းအပေါ် ထိုးနှက်ခဲ့သည့် ကုန်သည်နှင့်စီးပွားရေးလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာအေဂျင်စီများကို ပြန်လည်သက်ရောက်မှုဖြစ်စေသည့် ပြည်တွင်းရေးတွင်သာမက ကမ္ဘာကိုကြိုတင်ချပြထားခြင်းမရှိသည့် မူဝါဒတချို့ကို လျှပ်တစ်ပြက်အကောင်အထည်ဖော်ခဲ့သည်။

**အထောက်အထားမဲ့နေထိုင်သူများကို ပြည်နှင်ဒဏ်ပေးခြင်း**

ကမ္ဘာပေါ်တွင် အမေရိကန်နိုင်ငံသည် ပြည်ပနိုင်ငံသားမျိုးစုံ ပြောင်းရွှေ့နေထိုင်မှုကို လက်ခံထားသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထိုသို့ လက်ခံထားရှိမှုကြောင့် အကျိုးအမြတ်များရရှိသကဲ့သို့ ထိခိုက်စေသည့် အချက်များလည်းရှိနေသည်။ အဓိကအားဖြင့် သိန်းနှင့်ချီသည့် အထောက်အထားမဲ့ နေထိုင်သူများ ပြန်လည်နှင်ထုတ်ရေးကို လုပ်ဆောင်လျက်ရှိသည်။ ပထမဆုံးအနေဖြင့် လစ်ဗျားနိုင်ငံသားများကို လေယာဉ်ဖြင့် တိုက်ရိုက်ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက်တွင် နေရပ်ပြန်ပို့မည့်သူများစာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။ လူအစုလိုက်အပြုံလိုက် ပြည်နှင်ဒဏ်ပေးရေးအစီအစဉ်ကို အရှိန်မြှင့်လုပ်ဆောင်နေချိန်တွင် အမေရိကန်နိုင်ငံသို့ တရားမဝင်ရောက်ရှိနေသော ရွှေ့ပြောင်းအခြေချသူများကို ၎င်းတို့၏ဆန္ဒအလျောက် နေရပ်ပြန်ရန် အမေရိကန်ဒေါ်လာ ၁၀၀၀ ပေးဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မေ ၅ ရက်တွင် ပြောကြားခဲ့သည်။

အမိမြေလုံခြုံရေးဌာနက ခရီးသွားအကူအညီအတွက်ပံ့ပိုးပေးလျက်ရှိပြီး CBP Home ဟုခေါ်သော Application ကိုအသုံးပြုသူများအနေဖြင့် အိမ်ပြန်ရန် စီစဉ်ထားကြောင်း အစိုးရကိုတင်ပြနိုင်သည်။ ထိုသို့တင်ပြသူများကို လူဝင်မှုကြီးကြပ်ရေးက ပြန်လည်စေလွှတ်ရေးလုပ်ငန်းစဉ်အတွက် ဦးစားပေးလုပ်ဆောင်ပေးမည်ဟုဆိုသည်။ အမေရိကန်သို့ တရားမဝင်ရောက်ရှိနေပါက မိမိကိုယ်တိုင်ပြန်ခြင်းသည် ဖမ်းဆီးခံရခြင်းမှ ကင်းဝေးစေမည်ဖြစ်သည်။ ၎င်းသည် အမေရိကန်နိုင်ငံမှထွက်ခွာရန်အကောင်းဆုံး၊ အလုံခြုံဆုံးနည်းလမ်းဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် အမေရိကန်သို့ တရားမဝင်သွားရောက်နေထိုင်သည့်သူများအတွက် သက်ဆိုင်ရာနိုင်ငံတချို့သည် ပြန်လည်ခေါ်ယူရေးအစီအစဉ်များကို အပူတပြင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

ရီပတ်ဘလီကန်အစိုးရက လူဝင်မှုကြီးကြပ်ရေးနှင့်အကောက်ခွန်ဌာနအတွက် အရင်းအမြစ်များ အမြောက်အမြားတိုးမြှင့်လာစေရန် ကွန်ဂရက်ကို တွန်းအားပေးနေချိန်တွင် နိုင်ငံအတွင်း တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို မိမိအစီအစဉ်ဖြင့် နေရပ်ပြန်ရန် တွန်းအားပေးနေခြင်းဖြစ်သည်။ ၎င်းသည် အမေရိကန်တွင် တရားမဝင်နေထိုင်သူများကို အရေးယူရန်ခြိမ်းခြောက်သည့်ရုပ်မြင်သံကြားကြော်ငြာများပြသခြင်း၊ လူဝင်မှုကြီးကြပ်ရေးက ဖမ်းဆီးခြင်းနှင့် ရွှေ့ပြောင်းနေထိုင်သူများကို အယ်လ်ဆာဗေးဒေါအကျဉ်းထောင်သို့ ပို့ဆောင်ခြင်းတို့ဖြင့် ပညာပေးလျက်ရှိသည်။ အထောက်အထားမဲ့ဝင်ရောက်သူများကို သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်စေလွှတ်ရေးတွင် အမေရိကန်၏အဓိကမိတ်ဖက် အိန္ဒိယကဲ့သို့သောနိုင်ငံမှ နိုင်ငံသားဦးရေ ၁၈၀၀၀ ကျော်လည်းပါဝင်နေသည်ကို တွေ့ရှိရသည်။

**ရုရှား-ယူကရိန်းပဋိပက္ခအဆုံးသတ်ရေးကြိုးပမ်းခြင်း**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ဒုတိယအကြိမ် သမ္မတတာဝန်ထမ်းဆောင်ခြင်းမပြုမီတွင် ရုရှား-ယူကရိန်းပဋိပက္ခ၌ ရုရှားကို ပဋိပက္ခဖန်တီးသူအဖြစ် စွပ်စွဲကြပြီး ပဋိပက္ခကို အဓိကဖန်တီးသူများမှာ အမေရိကန်နှင့် NATO အဖွဲ့ဖြစ်သည်ဟူသောအချက်ကို လက်ခံရန် ချီတုံချတုံဖြစ်နေခဲ့ကြသည်။ သမ္မတဒေါ်နယ်ထရန့်က ၎င်းပဋိပက္ခကို အဓိကဖန်တီးသူမှာ သမ္မတဂျိုးဘိုင်ဒင်ဖြစ်သည်ဟု အတိအလင်းစွပ်စွဲဖော်ပြခဲ့ရုံမက ယူကရိန်းပဋိပက္ခအတွက် ထောက်ပံ့မှုများကို ချက်ချင်းရပ်ဆိုင်းခဲ့သည်။ အမြဲတစေယှဉ်ပြိုင်မှုဖြစ်လျက်ရှိသည့် ရုရှားအနီးတွင် NATO မဟာမိတ်တပ်ဖွဲ့များတည်ရှိရေးကို အမေရိကန်က တိုးမြှင့်ကြိုးပမ်းနေခြင်းမှာလည်း ငြင်းဆို၍မရသည့် အချက်ဖြစ်သည်။

သို့သော်လည်း သမ္မတဒေါ်နယ်ထရန့်သည် ရုရှား-ယူကရိန်းပဋိပက္ခကို အမြန်ဆုံးအဆုံးသတ်စေမည်ဟု ရွေးကောက်ပွဲမဲဆွယ်စည်းရုံးစဉ်ကတည်းက ဦးစားပေးအဖြစ် ပြောကြားခဲ့သည်။ ထို့ကြောင့် ယူကရိန်းသမ္မတဇီလန်စကီးကို ကိုယ်တိုင်တွေ့ဆုံ၍ ဖျောင်းဖျခြင်း၊ ပဋိပက္ခရပ်တန့်စေမည့် ငြိမ်းချမ်းရေးနည်းလမ်းများရှာဖွေစေခြင်း၊ ရုရှားသမ္မတဗလာဒီမာပူတင်နှင့် တယ်လီဖုန်းပြောဆိုခြင်းများပြုလုပ်ခဲ့သည်။ ထို့ပြင် ဆော်ဒီအာရေဗျ၌ပင် ဆွေးနွေးပွဲပြုလုပ်စေခဲ့သည်။ သို့သော်လည်း ယူကရိန်းသမ္မတက အပစ်အခတ်ရပ်စဲရေးငြင်းဆိုမှုကြောင့် အမေရိကန်အနေဖြင့် ရုရှား-ယူကရိန်းငြိမ်းချမ်းရေးအတွက် အခန်းကဏ္ဍပြီးဆုံးပြီဟု သမ္မတ ဇီလန်စကီးကို ပြောကြားခဲ့သည်။ မေလတတိယပတ်အတွင်းက ရုရှားနှင့်ယူကရိန်းကြား အကျဉ်းသားလဲလှယ်မှုမှအပ သိသာထင်ရှားသည့် တိုးတက်မှုမရှိသည်ကိုတွေ့ရှိရသကဲ့သို့ ရုရှားသမ္မတပူတင်အပေါ် သမ္မတဒေါ်နယ်ထရန့်ကိုယ်တိုင်ဝေဖန်ပြောကြားထားမှုကြောင့် ငြိမ်းချမ်းရေးလမ်းစသည် အလှမ်းဝေးနေဆဲဖြစ်သည်။

**ကုန်သွယ်ခွန်သတ်မှတ်ခြင်း**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ဒုတိယသမ္မတသက်တမ်းအတွင်း အမေရိကန်သို့တင်သွင်းသည့် ကုန်ပစ္စည်းအားလုံးနီးပါးကို ထိခိုက်စေသည့် ပြင်းထန်သောအကာအကွယ် စည်းကြပ်ခွန်များ ဆက်တိုက်ပြဋ္ဌာန်းခဲ့သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလနှင့် ဧပြီလကြားတွင် ပျမ်းမျှထိရောက်သော အမေရိကန်အခွန်နှုန်းထားသည်၂ ဒသမ ၅ ရာခိုင်နှုန်းမှ ခန့်မှန်းခြေ ၂၇ ရာခိုင်နှုန်းထိ ရာစုနှစ်တစ်ခုကျော်အတွင်း အမြင့်ဆုံးအဆင့်ဖြစ်သည်။ ထရန့်သည် တရုတ်နှင့် ဆက်လက်ဖြစ်ပွားနေသော ကုန်သွယ်ရေးစစ်ပွဲကို အရှိန်မြှင့်ခဲ့ပြီး တရုတ်သွင်းကုန်များအပေါ်အခြေခံအကောက်ခွန် ၁၄၅ ရာခိုင်နှုန်းထိ တိုးမြှင့်ခဲ့သည်။ တရုတ်နိုင်ငံသည် လက်တုံ့ပြန်သည့်အနေဖြင့် အမေရိကန်ကုန်ပစ္စည်းများအပေါ် အနိမ့်ဆုံးအကောက်ခွန် ၁၂၅ ရာခိုင်နှုန်းချမှတ်ခဲ့ပြီး နည်းပညာမြင့်စက်မှုလုပ်ငန်းများအတွက် အရေးကြီးသောမြေရှားသတ္တုများတင်ပို့မှုကိုကန့်သတ်ခဲ့သည်။ ထရန့်သည် နှစ်နိုင်ငံလုံးမှကုန်ပစ္စည်းအများစုအပေါ် ၂၅ ရာခိုင်နှုန်း စည်းကြပ်ခွန်စည်းကြပ်မှုဖြင့် ကနေဒါနှင့်မက္ကဆီကိုတို့နှင့်လည်း ကုန်သွယ်ရေးစစ်ပွဲကို စတင်ခဲ့သည်။ နောက်ပိုင်းတွင် ထရန့်သည် နိုင်ငံအားလုံးမှ သံမဏိ၊ အလူမီနီယမ်၊ မော်တော်ကားများနှင့် မော်တော်ကားအစိတ်အပိုင်းများ တင်သွင်းမှုအပေါ် အခွန်၂၅ ရာခိုင်နှုန်း ထပ်တိုးခဲ့သည်။

ဧပြီ ၂ ရက်တွင် သမ္မတထရန့်သည် အမေရိကန်သွင်းကုန်အားလုံးအပေါ် အနိမ့်ဆုံး ၁၀ ရာခိုင်နှုန်းအခွန်စည်းကြပ်ရန်ကြေညာခဲ့ပြီး ဧပြီ ၅ ရက်မှစတင်ကာ နိုင်ငံပေါင်း ၅၇ နိုင်ငံမှ သွင်းကုန်များအပေါ်စည်းကြပ်ခွန်များ တိုးမြှင့်ကောက်ခံခဲ့သည်။ ဤအငြင်းပွားဖွယ်ရာများ၏ အပြန်အလှန်အကောက်ခွန်များဟု အမည်ပေးထားသည့်ကြေညာချက်သည် ကုန်သွယ်မှုလုပ်ဖော်ကိုင်ဖက်များထံမှ လက်တုံ့ပြန်မှုကို လှုံ့ဆော်ပေးခဲ့ပြီး စတော့ရှယ်ယာဈေးကွက်ပြိုလဲသွားခဲ့သည်။ သမ္မတထရန့်အစိုးရ၏ အပြန်အလှန်အကောက်ခွန်ဖော်မြူလာအရ ကုန်သွယ်မှုလိုငွေပြမှုသည် ရိုးရှင်းစွဲအန္တရာယ်ရှိပြီး ဖယ်ရှားရန်လိုအပ်သည်ဟုရှုမြင်ကြသည်။ ထို့ကြောင့် နိုင်ငံပေါင်း ၅၇ နိုင်ငံမှ သွင်းကုန်များအပေါ် စည်းကြပ်ခွန် ၁၁ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ တိုးမြှင့်ကောက်ခံခြင်းကို တရုတ်မှလွဲ၍ ကျန်နိုင်ငံအားလုံးအတွက် ရက်ပေါင်း ၉၀ ဆိုင်းငံ့ထားသည်။ အနိမ့်ဆုံးအကောက်ခွန် ၁၀ ရာခိုင်နှုန်းနှင့်၂၅ ရာခိုင်နှုန်းသည် ကဏ္ဍအလိုက်အသက်ဝင်ဆဲဖြစ်သည်။ အမေရိကန်ဖက်ဒရယ်တရားရုံးက သမ္မတထရန့်၏ စည်းကြပ်ခွန်တိုးမြှင့်ခြင်းသည် သမ္မတလုပ်ပိုင်ခွင့်ထက် ကျော်လွန်သည်ဟုဆိုကာ ပယ်ချခဲ့သည်။ ယခုအခါ ထရန့်အစိုးရ၏စွမ်းဆောင်ရည်အဖွဲ့အဖြစ် ခြောက်လသက်တမ်းဖြင့် ဦးစီးဆောင်ရွက်ခဲ့သော အီလွန်မတ်စ်သည် မေ ၂၈ ရက်တွင် နုတ်ထွက်သွားခဲ့သည်။ ၎င်းသည် ဇူလိုင် ၃ ရက်ထိ တာဝန်ထမ်းဆောင်ခွင့်ရှိရာမှ ၎င်းမတိုင်မီကြိုတင်နုတ်ထွက်သွားခြင်းဖြစ်သည်။ ထို့ကြောင့် စီးပွားရေးဆိုင်ရာ မူဝါဒအပြောင်းအလဲများ ဆက်လက်ထွက်ပေါ်လာဖွယ်ရှိနေသည်။




**မီးစတစ်ဖက်ရေမှုတ်တစ်ဖက်**

အမေရိကန်သည် အီရန်နျူကလီးယားအစီအစဉ်ရပ်တန့်ရေးအတွက် အကျပ်ကိုင်ဆွေးနွေးမှုကို ပြုလုပ်ခဲ့သည်။ အီရန်၏ ယူရေနီယံသန့်စင်ရေးအစီအစဉ်ကို ခြွင်းချက်မရှိရပ်တန့်စေပြီး တစ်ဖက်၌ အစ္စရေးတို့က အီရန်နျူကလီးယားတည်နေရာများကို တိုက်ခိုက်ရန် အသင့်ရှိမှုပုံစံဖြင့် ခြိမ်းခြောက်ထားသည်။ အီရန်နိုင်ငံက ဒေါ်နယ်ထရန့်၏ နှုတ်ကတိစကားများကို လက်ခံယုံကြည်တော့မည်မဟုတ်ဘဲ အခိုင်အမာသဘောတူညီချက်များဖြင့်သာ ဆွေးနွေးမည်ဖြစ်ကြောင်း တုံ့ပြန်ထားသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကို လိုလားသည်ဟု အကြိမ်ကြိမ်ပြောကြားထားသည့်တိုင် အစ္စရေးတို့အပေါ် စစ်လက်နက်ပစ္စည်းများ ဆက်လက်ထောက်ပံ့နေဆဲဖြစ်သည့်အပြင် မကြာသေးမီက သွားရောက်ခဲ့သည့် အရှေ့အလယ်ပိုင်းခရီးစဉ်တွင် အမေရိကန်ဒေါ်လာဘီလီယံရာနှင့်ချီသည့် စစ်လက်နက်ပစ္စည်းများ ရောင်းချပေးရေးကို အဆိုပြုခဲ့ကြောင်း တွေ့ရှိရသည်။ ထိုသို့ရောင်းချရန် အဆိုပြုမှုသည် ဒေသတွင်းရှိ ၎င်း၏မိတ်ဆွေနိုင်ငံဖြစ်သော အီရန်နှင့် တင်းမာမှုဖြစ်လာပါက ပဋိပက္ခကိုလှုံ့ဆော်မှုဖြစ်စေနိုင်သည်ကို တွေ့ရှိရသည်။


ခြုံ၍ဆိုရလျှင် သမ္မတဒေါ်နယ်ထရန့်သည် အမေရိကန်ကို ကမ္ဘာ့အင်အားအကြီးဆုံးနေရာမှ လက်လွှတ်ဆုံးရှုံးမှုမရှိစေရန် အဓိကဦးတည်လုပ်ဆောင်လာနေကြောင်း တွေ့ရှိရသည်။ အဓိကအားဖြင့် အမေရိကန်၏ ကုန်သွယ်ရေးလိုငွေနှစ်စဉ်အမေရိကန်ဒေါ်လာဘီလီယံ ၃၀၀ ကျော်ဖြစ်ပေါ်နေမှုကိုကာမိစေရန်နှင့် ဂျီဒီပီလိုငွေပြမှုကို ကာမိစေရန် အလျင်မြန်ဆုံး ထိရောက်စေမည့်နည်းလမ်းကို ရှာဖွေလုပ်ဆောင်နေကြောင်း တွေ့ရှိရသည်။ ကုန်သွယ်စည်းကြပ်ခွန်တိုးမြှင့်မှုတွင် အိန္ဒိယ၊ တောင်ကိုရီးယား၊ ဂျပန်ကဲ့သို့သော အဓိကမိတ်ဖက်နိုင်ငံများကိုပင် ခြွင်းချက်မရှိလုပ်ဆောင်ခဲ့ခြင်းကြောင့် ၎င်းနိုင်ငံများ၏တုံ့ပြန်မှုကို မလွဲမသွေရင်ဆိုင်ရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် သမ္မတဒေါ်နယ်ထရန့်၏ အစီအစဉ်မကျမှုဝါဒများသည် ပြည်တွင်းရှိ ဒီမိုကရက်တို့၏ ဝေဖန်ကန့်ကွက်မှုများကို ရင်ဆိုင်နေရခြင်းနှင့်အတူ အောင်မြင်မှုရရှိရန် မသေချာသော်လည်း ကမ္ဘာတစ်ဝန်း သက်ရောက်မှုများဖြစ်စေသောကြောင့် အမေရိကန်အစိုးရအပေါ် ယုံကြည်ကိုးစားမှုများ လျော့ပါးလာမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- President Donald J. Trump Declares National Emergency to Increase our Competitive Edge, Protect our Sovereignty, and Strengthen our National and Economic Security, whitehouse.gov, April 2025
- North Korea says US 'Golden Dome' missile defence system risks nuclear war in space, euronews.com, May 2025

မောင်ဝေလွမ်း(သုတေသီ)

# အနောက်တောင်ပစိဖိတ်ဒေသအတွင်း အဏ္ဏဝါအပူလှိုင်းများဖြစ်သန်းမှုကြောင့် သန္တာကျောက်တန်းများပျက်စီးကာ ရေခဲမြစ်များအရည်ပျော်လျက်ရှိ



**ဝါရှင်တန် ဇွန် ၅**

အနောက်တောင် ပစိဖိတ်ဒေသတွင် အဏ္ဏဝါအပူလှိုင်းများဖြစ်သန်းမှုကြောင့် သန္တာကျောက်တန်းများပျက်စီးကာ ရေခဲမြစ်များ အရည်ပျော်လျက်ရှိသည်ဟု အမေရိကန်အခြေစိုက် ကုလသမဂ္ဂမိုးလေဝသအဖွဲ့(WMO)က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင်လည်း အဏ္ဏဝါအပူလှိုင်းဖြစ်သန်းမှုများဖြစ်ပေါ်ကာ အပူချိန်များမြင့်တက်နေဆဲဖြစ်သောကြောင့် သန္တာကျောက်တန်းများ ထပ်မံပျက်စီးကာ ရေခဲမြစ်များအရည်ပျော်ခဲ့သည့်အပြင် သမုဒ္ဒရာအတွင်း နေထိုင်ကျက်စားသော အဏ္ဏဝါသတ္တဝါများလည်း သေကျေပျက်စီးပြီး မျိုးသုဉ်းလုနီးပါးဖြစ်လာကြောင်း WMO မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဘလိုင်ယာထရီဝင်က ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း အဏ္ဏဝါအပူလှိုင်းဖြစ်သန်းမှုကြောင့် မြင့်တက်လာသော သမုဒ္ဒရာတွင်းအပူချိန်သည် သမုဒ္ဒရာ၏ စတုရန်းကီလိုမီတာ သန်း ၄၀ ကို ထိခိုက်ပျက်စီးစေခဲ့ကြောင်း၊ ထိုသို့ သမုဒ္ဒရာအတွင်း အပူချိန်မြင့်တက်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံ၌ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ဆိုင်ကလုန်းမုန်တိုင်းများ ဖြစ်ပွားနိုင်သည်ဟု ကြိုတင်သတိပေးချက် ထုတ်ပြန်ထားသည့်အပြင် အင်ဒိုနီးရှားနိုင်ငံတွင်ရှိသော ရေခဲမြစ်များသည်လည်း အပူချိန်မြင့်တက်မှုကြောင့် ထက်ဝက်နီးပါး အရည်ပျော်ကျသွားခဲ့ရကာ ယခုနှုန်းအတိုင်း အပူချိန်များ ဆက်တိုက် မြင့်တက်နေပါက ၂၀၂၆ ခုနှစ်တွင် ရေခဲမြစ်များသည် လုံးဝပျောက်ကွယ်သွားနိုင်ဖွယ်ရှိကြောင်း ဂြိုဟ်တုအချက်အလက်များကို ကိုးကား၍ ကမ္ဘာ့မိုးလေဝသအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာ၌ ဖော်ပြထားသည်။

Ref : Sputnik News
Trs : KZ

# နိုင်ဂျီးရီးယားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုကြောင့် လူဦးရေ၁၀၀ ခန့် ပျောက်ဆုံးနေဆဲဖြစ်

**အဘူဂျာ ဇွန် ၅**

နိုင်ဂျီးရီးယားနိုင်ငံတွင် ရေလွှမ်းမိုးမှုကြောင့် လူဦးရေ ၁၀၀ ခန့် ပျောက်ဆုံးနေကြောင်း နိုင်ဂျီးရီးယားနိုင်ငံ အာဏာပိုင်များက ဇွန် ၄ ရက်တွင်ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လက်ရှိတွင် နိုင်ဂျီးရီးယားနိုင်ငံ၌ ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူအရေအတွက် ဦးရေ ၁၆၀ ထိ ရှိလာပြီး ပျောက်ဆုံးနေသူများရှိသည့်အတွက် သေဆုံးသူအရေအတွက် ထပ်မံတိုးလာမည်ကို နိုင်ငံအာဏာပိုင်များက စိုးရိမ်နေကြောင်း၊ ရေလွှမ်းမိုးမှုကြောင့် ထောင်နှင့်ချီသော နေအိမ်များ ရေလွှမ်းမိုးကာ ပျက်စီးခဲ့ရကြောင်း အမျိုးသားအရေးပေါ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့(NEMA) မှတာဝန်ရှိသူတစ်ဦးက ဇွန် ၄ ရက်တွင် ပြောကြားခဲ့သည်။

"လက်ရှိပျောက်ဆုံးနေသူတွေကို ရှာဖွေကယ်ဆယ်ဖို့ ဦးစားပေးလုပ်ဆောင်နေပါတယ်။ လူဦးရေထူထပ်ပြီး ရေလွှမ်းမိုးကာ မိလ္လာစနစ်တွေလဲ ပျက်စီးကုန်တဲ့အတွက် ရေအရင်းအမြစ်တွေ ညစ်ညမ်းကာ ကူးစက်ရောဂါဖြစ်ပွားနိုင်ခြေပိုများနေတဲ့အတွက် ဒေသခံပြည်သူတွေအနေနဲ့ ဂရုပြုဖို့လိုပါတယ်"ဟု NEMA မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ရှိအချိန်ထိ မိုးရွာသွန်းမှုမှာ ရပ်တန့်သွားခြင်းမရှိဘဲ ဆက်လက်၍ သည်းထန်စွာရွာသွန်းနေဆဲဖြစ်ပြီး ရေလွှမ်းမိုးမှုကြောင့် အဘူဂျာမြို့၏ အနောက်ဘက် ကီလိုမီတာ ၂၇၀ အကွာရှိ မော့ခဝါမြို့တွင်လည်း နေအိမ်များစွာပျက်စီးခဲ့ရသည့်အပြင် ပြည်နယ်၏ အဓိကရေနုတ်မြောင်းစနစ်လည်း ပျက်စီးနစ်မြုပ်ခဲ့ရကြောင်း၊ နိုင်ဂျီးရီးယားနိုင်ငံ ကြက်ခြေနီ၊ ရဲတပ်ဖွဲ့နှင့် တပ်မတော်တို့က ပုဂ္ဂလိကပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အမျိုးသားအရေးပေါ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့(NEMA) က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : KZ

# အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက်ပိုင်းပြည်နယ်များတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကြောင့် သေဆုံးသူ ၄၄ ဦးထိ မြင့်တက်လာ

**နယူးဒေလီ ဇွန် ၅**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက်ပိုင်းပြည်နယ်များတွင် ရေကြီးရေလျှံမှုနှင့်အတူ မြေပြိုကျမှုကြောင့် မေ ၃၀ ရက်မှ ဇွန် ၄ ရက်ထိ သေဆုံးသူ စုစုပေါင်း ၄၄ ဦးထိ မြင့်တက်လာခဲ့ကြောင်း အိန္ဒိယအရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။



ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရသည့် ဒေသများမှာ ဟိမဝန္တာတောင်အနီးရှိ ဒေသများ၊ အရှေ့နာချယ်ပရာဒေ့ရှ်ပြည်နယ်နှင့် အာသံပြည်နယ်အတွင်းရှိဒေသခံများဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်၊ မြေပြိုကျမှုတို့ဖြင့် ရင်ဆိုင်နေရသည့် ကျေးလက်ဒေသပေါင်း ၁၄၈၉ ဒေသထိရှိခဲ့ပြီး ဒေသခံလူဦးရေ ၆၇၁၃၁၆ ထိ ရှိနေပြီဖြစ်ကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသလို တပ်မတော်သားများကလည်း ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီပေးလျက်ရှိကြောင်း သိရသည်။

"ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုပြဿနာတွေနဲ့ ရင်ဆိုင်နေရတဲ့ပြည်သူတွေ အရမ်းများပါတယ်။ သေဆုံးသူမြင့်တက်နေသလို ပျောက်ဆုံးနေသူ ခြောက်ယောက်ထက်မနည်းရှိနေပါတယ်။ တပ်မတော်သားတွေ အနေနဲ့လဲ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို ကယ်ဆယ်ရေးဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးနေပါတယ်"ဟု တပ်မတော်အရာရှိကြီးတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ရေဧရိယာအတွင်းမှ ပလတ်စတစ်အမှိုက်များကို နာရီပိုင်းအတွင်း အရည်ပျော်သွားစေမည့် နည်းပညာကို ဂျပန်နိုင်ငံက ဖန်တီးနိုင်ခဲ့

**တိုကျို ဇွန် ၅**

ဂျပန်နိုင်ငံသည် ရေထုအရင်းအမြစ်များတွင် ပလတ်စတစ်အမှိုက်သရိုက်များကြောင့် ရေထုညစ်ညမ်းမှုဖြစ်ပေါ်စေသကဲ့သို့ ရေအောက်သတ္တဝါများ သေကျေပျက်စီးနေသည့်ပြဿနာကို ဖြေရှင်းရန်အတွက် နည်းပညာအကူအညီဖြင့် ဖြေရှင်းနိုင်ရန် ကြိုးပမ်းလာခဲ့ပြီး ပလတ်စတစ်အမှိုက်များကို ရေထုတွင် နာရီပိုင်းအတွင်းအရည်ပျော်သွားစေမည့် နည်းပညာအသစ်ကို ဖန်တီးနိုင်ခဲ့ပြီဖြစ်ကြောင်း RIKEN Center for Emergent Matter Science က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ နည်းပညာကို RIKEN Center for Emergent Matter Science မှ သုတေသီများနှင့် University of Tokyo မှ သုတေသီများ ပူးပေါင်းဖန်တီးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါနည်းပညာကို တိုကျိုမြို့အနီးရှိ ဝါကိုမြို့၏ ဓာတ်ခွဲခန်း၌ စမ်းသပ်ဖန်တီးခဲ့ခြင်းဖြစ်ပြီး ဓာတ်ခွဲခန်းတွင် ဖန်တီးထားသော နည်းပညာကို သရုပ်ပြစမ်းသပ်မှုအနေဖြင့် ဆားရည်များ ထည့်ထားသည့် ကွန်တိန်နာအတွင်း ပလတ်စတစ် အမှိုက်သရိုက်များ ထည့်ခဲ့ပြီး နာရီပိုင်းအတွင်း အရည်ပျော်ကာ ရေထုအတွင်း ပျောက်ကွယ်သွားကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို ဦးဆောင်ခဲ့သူ တာကူဇို နည်းပညာနှင့်ပတ်သက်ပြီး စီးပွားဖြစ်ဆောင်ရွက်ရေးနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ စီစဉ်ထားခြင်း မရှိသေးကြောင်း၊ UN Environment Programme ၏ ခန့်မှန်းချက်အရ ရေထုအတွင်း ပလတ်စတစ် အမှိုက်သရိုက်များသည် ၂၀၄၀ ပြည့်နှစ်အရောက်၌ လက်ရှိ ပျံ့နှံ့နေသောပမာဏထက် သုံးဆ မြင့်တက်လာနိုင်ကြောင်း ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# မေလအတွင်း ဥရောပတိုက်ရှိ နိုင်ငံပေါင်းထက်ဝက်ခန့်နှင့် မြေထဲပင်လယ်ဒေသများတွင် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရ

**ဘရပ်ဆဲလ် ဇွန် ၅**

ဘယ်လ်ဂျီယံနိုင်ငံ ဘရက်ဆဲလ်မြို့တွင် အခြေစိုက်သည့် European Drought Observatory (EDO) က ပြီးခဲ့သော မေလအတွင်း ဥရောပတိုက်ရှိ နိုင်ငံပေါင်းထက်ဝက်ခန့်နှင့် မြေထဲပင်လယ်ဒေသများတွင် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဥရောပသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်း တစ်ခုဖြစ်သော Copernicus Climate Change Service အဖွဲ့အစည်းကလည်း ကောင်းကင်ဂြိုဟ်တု အကူအညီဖြင့် မိုးခေါင်မှုအခြေအနေများကို စောင့်ကြည့်တိုင်းတာလျက်ရှိရာ မိုးရွာသွန်းမှု အခြေအနေများ၊ မြေဆီလွှာ၏ စိုထိုင်းစနှင့် စိုက်ပျိုးရေးနယ်မြေများကို ကောင်းကင်ဂြိုဟ်တုဓာတ်ပုံရိုက်ကူးပြီး နှစ်အလိုက် နှိုင်းယှဉ်တိုင်းတာမှုများ ပြုလုပ်လျက်ရှိကြောင်း၊ Copernicus Climate Change Service အဖွဲ့အစည်း၏ ကောင်းကင်ဓာတ်ပုံ နှိုင်းယှဉ်ချက်များတွင်လည်း မေ ၁၁ ရက်မှ မေ ၂၀ ရက်အတွင်း ဥရောပတိုက်ရှိ နိုင်ငံများ၏ မြေဆီလွှာစိုစွတ်မှုနှုန်း သိသိသာသာ လျော့ကျခဲ့သလို မြေထဲပင်လယ်ဒေသများတွင် စိုစွတ်မှုနှုန်းသိသာထင်ရှားစွာ လျော့ကျခဲ့ကြောင်း သိရသည်။

စိုစွတ်မှုနှုန်း သိသိသာသာ လျော့ကျနေသည့် နိုင်ငံများမှာ ဥရောပတိုက် မြောက်ဘက်ပိုင်း၊ အရှေ့ဘက်ပိုင်းနှင့် အလယ်ပိုင်းနိုင်ငံများဖြစ်ကြောင်း၊ မိုးခေါင်မှုနှင့်ဆက်စပ်ပြီး ကမ္ဘာ့အသီးသီး၌ ရိုက်ခတ်မှုများရှိခဲ့ပြီး မိုးခေါင်မှုကြောင့် ဥရောပတိုက်အတွင်း ကုန်ထုတ်လုပ်မှုအပိုင်း၌ ပုံမှန်ထက် ၁၅ ရာခိုင်နှုန်း ကျဆင်းခဲ့ရကြောင်း European Central Bank က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# စနေနေ့ညကစားမဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေထဲက တိုက်စစ်ကောင်းတဲ့ ဗင်နီဇွဲလားအသင်း၊ ဩစတြီးယားအသင်း၊ အယ်ဘေးနီးယားအသင်းတို့ကို ရွေးရမှာပါ

M L



လက်ရှိဥရောပအမှတ်ပေးပြိုင်ပွဲတွေ ပြီးဆုံးသွားပေမဲ့ ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေ ရှိနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်တွေကို အားပေးရအုံးမှာဖြစ်ပါတယ်။ အမှတ်ပေးပြိုင်ပွဲတွေ ပြီးဆုံးချိန်မှာ ကလပ်အသင်းတွေအနေနဲ့ ခြေစမ်းပွဲတွေကစားခဲ့တဲ့အပြင် လက်ရှိမှာလဲ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေ ထပ်မံကစားရတာကြောင့် အဓိကကစားသမားတွေဟာ လုံလောက်တဲ့ နားချိန်မရသေးတာကို သတိပြုရမှာပါ။ တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာတော့ ပြိုင်ပွဲပြီးဆုံးဖို့ လေးပွဲသာ ကျန်တော့တာကြောင့် ဝင်ခွင့်အတွက် အကြိတ်အနယ်ဖြစ်နေသလို ဥရောပဇုန်ခြေစစ်ပွဲတွေကလဲ အုပ်စု ပွဲစဉ်(၃) နဲ့ ပွဲစဉ်(၄) ကစားမှာဖြစ်လို့ ပြိုင်ဆိုင်မှုအားကောင်းလာမှာ သေချာပါတယ်။ ဒါကြောင့် စနေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက တိုက်စစ်ကစားပုံကောင်းပြီး ရမှတ်လိုအပ်ချက်ရှိနေတဲ့ အသင်းကိုရွေးရမှာပါ။

**ဗင်နီဇွဲလားအသင်းကိုရွေးရမှာပါ**

တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ အကြိုက်တွေ့တာကတော့ ဗင်နီဇွဲလားအသင်းနဲ့ ဘိုလီဗီးယားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗင်နီဇွဲလားအသင်းဟာ ခြေစစ်ပွဲ ၁၄ ပွဲကစားပြီးချိန်မှာ သုံးပွဲနိုင်၊ ခြောက်ပွဲသရေ၊ ငါးပွဲရှုံးရလဒ်ကြောင့် ရမှတ် ၁၅ မှတ်သာရရှိခဲ့ပြီး အဆင့်(၇) နေရာရောက်ရှိနေလို့ တိုက်ရိုက်ဝင်ခွင့်ရဖို့ ရုန်းကန်နေရတာကို တွေ့ရမှာပါ။ လက်ရှိ တောင်အမေရိကဇုန်မှာ ကမ္ဘာ့ဖလားတိုက်ရိုက်ဝင်ခွင့်ခြောက်နေရာရှိမှာဖြစ်ပြီး အဆင့်(၇) အသင်းကတော့ ခြေစစ်ပွဲအောင်ဖို့ play-off ထပ်မံကစားရမှာဖြစ်ပါတယ်။ ဗင်နီဇွဲလားအသင်းကတော့ အဆင့် (၇) မှာရပ်တည်နေပေမဲ့ အဆင့် (၆) က ကိုလံဘီယာအသင်းနဲ့ ရမှတ်ငါးမှတ်သာကွာဟနေတာဖြစ်လို့ အခုပွဲကို အနိုင်ရရင် ရမှတ်လျှော့ချနိုင်မှာဖြစ်လို့ နိုင်ပွဲရဖို့ပြင်ဆင်လာမှာပါ။ ဗင်နီဇွဲလားအသင်းဟာ ကစားသမားစုဖွဲ့မှု အားနည်းတယ်ဆိုပေမဲ့ ပြိုင်ဘက် ဘိုလီဗီးယားထက်သာနေသလို အိမ်ကွင်းကစားပုံကလဲ အသင်းကြီးတွေကိုတောင် ဖိအားပေးကစားနိုင်တာကို တွေ့ရမှာပါ။ ခြေစစ်ပွဲအဆင့် နောက်ဆုံး အိမ်ကွင်းလေးပွဲဆက်မှာတော့ ပီရူးအသင်းကိုတစ်ဂိုးဂိုးမရှိ၊ ဘရာဇီး အသင်းကို တစ်ဂိုးစီသရေ၊ အာဂျင်တီးနားအသင်းကို တစ်ဂိုးစီသရေ၊ ဥရုဂွေးအသင်းကို တစ်ဂိုးစီသရေ ကစားနိုင်ခဲ့တဲ့ ခြေစွမ်းပိုင်းတွေက အားရစရာကောင်းပါတယ်။

ဘိုလီဗီးယားအသင်းကတော့ ခြေစစ်ပွဲ ၁၄ ပွဲအပြီးမှာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ ရှစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၄ မှတ်ရထားတာကြောင့် အဆင့်(၈) မှာ ရပ်တည်နေပြီး ဗင်နီဇွဲလားအသင်းနဲ့ ရမှတ်တစ်မှတ်သာ ကွာဟနေတာကို တွေ့ရမှာပါ။ ဘိုလီဗီးယားအသင်းဟာ ဥရောပထိပ်သီး အသင်းတွေမှာ ကစားနေတဲ့ ကစားသမားနည်းပါးပြီး ခံစစ်ကစားပုံကလဲ အားနည်းချက်ရှိနေတာကြောင့် အခုပြိုင်ပွဲမှာ ပေးဂိုးအများဆုံးအသင်း အဖြစ်ရပ်တည်နေတာဖြစ်ပါတယ်။ အထူးသဖြင့် အဝေးကွင်းပွဲစဉ်တွေမှာ ပေးဂိုးများနေခဲ့ပြီး နောက်ဆုံးအဝေးကွင်း ငါးပွဲဆက်မှာ ခံစစ်ပိုင်းက ၁၉ ဂိုးထိခွင့်ပြုခဲ့ရသလို တိုက်စစ်ကလဲ နှစ်ဂိုးသာရခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ အဝေးကွင်းမှာ ပြိုင်ဘက်ရဲ့ ကစားပုံကိုလိုက်ပြီး ခံစစ်အားပြုကစားနေပေမဲ့ စုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်းအားနည်းမှုတွေရှိနေလို့ ရလဒ်ကျဆင်းနေတာဖြစ်ပါတယ်။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာ ဗင်နီဇွဲလားကအသာရနေသလို တိုက်စစ်ပိုင်းမှာလဲ အိမ်ကွင်း ကစားအားကောင်းတဲ့ ဗင်နီဇွဲလားပဲသာနေတာကြောင့် ဗင်နီဇွဲလား အသင်းကိုပဲရွေးရမှာပါ။

**ဗင်နီဇွဲလားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗင်နီဇွဲလား | ၁ | - | ၁ | ဘရာဇီး |
| ချီလီ | ၄ | - | ၂ | ဗင်နီဇွဲလား |
| အမေရိကန် | ၃ | - | ၁ | ဗင်နီဇွဲလား |
| အီကွေဒေါ် | ၂ | - | ၁ | ဗင်နီဇွဲလား |
| ဗင်နီဇွဲလား | ၁ | - | ၀ | ပီရူး |

**ဘိုလီဗီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အာဂျင်တီးနား | ၆ | - | ၀ | ဘိုလီဗီးယား |
| အီကွေဒေါ် | ၄ | - | ၀ | ဘိုလီဗီးယား |
| ဘိုလီဗီးယား | ၂ | - | ၂ | ပါရာဂွေး |
| ပီရူး | ၃ | - | ၁ | ဘိုလီဗီးယား |
| ဘိုလီဗီးယား | ၀ | - | ၀ | ဥရုဂွေး |

**ဩစတြီးယားအသင်းရလဒ်ကောင်းမှာပါ**

ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ အကြိုက်တွေ့တာကတော့ ဩစတြီးယားအသင်းနဲ့ ရိုမေးနီးယားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဩစတြီးယားအသင်းဟာ ခြေစစ်ပွဲအုပ်စု (h) မှာ ဘော့ဇနီးယား၊ ရိုမေးနီးယား၊ ဆိုက်ပရက်၊ ဆန်မာရီနို အသင်းတို့နဲ့ ကစားရမှာဖြစ်လို့ အုပ်စုချောင်တယ်လို့ ဆိုရမှာပါ။ ဒီအုပ်စုမှာ ရိုမေးနီးယားကလွဲရင် ကျန်အသင်းတွေဟာဩစတြီးယားနဲ့ ယှဉ်ရင်ကမ္ဘာ့အဆင့်သတ်မှတ်ချက် ကြီးမားနေတာကို တွေ့ရမှာပါ။ အခုအုပ်စုမှာ ကျန်အသင်းတွေက အဖွင့်ပွဲစဉ်နှစ်ပွဲကစားပြီးပေမဲ့ ဩစတြီးယားကတော့ အခုပွဲစဉ်မှသာ အဖွင့်ပွဲကစားရမှာဖြစ်လို့ ရမှတ်မရသေးဘဲ အုပ်စုအဆင့် (၄) မှာရှိနေတာဖြစ်ပါတယ်။ လက်ရှိမှာ ဘော့ဇနီးယားအသင်းက ရမှတ်ခြောက်မှတ်နဲ့ အဆင့်(၁)၊ ရိုမေးနီးယားက အဆင့်(၂)၊ ဆိုက်ပရက်က အဆင့်(၃)၊ ဆန်မာရီနိုကရမှတ်မရသေးဘဲအဆင့်(၆) မှာရပ်တည်နေတာကိုတွေ့ရမှာပါ။ ဩစတြီးယားအသင်းဟာ ဥရောပထိပ်သီးကစားသမားတွေဖြစ်တဲ့ ဒန်ဆို၊ လိုင်မာ၊ ဆာဘစ်ဇာ၊ ဝမ်မာ၊ အန်နာတိုဗစ် တို့နဲ့ စုဖွဲ့ထားသလို နည်းပြကလဲ နိုင်ငံအသင်းတွေကို အောင်မြင်မှုရယူပေးနိုင်ခဲ့တဲ့ ရန်းဂ်နစ်ဖြစ်တာကြောင့် အခုပွဲစဉ်မှာ ရိုမေးနီးယားလို အဝေးကွင်းအားနည်းတဲ့အသင်းကို ဖိအားပေးနိုင်မှာပါ။

ရိုမေးနီးယားအသင်းဟာ အခုအုပ်စုမှာ ဒုတိယအကောင်းဆုံးအသင်းဖြစ်ပေမဲ့အဖွင့်ပွဲစဉ်မှာ ဘော့ဇနီးယားအသင်းကို တစ်ဂိုးဂိုးမရှိနဲ့ရှုံးခဲ့တဲ့ ခြေစွမ်းပိုင်းက သတိထားရမှာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ဥရောပကလပ်အသင်းငယ်တွေက ကစားသမားတွေနဲ့သာ စုဖွဲ့ထားတာကြောင့် စုဖွဲ့မှုမှာ ဩစတြီးယားကို ယှဉ်လို့မရတာကို တွေ့ရမှာပါ။ သူတို့အသင်းနည်းပြကတော့ တိုက်စစ်အားသန်ပေမဲ့ အသင်းရဲ့ တိုက်စစ်ပိုင်းက ခြေစွမ်းကောင်းတဲ့ အသင်းတွေဆို ဂိုးရဖို့ရုန်းကန်နေခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ ခြေစစ်ပွဲနှစ်ပွဲအပြီးမှာ နိုင်ပွဲတစ်ပွဲသာရခဲ့ပြီး အနိုင်ရခဲ့တာကလဲ အဖြည့်ခံအသင်းဖြစ်တဲ့ ဆန်မာရီနိုအသင်းကိုသာ အနိုင်ရခဲ့တာကို သတိပြုရမှာပါ။ ရိုမေးနီးယားဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ခုနစ်ကြိမ်သာ ဝင်ခွင့်ရခဲ့ပြီး ၁၉၉၈ ခုနှစ်နောက်ပိုင်းမှာ တစ်ကြိမ်မှ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း မရှိပါဘူး။ သူတို့အသင်းဟာ ဩစတြီးယားနဲ့ယှဉ်ရင် ခြေစစ်ပွဲမှာ အတွေ့အကြုံပိုင်းအားနည်းသလို လက်ရှိခြေစွမ်းပိုင်းကလဲ ဩစတြီးယား အသင်းကို ယှဉ်မရတာကြောင့် ဩစတြီးယားအသင်းပဲရလဒ် ကောင်းမှာပါ။

**ဩစတြီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဩစတြီးယား | ၅ | - | ၁ | နော်ဝေ |
| ကာဇက်စတန် | ၀ | - | ၂ | ဩစတြီးယား |
| ဩစတြီးယား | ၁ | - | ၁ | ဆလိုဗေးနီးယား |
| ဩစတြီးယား | ၁ | - | ၁ | ဆားဘီးယား |
| ဆားဘီးယား | ၂ | - | ၀ | ဩစတြီးယား |

**ရိုမေးနီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လစ်သူရေးနီးယား | ၁ | - | ၂ | ရိုမေးနီးယား |
| ရိုမေးနီးယား | ၃ | - | ၀ | ကိုဆိုဗို |
| ရိုမေးနီးယား | ၄ | - | ၁ | ဆိုက်ပရက် |
| ရိုမေးနီးယား | ၀ | - | ၁ | ဘော့ဇနီးယား |
| ဆန်မာရီနို | ၁ | - | ၅ | ရိုမေးနီးယာ |

**အယ်ဘေးနီးယားနဲ့လက်တွဲရမှာပါ**

ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့တာကတော့ အယ်ဘေးနီးယားအသင်းနဲ့ ဆားဘီးယားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆားဘီးယားအသင်းဟာ အုပ်စု (k) မှာ အင်္ဂလန်အသင်း၊လက်ဗီးယား၊ဆားဘီးယား၊အန်ဒိုရာအသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ပိုင်းနှစ်တွေမှာ ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် ဥရောပဇုန်မှာ ရလဒ်တွေ ကောင်းခဲ့ပြီး ကမ္ဘာ့အဆင့်သတ်မှတ်ချက် မြင့်တက်လာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပွဲစဉ်နှစ်ပွဲမှာတော့ အင်္ဂလန်အသင်းကို နှစ်ဂိုးဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပေမဲ့ အန်ဒိုရာအသင်းနဲ့ ပွဲစဉ်ကို သုံးဂိုးဂိုးမရှိနဲ့ အိမ်ကွင်းမှာ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ထိပ်သီးကစားသမားတွေဖြစ်တဲ့ တိုက်စစ်မှူးဘရိုဂျာ၊ ကွင်းလယ်ကစားသမား အက်လန်နီတို့ပါဝင်ပြီး ဥရောပထိပ်သီးကလပ်က ကစားသမားတွေနဲ့ စုဖွဲ့ထားတာဖြစ်ပါတယ်။ အယ်ဘေးနီးယားအသင်းဟာ နည်းပြဆေဗင်ဟိုလက်ထက်မှာ အသင်းလိုက် ကစားအားပိုကောင်းလာတာကြောင့် ခြေရည်တူအသင်းတွေဆို ဖိအားပေးကစားနိုင်တာဖြစ်လို့ ဆားဘီးယားအသင်းလို ခြေစွမ်းကျဆင်းနေတဲ့ အသင်းကိုတော့ အိမ်ကွင်းမှာ ထိန်းချုပ်နိုင်ဖို့များပါတယ်။

ဆားဘီးယားအသင်းဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ သမိုင်းမှာ ဆီးမီးဖိုင်နယ်အဆင့်နှစ်ကြိမ်တက်ရောက်နိုင်ခဲ့ပြီး နောက်ဆုံးကစားခဲ့တဲ့ နှစ်ကြိမ်ဆက်တိုက် ခြေစစ်ပွဲအောင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိကစားသမားစုဖွဲ့မှုကလဲ ဗလာဟိုဗစ်၊ ဂျိုဗစ်၊ မက်ထရိုဗစ်၊ ဆူကစ်၊ ပါဗလိုဗစ်၊ မီလန်ကိုဗစ်တို့လို ကစားသမားတွေရှိတာကြောင့် အယ်ဘေးနီးယားထက် သာနေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ ကစားသမားတွေအနေနဲ့ နည်းပြရဲ့ လိုအပ်ချက်အတိုင်း မကစားနိုင်သေးတာကြောင့် အဝေးကွင်းပွဲစဉ်တွေမှာတော့ ရလဒ်ဆိုးရွားခဲ့ပြီး နောက်ဆုံးအဝေးကွင်း ခြောက်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့တာကို သတိပြုရမှာပါ။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု နှစ်ကြိမ်မှာတော့ တစ်ပွဲစီ နိုင်ပွဲရထားခဲ့ပြီး လက်ရှိမှာ ဆားဘီးယားအသင်းက အဝေးကွင်းတိုက်စစ်ကစားပုံကျဆင်းနေသလို အယ်ဘေးနီးယားအသင်းက အိမ်ကွင်းကစားအားကောင်းနေတာဖြစ်ပါတယ်။ အကျောပေးမှုကလဲ ခြေစွမ်းပိုင်းသာနေတဲ့ ဆားဘီးယားအသင်းက အယ်ဘေးနီးယားကို ခပ်ပါးပါးပဲ အကျောပေးတာကိုကြည့်ရင် အခုပွဲမှာအိမ်ရှင်အယ်ဘေးနီးယားအသင်း အနိမ့်ဆုံးရမှတ်ခွဲယူဖို့ သေချာနေလို့ အယ်ဘေးနီးယားနဲ့ပဲ လက်တွဲရမှာပါ။

**အယ်ဘေးနီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျော်ဂျီယာ | ၀ | - | ၁ | အယ်ဘေးနီးယား |
| အယ်ဘေးနီးယား | ၀ | - | ၀ | ချက် |
| အယ်ဘေးနီးယား | ၁ | - | ၂ | ယူကရိန်း |
| အင်္ဂလန် | ၂ | - | ၀ | အယ်ဘေးနီးယား |
| အယ်ဘေးနီးယား | ၃ | - | ၀ | အန်ဒိုရာ |

**ဆားဘီးယားအသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပိန် | ၃ | - | ၀ | ဆားဘီးယား |
| ဆွစ်ဇာလန် | ၁ | - | ၁ | ဆားဘီးယား |
| ဆားဘီးယား | ၀ | - | ၀ | ဒိန်းမတ် |
| ဩစတြီးယား | ၁ | - | ၁ | ဆားဘီးယား |
| ဆားဘီးယား | ၂ | - | ၀ | ဩစတြီးယား |










“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှုက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

### ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ ပန်းပဲတန်းရပ်ကွက်၊ အမက(၇)၊ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်သန့်ဇင်၏ ဖခင်အမည်မှန်မှာ မွေးဖွားစာရင်းအရ ဦးသန်းဇော်ဦးဖြစ်ပါကြောင်း။

ဦးသန်းဇော်ဦး(၅/စကန(နိုင်)၂၆၉၉၉၃)

### အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘို အခြေခံပညာမူလတန်း(လွန်)ကျောင်း Grade-2 တွင် ပညာသင်ကြားနေသော (ဘ) ဦးမြင့်အောင်၏သမီး မနန်းဆုရတီအောင်အား မနန်းဆုရဒီအောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မနန်းဆုရဒီအောင်

### အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့၊ မြတ်စေတနာကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-4 တွင် ပညာသင်ကြားနေသော မောင်ပိုင်စူးရှအောင်၏အမည်မှန်မှာ မောင်ပိုင်စူးရှ ဖြစ်ပါကြောင်း။

မောင်ပိုင်စူးရှ

### အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်နေ ဦးညွန့်လွင်၏သား မောင်စွမ်းထက်အာကာလွင်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်စွမ်းထက်ဖြစ်ပါကြောင်း။

မောင်စွမ်းထက်(၉/အမဇ(နိုင်)၁၁၈၃၃၄)

**❖ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်ပေးနိုင်ရေး ပညာရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ကချင်ပြည်နယ် နောင်မွန်းမြို့နယ် နောင်မွန်း-ပန်နန်းဒင်သွား မေခမြစ်ကူး(လူကူး)ကြိုးတံတားပျက်စီးခဲ့မှုကို ပြန်လည်ပြုပြင်ပြီးစီး၊ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်များ ပို့ဆောင်



**နေပြည်တော် ဇွန် ၅**

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နောင်မွန်းမြို့နယ် နောင်မွန်း-ပန်နန်းဒင်သွား မေခမြစ်ကူး(လူကူး)ကြိုးတံတား အရှည်ပေ ၃၄၀၊ အကျယ် ခြောက်ပေသည် မေ ၃၁ ရက်တွင် မေခမြစ်ရေ အဆမတန်မြင့်တက်မှုကြောင့် မြစ်အတွင်း မျောပါသွားခဲ့သည်။ အဆိုပါ ပန်နန်းဒင် မေခမြစ်ကူး(လူကူး)ကြိုးတံတားပျက်စီးခဲ့မှုကို ဌာနဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြန်လည်ဆောက်လုပ်ခဲ့ရာ

**စာမျက်နှာ ၂၁ ကော်လံ ၁ ☆**

**နောင်မွန်းမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်၍ ပူတာအိုမြို့မှ စတင်ထွက်ခွာစဉ်။**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Golden Valley Warrior အမည်ခံ အကြမ်းဖက်အဖွဲ့မှ တရားခံများကို ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများကို အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင်အဆောက်အအုံများကို မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

မေ ၂၂ ရက် နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ရွှေနှင်းဆီလမ်းနှင့် ဝိဇ္ဇာလမ်းထောင့်နေ သံအမတ်ကြီး(ငြိမ်း) ဦးချိုထွန်းအောင်သည် နေအိမ်ရှေ့တွင် မြေးဖြစ်သူနှင့်အတူ လမ်းလျှောက်နေစဉ် (စိစစ်ဆဲ)ကျားနှစ်ဦးက

**စာမျက်နှာ ၂၂ ကော်လံ ၁ ❖**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

